www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | စာရေးသူ၏ ရည်ရွယ်ချက် | ..... | |
| ၁။ | မောင်ချစ် အားမငယ်တော့ပါ | ..... | ၁ |
| ၂။ | ပိတောက်နှစ်ပင် | ..... | ၁၂ |
| ၃။ | တိုးတိုးကိုချစ်လို့ | ..... | ၂၄ |
| ၄။ | ကြက်ချေးနံ့မွှေးမွှေး | ..... | ၃၂ |
| ၅။ | သူတို့လေးဦး | ..... | ၄၁ |
| ၆။ | လက်ရွေးစင် | ..... | ၅၅ |
| ၇။ | ညစ်မိုး | ..... | ၆၄ |
| ၈။ | ခြေပြတ်ကြီး အဘကျော် | ..... | ၈၄ |
| ၉။ | သတင်းစာပို့တဲ့ကောင်လေး | ..... | ၉၆ |
| ၁၀။ | ကျေးရူးရှင် | ..... | ၁၀၆ |
| ၁၁။ | လွမ်းမိပါသည် | ..... | ၁၂၅ |




www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ ရည်ရွယ်ချက်

စာတစ်ပိုဒ်၊ ကဗျာတစ်ပါဒကို ဖတ်ပြီးဆိုကတည်းက စာရေးသူ၏ အာဘော်၊ ရည်ရွယ်ချက်နှင့် စေတနာကို ထင်မြင်လာအောင် ဖတ်ရပေလိမ့်မည်။ ဤသို့ဆိုလျှင် စာရေးသူ၏ ရည်ရွယ်ချက်ကို သေချာစေ့ငု သိရှိနိုင်ပါမည်လော။ ရင်တွင်း စေတနာ အပြည့်အစုံ အစစ်အမှန်ကို မပြောပြဘဲ မည်သူမျှ မသိနိုင်။ ဖတ်မိသောစာတွင် စာရေးသူ၏ အာဘော်၊ ရည်ရွယ်ချက်နှင့် စေတနာကို သူပေါ်လွင်အောင် ရေးဖွဲ့နိုင်သရွေ့ သိနိုင်သော်လည်း အခြေအနေအချိန်အခါအရ မြှုပ်ထားမှုများကို မဖော်ထုတ်နိုင်။ အားလုံးအပြည့်အစုံကို စာရေးသူမှသာလျှင် သိနိုင်ပေလိမ့်မည်။ ဤသို့သိရှိနိုင်ရန် အချို့စာရေးသူတို့သည် မိမိရည်ရွယ်ချက်ကို တစ်ခါတည်း ဖော်ပြထားတတ်ကြသည်။ အချို့မှာမူ နှစ်အတန်ကြာကာ အကြောင်းသင့်လာမှ ရေးသားတတ်ကြသည်။ အချို့မှာမူ မိမိရည်ရွယ်ချက်ကို တစ်ပါးသူက ရေးသားလာမှ ထပ်မံဖြည့်စွက်ခြင်း၊ အတည်ပြုခြင်းဖြင့် ဖော်ပြတတ်သည်။

မည်သို့ပင်ဖြစ်စေ ရည်ရွယ်ချက်ကို သိလာရသောအခါ ဖတ်ရသည့်စာမှာ ပို၍ပို၍ ဖတ်ကောင်းလာသည်။ ပို၍ ရုပ်လုံးကြွလာသည်။ ပို၍ အသက်ဝင်လာသည်။ စာရေးသူ၏ ရင်တွင်းခံစားမှုနှင့် စေတနာကို စာနာတတ်လာသည်။ မိမိဖတ်စဉ်က ရရှိထားသော ဖောက်ထွင်းမြင်နိုင်သမျှသော စာရေး[illegible] ခံစားချက်ကို အဖြေညှိရသည်မှာ ပျော်စရာကောင်း[illegible]

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ယခုစာစုသည်လည်း စာရေးသူအနေဖြင့် ကလေးငယ်တို့ မိမိပတ်ဝန်းကျင်ကို လေ့လာတတ်လာစေရန်၊ အချင်းချင်း စာနာကြင်နာတတ်လာစေရန်၊ သဘာဝ၏ဖြစ်တည်မှုကို အခြေခံမျှသဘောပေါက်လာစေရန်သာမက အားတက်စရာ၊ ဝမ်းနည်းစရာ ကောင်းမှု၊ ပျော်ရွှင်မြူးတူးစရာဖြစ်မှု စသည့် ဖြေဖျော်ရေးအဆင့်ကို အနည်းဆုံးခံစားတတ်လာစေရန် ရည်ရွယ်ပါသည်။

ဤစာစုဖြင့် မိဘနှစ်ပါးကို အထူးမြှုလျက် ခင်ပွန်းကြီးဆယ်ပါးကို ရှိခိုးကန်တော့ပါ၏။ ။



www.burmeseclassic.com

www.burmeseclassic.com

## မောင်ချစ် အားမငယ်တော့ပါ

ယနေ့ အခြေခံပညာမူလတန်း အောင်စာရင်းတွေ ထွက်သည်။

အောင်သူပြုံး၍ ရှုံးသူများ မှိုင်နေကြသည်။ အမက (-) ကျောင်းဝင်းထဲတွင် ကျောင်းသား၊ ကျောင်းသူများ အောင်စာရင်းကို တိုးဝှေ့ကြည့်နေကြသည်။ တစ်ဦးနှင့်တစ်ဦး စကားပြောသံများ၊ နောက်ပြောင်သံများ၊ ငိုညည်းသံများနှင့် ဆူညံနေသည်။

မောင်ချစ် စာမေးပွဲအောင်ပါသည်။ အခြားသူတို့ စာမေးပွဲအောင်လျှင်မူ ကျိန်းသေပျော်ရွှင်ကြပေလိမ့်မည်။

သို့သော် မောင်ချစ်မပျော်နိုင်ပါ။ စာမေးပွဲအောင်သော်လည်း ကျောင်းဆက်တက်ရမည်မဟုတ်။ မောင်ချစ် စတုတ္ထတန်းကို အောင်မြင်သော်လည်း ပဉ္စမတန်းသို့ ဆက်တက်ဖို့ မဖြစ်နိုင်။ ညီအစ်ကိုမောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်သောကြောင့် အိမ်၏စီးပွားရေး အခြေအနေအရ မောင်ချစ် မိဘကို ကူညီလုပ်ကိုင်ပေးရဦးမည်။ ထို့အပြင် ညီလေးနှစ်ဦးနှင့် ညီမလေးတို့ ကျောင်းတက်နိုင်ရန် တတ်နိုင်သရွေ့ ထောက်ပံ့ရဦးမည်။ သည်နှစ် ညီအကြီးက တတိယတန်း တက်ရမည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပထမတန်း တက်ရမည်။ ညီမလေးက ငယ်သေးသည်။ သို့သော် မိသားစုစားဝတ်နေရေးအတွက် မောင်ချစ် ဝိုင်းကူရတော့မည် ဖြစ်သည်။

မောင်ချစ်တို့ မိသားစု ဆင်းရဲသည်။ မောင်ချစ်အဖေသည် ရပ်ကွက်ထဲတွင် ကျပမ်းအလုပ်သမားဖြစ်သည်။ အမေသည်လည်း အရပ်ထဲတွင် အဝတ်လျှော်သောအလုပ်ကို လုပ်ရသည်။

ရပ်ကွက်ထဲတွင် အိမ်ဆောက်စရာရှိလျှင် အဖေ့ကို ခေါ်ကြသည်။ တဲပြင်စရာရှိလျှင် အဖေဝိုင်းလုပ်သည်။ တစ်ခါတစ်ရံ အိုင်ပက်၍ ငါးရှာစရာလိုလျှင် အဖေဝိုင်းကူသည်။ သယ်စရာပိုးစရာရှိလျှင် အဖေ့ကို သတိရကြသည်။ ထို့အပြင် ရံဖန်ရံခါ အဖေရေထမ်းရောင်းပါသည်။

မောင်ချစ်အဖေသည် ပညာမတတ်ပါ။ စာဖတ်တတ်ရုံမျှ ရှိသည်။ အဖေက သူပညာမတတ်သော်လည်း မောင်ချစ်ကို ပညာတတ်ကြီး ဖြစ်စေချင်သည်။ အတန်းထဲတွင် စာတော်သော မောင်ချစ်ကို ဆရာကလည်းချစ်သည်။ သို့သော် မောင်ချစ် ဆုံးဖြတ်ချက်ချထားပြီး ဖြစ်သည်။ အဖေနှင့် အမေတို့ ပင်ပန်းစွာ မိသားစုစားဝတ်နေရေး ဖြေရှင်းနေရသည်ကို မောင်ချစ် မကြည့်ရက်ပါ။

"သားကြီး၊ စာမေးပွဲအောင်တယ် မဟုတ်လား"

...အောင်စာရင်းကြည့်ပြီး အတွေးနှင့်လာသော မောင်ချစ်ကို ...ပန်းဖြင့် ရေထမ်းနှင့်လာသောအဖေက ကန့်ပေါင် ...မေးသည်။

www.burmeseclassic.com



"ဟုတ်ကဲ့၊ အောင်ပါတယ် အဖေ"

"အေး. . . ငါ့သား ဒီနှစ် ငါးတန်းတက်ပြီပေါ့ကွာ"

အဖေက ပြောပြောဆိုဆို ထွက်သွားသည်။ အဝတ်မပါ ရေထမ်းနှင့်ထွက်သွားသော အဖေ့ကျောပြင်ကို ငေးကြည့်ရင်း မောင်ချစ် တီးတိုးဆိုမိသည်။

"ငါးတန်းက ဘယ်တော့မှ တက်နိုင်မယ် မသိပါဘူး အဖေရာ"

အဖေသည် ခွေးသံတရွှဲရွှဲဖြင့် ဆက်လက်ထွက်သွားသည်။

ကျောင်းစရိတ်အတွက် ကုန်ကျမည့်ပိုက်ဆံကို ရှာ၍ မလွယ်မှန်း မောင်ချစ်သိသည်။ အိမ်မှာ အဖေနှင့်အမေတို့ တစ်နေ့စားစရိတ် တစ်နေ့ ဘယ်လိုဖြေရှင်းနေရသည်ကို မောင်ချစ်သိသည်။ သည့်အတွက် သူကျောင်းဆက်တက်ရန် ဝန်လေးနေမိခြင်းဖြစ်သည်။

ညရောက်သောအခါ မောင်ချစ်သည် သူစဉ်းစားထားသမျှ ကို အဖေနှင့်အမေအား ပြောပြသည်။ ကျောင်းတစ်နှစ်ထွက်ရန် ကို အဖေနှင့်အမေ လက်မခံကြ။ အတော်ကြာကြာပြောပြမှ အဖေနှင့်အမေ စိတ်မကောင်းစွာဖြင့် လက်ခံကြသည်။ မိဘကို သိတတ်သည့်သားကို ချီးမွမ်းကြသည်။ သို့သော် နောင်နှစ်တွင် ကျောင်းဆက်တက်ဖြစ်အောင်တက်ရန် ပြောကြသည်။

မောင်ချစ် ကျောင်းဆက်တက်ချင်ပါသည်။ ကျောင်းတက်ချင် သည်မှ သူအလွန်ဖြစ်ချင်သော အင်ဂျင်နီယာကြီး ဖြစ်[illegible] တက်ချင်သည်။ သို့သော် လက်ရှိအခြေအနေအ[illegible] ကျောင်းနှင့်တစ်နှစ် ဝေးရလေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်တို့နေထိုင်ရာ မြို့ကလေးက တောမကျ၊ မြို့မကျ ဒေသ။

ဤမြို့မှာ လယ်သမားများလည်း ရှိသည်။ ကုန်သည်ပွဲစားများလည်း ရှိသည်။ ချမ်းသာသူတို့ ရှိသလို မောင်ချစ်တို့လို ဆင်းရဲသူများလည်းရှိသည်။

ဆင်းရဲခြင်းကြောင့် မောင်ချစ်တို့လို ကျောင်းမနေနိုင်သူတွေလည်း ရှိသည်။ ပညာတစ်ပိုင်းတစ်စနှင့် မိဘကို ကူညီနေရသော ကလေးတွေလည်း ရှိသည်။ မောင်ချစ်ကတော့ ယခုနှစ်တစ်နှစ် ကျောင်းထွက်ထားကာ နောင်နှစ်မှဆက်တက်ရန် စဉ်းစားသည်။ ယခုတော့ မောင်ချစ်သည် လယ်သမားကြီး ဦးပေတိုး၏ နွား ၁၆ ကောင်ကို အခဖြင့် ကျောင်းဖို့ တာဝန်ယူထားသည်။ နွားကျောင်းခမှ ရငွေအချို့ကိုစုကာ နောင်နှစ်ကျောင်းစရိတ် အတွက် သုံးမည်ဖြစ်သည်။

နွားကျောင်းနေရသည်ဖြစ်၍ မည်သည့်နေရာတွင် စားကျက် ကောင်းကောင်းရှိသည်ကို မောင်ချစ်သိထားသည်။ အခြေခံပညာ အလယ်တန်းကျောင်းကလေး၏ နောက်ဖက်တွင် စားကျက် ကောင်းလေး ရှိသည်။ ထိုနေရာတွင် နွားများကြိုက်တတ်သော အရည်ရွှမ်း သီးပင်၊ စားပင်ကလေးများ ပေါက်သည်။ မိုးဦးကျ ဖြစ်သဖြင့် စိမ်းစိုသန့်စွမ်းကြသည်။



နွားများကို စားကျက်ထဲတွင် လွှတ်ထားပြီးလျှင် ကျောင်းနား သို့ရောက်သွားတတ်သည်။

းတက်ချိန်တွင် ကျောင်းဝင်းထဲ၌ မည်သူမျှမရှိ။

ကျောင်းသူကျောင်းသားများ စာသင်ယူနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ နေ့စဉ်နေ့တိုင်း မောင်ချစ်သည် ပြတင်းပေါက်မှ သူတို့စာသင်နေသည်ကို ငေးကြည့်နေမိသည်။ တကယ်ဆို သူလည်း ပဥ္စမတန်းတွင် တက်နေရပြီ။ မောင်ချစ် အခန်းထဲတွင် သူငယ်ချင်းဟောင်းများ စာသင်နေသည်ကို တွေ့နေရသည်။ သို့သော် မောင်ချစ် သူတို့ကို မခေါ်ရဲပါ။

နောင်နှစ်ဆို သူတို့က ဆဋ္ဌမတန်းသို့ ရောက်တော့မည်။ မိမိက ကျောင်းမှတက်ရပါမည်လားမသိ။ မောင်ချစ် ခဏခဏ တွေးမိသည်။

တဖြည်းဖြည်း ကျောင်းစာသင်ခန်းနားသို့ ဘယ်လိုရောက်သွားမှန်းမသိ။ မောင်ချစ်သည် ဆရာစာသင်နေသည်ကို ငေးကြည့်နေမိသည်။

☺ ☺ ☺

နေ့ခင်းပိုင်း ကျောင်းလွှတ်ပြီးလျှင် မောင်ချစ် ကျောင်းနားသို့ မသွားတော့။ ကျောင်းသားကြီးတွေက နောက်ကြပြောင်ကြသဖြင့် သူတို့ကိုကြောက်သည်။

များသောအားဖြင့် လယ်ကွင်းစပ်နှင့် စားကျက်ထဲတွင် မောင်ချစ် တစ်ယောက်တည်းရှိနေတတ်သည်။

ပျင်းလွန်းလှသဖြင့် စာသင်ခန်းမှာ နားထောင်ခဲ့သော ကျောင်းစာများကို မောင်ချစ် တစ်ဦးတည်းအော်ဆိုနေမိသည်။ ထိုအချိန်များတွင် နွားများက အေးဆေးစွာ မြက်ရှာစားနေကြသည်။

နွားကျောင်းချိန်တွင် မောင်ချစ်သည် အချိန်ရ
ကွင်းထဲတွင်ပေါက်နေသော ကန်စွန်းပင်များကို

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေ၍ ခူးထားသည်။ လယ်ပဒူများကိုလည်းရှာသည်။ နွံ့ဖြင့် အရုပ်ကလေးများလည်း လုပ်တတ်သည်။ လူသူကင်းဝေးရာ ကွင်းထဲတွင် သူ့ဘာသာတစ်ဦးတည်း ပျော်ရာကိုရှာရလေသည်။

နေချို၍ အိမ်ပြန်ချိန်သို့ရောက်ပြီဆိုလျှင် မောင်ချစ်လက်ထဲတွင် နှင်တံကတစ်ဖက်၊ ကန်စွန်းရွက်၊ လယ်ပဒူ၊ မှိုနတို၊ ဖားကပေါင် စသည့် တို့စရာများက တစ်ဖက်ဖြင့်ပြန်လာလေ့ရှိသည်။ ကန်စွန်းရွက်သည် ဟင်းမရှိသောနေ့တွင် မောင်ချစ်တို့မိသားစု၏ ညစာဖြစ်သွားတတ်သည်။ တစ်ခါတစ်ရံ ဒေါ်ညိုကြီး၏ဆိုင်တွင် သွားရောင်းကာ နံနက်အတွက် သုံးစရာပိုက်ဆံအပိုလေးငါးဆယ်ခန့် ရလာတတ်သည်။ တို့စရာများကမူ ညစာအတွက်သာ ဖြစ်လေသည်။

နွားကျောင်းခက တစ်လလျှင် မောင်ချစ် ကျပ်သုံးရာရသည်။ တစ်နေ့ တစ်ဆယ်နှုန်းဖြစ်သည်။ သုံးရာဆိုသော ပိုက်ဆံသည် မောင်ချစ်တို့မိသားစုအတွက် အလွန်များသော ပိုက်ဆံဖြစ်သည်။ အဖေရှာ၍ရသောဝင်ငွေနှင့် မောင်ချစ်ရသောငွေသည် ညီလေးများ ကျောင်းစရိတ်နှင့် အိမ်စားဝတ်နေရေးကို ယခင်ကထက် ပြေလည်စေသည်။ သို့သော် စုမိအောင်တော့မဟုတ်။ အမေ့ယခင်က သူများဆီမှ ချေးထားသော အကြွေးများကိုလည်း ဆပ်နိုင်သေးပါ။

ဤသို့ဖြင့် တစ်လပြီးတစ်လ ကုန်ဆုံးသွားသည်။

…ကျောင်းသားများပင် အတန်းတင်စာမေးပွဲ …ပါပြီ။ …မေးပွဲတွေ စစ်သည့်နေ့က မိမိဘဝကို …ဦးစားမိပြီး …ာင်ချစ် နွားကျောင်းရင်းငိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝကတော့ နွားကျောင်းရင်းပဲ အဆုံးသတ်တော့မယ်နဲ့ တူပါတယ်"

သူငယ်ချင်းများ စာမေးပွဲဖြေပြီးပြန်လာသောအခါ မောင်ချစ်က အဝေးမှသာ သူတို့ကို ငေးကြည့်နေမိသည်။

"ဟေး . . . မောင်ချစ်၊ နွားကျောင်းသားရေ ကောင်းဘွိုင်ရေ ကျောင်းမတက်တော့ဘူးလား"

အဝေးမှ သူငယ်ချင်းများက စကြ၊ ပြောင်ကြသည်။

မောင်ချစ် ရင်ထဲမကောင်းလှပါ။ ထို့ကြောင့် သူတို့နှင့် ဝေးရာကို ထွက်ခဲ့ပါသည်။ သို့သော်မရပါ။ ဘကြီးပေတိုး၏သား အောင်မြင့်သည် ဆဌမတန်းကို ဖြေဆိုထားသူဖြစ်သည်။ သူက မောင်ချစ်ကို အမြဲအနိုင်ကျင့်သည်။ ယခုလည်း မောင်ချစ် ကျောင်းမနေနိုင်သည်ကို တမင်လာပြောပြီး ရန်စသည်။

"ဟေ့ . . . မောင်ချစ်၊ မင်း ငါတို့နွားတွေ တစ်သက်လုံးသာ ကျောင်းနေပါတော့ကွာ၊ ငါဆရာဝန်ကြီးဖြစ်ရင် မင်းကို နွားတစ်ကောင် လက်ဆောင်ပေးမယ်"

အလုပ်ရှင်သားမို့ မောင်ချစ် ပြန်မပြောရဲပါ။ ခေါင်းငုံ့ခံနေရပါသည်။ အောင်မြင့်သည် မောင်ချစ်၏ခေါင်းကို အကြောင်းမဲ့ တစ်ချက်ရိုက်ပြီး ထွက်သွားပါသည်။

☺ ☺ ☺

နွေရာသီ ရောက်ပြီ။

မနှစ်ကလိုပင် သင်္ကြန်အပြီး နှစ်ဆန်း[illegible]င် အောင်စာရင်းတွေ ထွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်လည်း ယောင်လည်လည်ဖြင့် အောင်စာရင်းတွေ ကပ်သည်ဆို၍ ကျောင်းတွေဖက်ကို ရောက်သွားသည်။ အလယ်တန်းကျောင်းမှာကပ်သော ပဥ္စမတန်းအောင်စာရင်းတွင် မောင်ချစ်၏သူငယ်ချင်းဟောင်းများ တိုးဝှေ့ကြည့်နေကြသည်။ သူတို့အားလုံး အောင်စာရင်းကြည့်ပြီးသောအခါ ပြုံးပျော်နေကြသဖြင့် အောင်မှန်းသိလိုက်သည်။

"ဟေ့ကောင်. . . မောင်ချစ်၊ မင်း ဒီကိုဘာလာလုပ်တာလဲ၊ ဒီကျောင်းက မင်းနဲ့ဘာဆိုင်လဲ"

ရုတ်တရက် အောင်မြင့်ရောက်လာကာ မောင်းထုတ်သဖြင့် မောင်ချစ်ပြန်ထွက်လာရသည်။ မူလတန်းကျောင်းဘက် ရောက်လာသောအခါ ညီငယ်မောင်သစ်နှင့် မောင်ဝင်းတို့ စာမေးပွဲအောင်မြင်ကြောင်း သိရပြန်သည်။

ညီငယ်တို့ တစ်တန်းစီ တက်ကြပြန်ပြီ၊ ယခုနှစ်တွင် ညီမလေးက သူငယ်တန်းတက်မည်။ သူတို့ကျောင်းနေရန် ဦးစားပေးရမည်ဖြစ်၍ သည်တစ်နှစ်လည်း မောင်ချစ် ကျောင်းနေရန် မျှော်လင့်ချက် ဝေးရပြန်သည်။

စိတ်ပျက်စွာဖြင့် မောင်ချစ် ကန်ပေါင်ပေါ်တွင် ထိုင်နေမိသည်။

"ဟာ. . . မောင်ချစ်ပါလား၊ ဘာထိုင်လုပ်နေတာလဲ"

မောင်ချစ်၏ စတုတ္ထတန်းတုန်းက အတန်းပိုင်ဆရာသည် တ... အလာ မောင်ချစ်ကိုတွေ့ကာ မေးလေသည်။

". . . ဆရာ၊ ကျွန်တော် နွားတွေ ထိန်းကြည့်နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ဆရာ နားမလည်ချေ။

"ကျွန်တော် နွားကျောင်းနေတာပါဆရာ၊ မနှစ်က စာမေးပွဲအောင်ပေမဲ့ ညီလေးတွေ ကျောင်းဆက်တက်ဖို့ ကျွန်တော် ကျောင်းဆက်မတက်ဘဲ အခယူပြီး နွားကျောင်း နေတာပါ"

မောင်ချစ်က ရိုရိုသေသေ ပြန်ပြောသည်။

"ဖြစ်ရလေ တပည့်ရာ၊ မင်းနှယ် အတန်းထဲမှာလည်း စာတော်ရဲ့သားနဲ့"

ဆရာသည် မောင်ချစ်ခေါင်းကို လက်ဝါးဖြင့်ပွတ်ရင်း စိတ်မကောင်းစွာ ပြောသည်။ ဆရာသည် တစ်စုံတစ်ခုကို စဉ်းစားကာ မောင်ချစ်ကို ပြောသည်။

"ဒီလိုလုပ်ကွာ၊ မင်းညကျရင် ဆရာ့အိမ်လာခဲ့၊ ဆရာ မင်းကိုကူညီဖို့ မြို့နယ်ပညာရေးမှူးရုံးကို အခုသွားလိုက်ဦးမယ်၊ ညကျရင်သာ မမေ့နဲ့၊ ကြားလား . . . မောင်ချစ်"

ဆရာသည် မောင်ချစ်ကို စာတော်သဖြင့် အလွန်ချစ်သည်။

ထိုနေ့က နွားတွေသိမ်းပြီးသောအခါ အိမ်ပြန်၍ မောင်ချစ် ထမင်းစားသည်။ ထို့နောက် ဘာအကြောင်းမှန်းမသိ သော်လည်း ဆရာ့အိမ်ကို ညနေ ခြောက်နာရီခွဲခန့်တွင် ရောက်သွားသည်။

"လာဟေ့ . . . မောင်ချစ်၊ မင်းအတွက် ... တော့ ... ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ် နားမလည်။

"ဒီလိုကွ. . . မင်းနားလည်အောင်ပြောရရင် တို့နိုင်ငံတော် အစိုးရက ပညာရေးအဆင့်မြင့်ဖို့အတွက် အစီအစဉ်တွေ လုပ်နေတယ်။ အဲဒီအထဲမှာ မင်းတို့လို ကျောင်းနေချင်လျက်နဲ့ မနေနိုင်သူတွေကို သီးခြားအပြင်ဖြေပေါ့ကွာ၊ အဲသလို စာမေးပွဲ တွေ စစ်ပေးနေတယ်။ ဒီတော့. . . မင်း ဒီနွေမှာ ငါးတန်းဖြေပါ။ လိုတာတွေ ဆရာသင်ပေးမယ်။ စာအုပ်တွေကတော့ ငါးတန်း အောင်ထားတဲ့ သူငယ်ချင်းတွေဆီက ငှားပေါ့ကွာ။ မင်း ဆရာ့ကို ဓာတ်ပုံတော့ပေးထား၊ ဆရာ သက်ဆိုင်ရာမှာ စာရင်းသွားသွင်း ထားမယ်"

ထိုညက မောင်ချစ် အိပ်မပျော်ပါ။ သူ့မှာ စဉ်းစားစရာ တွေ အများကြီးရှိလာသည်။

အဖေတို့ အမေတို့ကို ပြောပြကာ မောင်ချစ် စာမေးပွဲ ဖြေရန် ခွင့်ပြုချက်ရထားသည်။

စာသင်ရာ ကာလတစ်လျှောက်လုံး ဆရာ့စေတနာ၊ မောင်ချစ်၏ကြိုးစားမှု၊ ရွာကျောင်းရင်း စာသင်ခန်းနားတွင် ဆရာများ စာသင်သည်ကို နေ့စဉ်သွား၍ နားထောင်ထားခဲ့မှုများ က မောင်ချစ်ကို များစွာအထောက်အပံ့ ဖြစ်စေသည်။

စာသင်ချိန်တစ်လတာမျှသော အချိန်တွင်း မောင်ချစ် အပြင်းအထန်ကြိုးစားရသည်။ စာမေးပွဲ အောင်လိုစိတ်က မ[illegible]ာင်ချစ် ပင်ပန်းသော်လည်း ပျော်ပါသည်။

[illegible]င်္ကြန် ညစဉ် ခုနစ်နာရီမှ ကိုးနာရီခွဲအထိ ဆရာ့

www.burmeseclassic.com


ထိုတွင် မောင်ချစ် ပညာသင်ရသည်။ နောက်တစ်နေ့တွင် နွားကျောင်းရင်း တစ်နေ့လုံး စာကျက်ရသည်။

စာမေးပွဲစစ်သည့် အချိန်ရောက်သောအခါ မောင်ချစ် စာတွေအကုန်လုံး ရနေပြီဖြစ်သည်။ စာမေးပွဲတွင်လည်း ချောမောစွာ ဖြေဆိုနိုင်ပါသည်။

အောင်စာရင်း မထွက်မီကာလအတွင်း မောင်ချစ်မှာ စာမေးပွဲအောင်ပါစေခြင်းငှာ ဆုတောင်းရသည်မှာ အကြိမ်ကြိမ်။

မကြာပါ။ အောင်စာရင်းထွက်ပါသည်။ စာမေးပွဲကို မောင်ချစ် ချောမောစွာ အောင်မြင်ပါသည်။ ယခုဆိုလျှင် နွားကျောင်းသားလေး မောင်ချစ်သည် ပဉ္စမတန်းကို သူများနည်းတူ အောင်မြင်ပါပြီ။

စာမေးပွဲအောင်ကြောင်း လာပြောသော ဆရာသည် သူ့တပည့်မောင်ချစ် အောင်သဖြင့် ပျော်နေပါသည်။ ထို့အတူ အဖေတို့ အမေတို့လည်း ပျော်နေပါသည်။

မောင်ချစ်လည်း ပျော်ပါသည်။ မိဘကို လုပ်ကျွေးရင်း တစ်တန်းတက်ရပြီဖြစ်၍ မောင်ချစ်အပျော်က အားလုံးတွင် ပို၍လေးနက်သည်။

မောင်ချစ်ဘဝ လမ်းပွင့်ပါပြီ။ ရှေ့ခရီး ဘယ်လိုဆက်ရမည်ကို မောင်ချစ်သိပြီ။ မောင်ချစ် အားမငယ်တော့ပါ။ ။

☺ ☺ ☺



www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်နှစ်ပင်

မောင်ဦးတို့နေသောနေရာသည် ရပ်ကွက်အသစ်တစ်ခု ဖြစ်သည်။ သူတို့ ဤနေရာကို သည်နှစ်မှ ပြောင်းလာခဲ့ကြသည်။

မြို့သစ်များ တိုးချဲ့ရာတွင် မောင်ဦးတို့ မြို့တွင်လည်း ရပ်ကွက်အသစ်များ တိုးချဲ့သည်။ အလျင်က မောင်ဦးတို့သည် အိမ်ငှားအဖြစ် မြို့ထဲတွင် ငှားနေကြသည်။ ယခု ရပ်ကွက်အသစ်တွင် ခြံဝယ်ကာ အိမ်ဆောက်ပြီးနေကြသည်။

မောင်ဦး မပျော်ပါ။

ယခုနေရာတွင် သူငယ်ချင်းကလည်း မရှိသေး။ နေ့ခင်းဆိုလျှင်လည်း လျှောက်ဆော့စရာ အရိပ်မရှိ။ ရပ်ကွက်တစ်ခုလုံး ဘာအရိပ်မျှမရှိ။ ကွင်းပြောင်ပြောင်တွင် နေစဖြစ်သောကြောင့် အိမ်များတွင် သစ်ပင်ရိပ်မရှိ။

နွေနေ့၏ ပူလောင်လောင်အချိန်တွင် နေ့လယ်စာစားပြီး မောင်ဦးသည် အိမ်အရိပ်တွင် ထိုင်နေသည်။ ပျင်းလွန်းသဖြင့် ဘာဆော့ရမည် မစဉ်းစားနိုင်။ ယခင်နေရာဟောင်းက သူငယ်ချင်းတွေဆီကို သွားဆော့ရမှာကလည်း ခရီးက အလှမ်းကြီး။ စာမေးပွဲဖြေထားသဖြင့် ကျောင်းပိတ်ထား ... စာကျက်ချင်၍ပင်မရ။



www.burmeseclassic.com

www.burmeseclassic.com


မောင်ဦး တတိယတန်းတွင် ဖြေထားသည်။ မောင်ဦး၏ အစ်မ မနှင်းက ပဥ္စမတန်းဖြေထားသည်။ သည်နှစ်အောင်စာရင်း ထွက်ပြီးလျှင် မြို့သစ် အမကနှင့် အထကတို့တွင် အသီးသီး ပြောင်း၍တက်ကြရတော့မည်။ လောလောဆယ် ဘာမျှ လုပ်စရာမရှိသဖြင့် မောင်ဦး ပျင်းလှသည်။

"အမေ၊ သကြီန်ကျဖို့ ဘယ်လောက်လိုသေးလဲဟင်"

"တစ်လလောက် လိုသေးတယ်. . . သားရဲ့"

"ဟင်း . . . ဒုက္ခပါပဲ"

သကြီန်ကျလျှင်တော့မှ ရေကို ဘယ်မှာဆော့ရပ့ါ။ မောင်ဦး စိတ်ညစ်သွားသည်။

သကြီန်မှာ ရေကိုတော့ ရပ်ကွက်ထဲက အစိုးရရေစက်မှာ မောင်းပေးထားသဖြင့် ရေသွားခပ်နိုင်သည်။ သည်လောက်နေပူပူ ကြီးမှာ သူတို့ရပ်ကွက်ထဲကို ဘယ်သူက ရေလာကစားပါ့မလဲ။ ပူပြင်းခြောက်သွေ့လှသော ရပ်ကွက်သစ်ကို ညှိသည်များ လာမည် မဟုတ်။

* * *

"ဟာ . . . အမေ ဈေးကပြန်လာပြီ၊ ပိတောက်ပန်းတွေ လည်း ပါတယ်။ ဘယ်ကဝယ်လာတာလဲ. . . မေကြီး"

မနှင်းက အမေ့ဆီ ပြေးသွားရင်း ပိတောက်ပန်းတွေယူကာ မေးလိုက်သည်။

"ဈေးထဲမှာရောင်းတယ်. . . သမီးရဲ့၊ ဓ[illegible]တွေ[illegible]ာ ဟယ်၊ အဲဒါတွေ ဘုရားတင်ဖို့လုပ်ထားသမီး"

www.burmeseclassic.com

www.burmeseclassic.com



အမေသည် ဟင်းချက်စရာများကို မီးဖိုချောင်သို့ သယ်သွားသည်။

"အင်း . . . ပိတောက်ပင် တစ်ပင်လောက်များရှိရင် ပိတောက်ပွင့်ချိန်ဆို ပိုက်ဆံခဲပဲ"

"ပိုက်ဆံခဲဆိုတာဘာလဲ. . . မေကြီး"

မောင်ဦးက နားမလည်၍ မေးသည်။

"ပိုက်ဆံအများကြီးရတာကိုပြောတာ. . . သားရဲ့"

"ပိတောက်က နွေမှာမှ ပွင့်တာလား"

"ပိတောက်ဖူးတွေက နွေကျမှ သင်္ကြန်မိုးရွာရင် မိုးရေရဲ့ အအေးဓာတ်နဲ့ ပွင့်တာသားရဲ့၊ နွေအခါမှာ ပန်းတွေကရှားတာရော၊ တစ်နှစ်မှ တစ်ခါပွင့်တဲ့ပန်းမို့ရော ဈေးကြီးပေးပြီးလည်း ဝယ်ကြတာပဲ. . . သားရဲ့"

"သားတို့ ဒီနေရာမှာ ပိတောက်ပင်စိုက်လို့ ရမလား မသိဘူးနော်"

"ခုချိန်တော့ နေပူသေးလို့ ရမယ်မထင်ဘူး. . . သားရဲ့၊ အင်း . . . ။ ဒီလောက်နေပူပြင်းတာ မိုးကျရင်တော့ သစ်ပင်တွေ စိုက်ကြမှပဲ"

"အမေ၊ အဲဒီအခါကျရင် ပိတောက်ပင်ပါ စိုက်ရအောင်နော်၊ ပိတောက်ပင်က ဘယ်လိုစိုက်ရတာလဲ. . . မေကြီး"

"အကိုင်းဖြတ်စိုက်လည်းရတယ်၊ အစေ့စိုက်လည်း ရတယ် သား"

. ပိတောက်ပင်တွေက အများကြီး၊ သမီးပန်းဖို့ ားလိုက်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မနှင်းက အိမ်ရှေ့ရောက်လာကာ အမေ့ကိုပြောသည်။

"အေး . . . အေး"

မောင်ဦးသည် အမေ့ဘေးမှ ထွက်လာပြီးနောက် အိမ်ရှေ့မှာထိုင်ကာ မနှင်းထားခဲ့သော ပိတောက်ရွက်များကို လိပ်၍ အသံမြည်အောင်မှုတ်ရင်း စဉ်းစားနေသည်။ အမေပြောသလို ပိတောက်ပင်စိုက်၍ နွေအခါ ပန်းတွေရလျှင် ပိုက်ဆံအများကြီး ရမည်။ အမေ့ကို သူပိုက်ဆံတွေ ပေးမည်ဟု စဉ်းစားသည်။

မိုးဦတုက တော်တော်နှင့် မရောက်သေးပါ။ မိုးရယ်မြန်မြန် ရွာပါတော့ဟုသာ မောင်ဦး ဆုတောင်းနေပါတော့သည်။

❀ ❀ ❀

မိုးရာသီရောက်ပြီ။

အဖေသည် အလျှင်နေတုန်းက ရပ်ကွက်ရှိ သူငယ်ချင်း၊ မိတ်ဆွေတွေထံမှ ပိတောက်ကိုင်းတွေ ခုတ်လာခဲ့သည်။ အခြား စိုက်ရန်အတွက် အုန်းပင်နှစ်ပင်၊ သရက်ပင်နှစ်ပင်၊ မာလကာပင် တစ်ပင်ပါ တောင်းလာခဲ့သည်။

သစ်ပင်တွေကို ခြံထဲမှာ စိုက်သောအခါ မောင်ဦးနှင့် မနှင်း တို့ ဝိုင်းကူစိုက်ကြသည်။ ပိတောက်ကိုင်းနှစ်ကိုင်းကို သူတစ်ပင်၊ ကိုယ်တစ်ပင် အပိုင်သတ်မှတ်သည်။ အုန်းပင်နှစ်ပင်လည်း ထို့အတူ၊ သရက်ပင်နှစ်ပင်လည်း ထိုနည်းလည်းကောင်း၊ မာလကာပင်က တစ်ပင်တည်းမို့ ခွဲမရနိုင်။ [illegible]င် နှစ်ဦးပိုင် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဒါဆို အဖေနဲ့ အမေဖို့ရော၊ ဒါတွေကို အဖေက သွားသယ်ခဲ့ရတာလေ"

အဖေက ရယ်ရင်းမေးသည်။

"အဖေတို့လည်း ပိုင်တာပေါ့အဖေရ၊ သားတို့က အသီးတွေ အပွင့်တွေရရင် ရောင်းပြီး မေကြီးကိုပဲပေးမှာပါ"

"ကောင်းပေါ့ကွာ၊ စိုက်တော့ ငါက၊ ရောင်းပြီးပိုက်ဆံရတော့ မင်းတို့အမေ၊ ပိုက်ဆံရဖို့တော့ နီးလာပါပြီ၊ ပိတောက်ပင်က နောက်နှစ်နှစ် သုံးနှစ်ဆိုပွင့်ပါပြီ၊ အုန်းပင်က နောက်ဆယ်နှစ်ဆို သီးနိုင်လောက်ပါရဲ့၊ သရက်ပင်ကတော့ ငါးနှစ်လောက်စောင့်ရမယ်၊ မာလကာပင်ကတော့ နှစ်နှစ်လောက်ဆို သီးနိုင်ပါတယ်၊ ပိုက်ဆံတွေကတော့ ရခါနီးပါပြီ၊ ဟား . . . ဟား . . . ဟား"

"အုန်းပင်က ဘာလို့ဒီလောက်ကြာမှသီးတာလဲ . . ဖေဖေ"

"သူ့သက်တမ်းက ရှည်တဲ့အမျိုးကိုး သမီးရဲ့၊ အုန်းပင်၊ ထန်းပင်ဆိုတာ သူ့ပင်စည် အမြင့်က လူတစ်ရပ်ကျော်လောက်မှာမှ သီးတာ၊ နဂဘာရီဆိုတာ တစ်မျိုးရှိသေးတယ်၊ အုန်းသီးက သေးသေးလေးပဲ၊ ဒါပေမဲ့ ခပ်နိမ့်နိမ့်မှာပဲသီးတယ်၊ ဒီမြို့မှာတော့ ရှာလို့မရခဲ့ဘူး . . . သမီးရဲ့"

❀ ❀ ❀

သစ်ပင်ကလေးများ ခြံထဲတွင် စိမ်းစိမ်းစိုစို ရှိနေသည်မှာ ကြ . . . လှသည်။

. . . မနက်မိုးလင်းတိုင်း သည်အပင်တွေကို အမြဲ . . . လောက်ကြီးလာပြီလဲဟု အမြဲစစ်ဆေးရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အမြန်ကြီးစေချင်ကာမှ သူတို့က အကြီးနှေးနေသည်။ အမြစ်မှ ပေါက်ရဲ့လားမသိ။

"အမေ. . . သရက်ပင်တွေက သေပြီလားမသိဘူးနော်၊ ယူလာခါစက အတိုင်းပဲ၊ အမြစ်မထွက်ဘူးလားမသိဘူး၊ နုတ်ကြည့်လိုက်ရမလားဟင်"

"ဟဲ့ဟဲ့. . . မလုပ်နဲ့၊ အဲဒါရှင်နေတာ၊ နုတ်လိုက်ရင် သေသွားလိမ့်မယ်၊ ဪ . . . ဒုက္ခပါပဲ၊ သေတယ်ဆိုတာက အရွက်တွေခြောက်ပြီးမှ သေတာ၊ အခုအရွက်တွေက အစိမ်းကြီး၊ သစ်ပင်တွေကို အမြစ်တွယ်ပြီလားလို့ နုတ်မကြည့်နဲ့နော်. . သား၊ အဲသလိုနုတ်ရင် အမြစ်တွေပြတ်ပြီး မြေကြီးထဲကရေကို မစုပ်ယူနိုင်ဘဲ သေသွားတတ်တယ်"

တော်ပါသေးရဲ့။ မနုတ်မိတာ။

သရက်ပင်နှစ်ပင်သည် စိုက်ပျိုးပြီး တစ်လကြာမှ အရွက်နုကလေးများ ထွက်လာသည်။ အရွက်နုညိုကလေးများသည် ရက်အနည်းငယ်အတွင်းပင် ဖားဖားလျားလျား ဖြစ်လာသည်။ မောင်ဦးပျော်မဆုံးတော့။ သရက်ရွက်နုကလေးများကို မထိရက် မကိုင်ရက်။ မကြာမီ အစိမ်းရောင်ပြောင်းကာ အရွက်မာကြီးများ ဖြစ်လာကြသည်။ ပိတောက်ပင်နှစ်ပင်ကမူ ရွက်နုတွေ ဝေနေအောင်ထွက်နေပြီ။ မာလာကာပင်ကလေးကတော့ အတက်မြန်သည်။ တစ်လတွင်း ရွက်နုကလေးများ လေးရွက်ထွက်ပြီးပြီ။

တဖြည်းဖြည်း ပိတောက်ပင်နှစ်ပင်သည် [illegible]

မောင်နှမထက် အရပ်မြင့်လာသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အကိုင်းတံ ရှည်သည်။ မိုးကုန်သောအခါ ပိတောက်ကိုင်းက အရွက်တွေ အုပ်အုပ်ကလေးဖြစ်လာသည်။ သရက်ပင်ကလေးကလည်း တိုးတက်လာသည်။ နောက်ထပ်အရွက်များ ထပ်ထွက်သည်။

မောင်နှမနှစ်ယောက် ကျောင်းကပြန်လာလျှင် သစ်ပင်နှစ်ပင်ကို ရေလောင်းရန် ရေစက်မှရေသွားဆွဲကြသည်။ ရေပုံးကလေးတွေနှင့် တစ်ယောက်တစ်ပုံးဆွဲပြီး သစ်ပင်များကို ရေလောင်းကြသည်။ နေ့စဉ် ရေမှန်မှန်လောင်းသည့်အကျိုးကြောင့် အပင်များသန်စွမ်းကြသည်။

သစ်ပင်တွေက နွေကာလတွင်လည်း ရေလောင်းရသည်။ နေပူသဖြင့် မနက်တစ်ခါ ညနေတစ်ခါ ရေလောင်းရသည်။

"အမေ. . . ဒီပိတောက်ပင်တွေက ဒီနှစ်ပွင့်မှာလားဟင်"

"ငယ်သေးတယ်သားရဲ့၊ နောက်တစ်နှစ်လောက် စောင့်ရဦးမယ်"

အမေ့ကိုမေးရင်း ပိတောက်ပင်များကို မောင်ဦး မော့ကြည့်နေသည်။ ပိတောက်ပင်နှစ်ပင်သည် အပွင့်သာမပွင့်သေးသည်။ မောင်ဦးတို့ အိမ်ရှေ့တွင် ကြီးမားစွာရှိနေပြီ။ အကိုင်းကြီးငါးကိုင်းစီဖြာထွက်နေကြသည်။ သစ်ပင်ရှားပါးသော မြို့ကွက်သစ်တွင် မောင်ဦးကို ပိတောက်ပင်နှစ်ပင်က ထင်ရှားလှသည်။ နွေခင်းဆို လ[illegible]စ်ပင်များသည် မောင်ဦးတို့ ကလေးများ၏ [illegible]က ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဦးရာ. . . ဒီနှစ်မိုးကျရင် မင်းတို့အပင်က ပိတောက်အကိုင်းတစ်ကိုင်းလောက် ငါ့ကိုပေးပါကွာ၊ ငါလည်းစိုက်ချင်လို့၊ တို့အိမ်မှာ ဘာအပင်မှ မရှိဘူးကွာ"

"အေး . . . ငါအဖေ့ကို ပြောကြည့်ဦးမယ်"

မောင်ပြုံးက မောင်ဦးဆီက ပိတောက်ကိုင်းတောင်းသောအခါ ဝင်းကြည်ကလည်း တောင်းသည်။ မဲလေးကလည်း တောင်းသည်။ ဟိုလူတောင်း သည်လူတောင်းနှင့် မောင်ဦး စိတ်မရှည်တော့ချေ။

"တော်ပြီကွာ၊ ဘယ်သူ့မှ မပေးတော့ဘူး၊ မင်းတို့အကုန်လုံးကိုပေးရင် ငါ့အပင်အကိုင်းတောင်ကျန်မှာ မဟုတ်ဘူး၊ မင်းတို့လိုချင်ရင် မင်းတို့အဖေတွေကို မြို့ထဲမှာ သွားခုတ်ခိုင်းကြ။ ငါ့အဖေလည်း အဲဒီလိုယူလာတာပဲ။"

"အဲသလိုတော့ မလုပ်ပါနဲ့ကွာ။ ငါက အရင်တောင်းတာပါ၊ ငါက တကယ်စိုက်မှာ၊ ငါ့ကိုတော့ပေးပါ"

"အေး . . . မိုးရာသီကျမှ တောင်းကြ။ ခုမတောင်းနဲ့"

သို့သော် မိုးဦးကျသောအခါ ပိတောက်ပင်ကြီးမှ အကိုင်းများကို အဖေကခုတ်ပြီး မောင်ဦး၏သူငယ်ချင်းများကို ဝေသည်။ ကလေးတွေ ပျော်သွားပြီး သူတို့အိမ်တွေမှာ သွားစိုက်သည်။ ပိတောက်ပင်ကို တစ်ကိုင်းထဲချန်ပြီး ခုတ်လိုက်သဖြင့် အပင်ကလေး သေမှာကို မောင်ဦးစိုးရိမ်သွားသည်။

"ဖေကြီးလုပ်တာနဲ့သားတို့အပင်ကလေး[illegible] မပွင့်ဘဲ နေတော့မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်မပွင့်တော့ နောက်နှစ်ပေါ့သားရယ်၊ သူတို့လည်း စိုက်ကြပါစေ၊ ဒါမှ အဖေတို့ရပ်ကွက်ကြီးအရိပ်ရမှာ၊ ပြီးတော့ ပိတောက်က အတက်မြန်ပါတယ်၊ မကြာခင်အညွန့်တွေ ပြန်ထွက်လာမှာပါသားရဲ့"

"အဖေက သစ်ပင်ခုတ်တာ တစ်ကိုင်းထဲချန်ထားတော့ ရယ်စရာကြီး ဟီး . . . ဟီး"

"အဲဒါ အကုန်မခုတ်ရဘူးသားရဲ့၊ နတ်နေကိုင်းချန်ရတယ်"

"နတ်နေကိုင်း၊ ဟုတ်လား၊ အဲဒါဘာလဲ ဖေဖေ"

မနှင်းက ဝင်မေးသည်။

"နတ်နေကိုင်းဆိုတာ ရှေးကအယူအဆအရ သစ်ပင်တွေမှာ နတ်တွေနေကြတယ်တဲ့၊ အကုန်ခုတ်ရင် သူတို့နေစရာမရှိဖြစ်မှာစိုးလို့ နေလို့ရအောင် တစ်ကိုင်းတော့ချန်ထားရတယ်၊ သိပ္ပံသဘောကတော့ အညွန့်ထွက်စရာ အကိုင်းချန်ရတာပေါ့ သမီးရယ်"

"အားလုံးခုတ်လိုက်ရင် ဘာဖြစ်မလဲ ဖေကြီး"

"အားလုံးခုတ်ရင် သေသွားနိုင်တယ်"

မကြာပါ။ ပိတောက်ပင်ကလေးက အရွက်များ ပြန်ထွက်လာသည်။ နွေဦးပေါက်ချိန်တွင် ပိတောက်ပင်ကြီးသည် ယခင်နှစ်ကထက်ကြီးလာသည်။ နှစ်ပင်စလုံး ပိတောက်အဖူးကလေးတွေ ဖူးနေကြပြီ။ သူတို့အကိုင်းကို ယူ၍စိုက်သောအိမ်များမှ ပိ... ...က်ကလေးတွေလည်း တော်တော်ကြီးကြပြီ။ ...ာင်ဦးတို့သရက်ပင်က မောင်ဦးအရပ်လောက် ...တော့ မကြာမကြာ စားနေရပြီ။

www.burmeseclassic.com

www.burmeseclassic.com



သကြိန်ကျဖို့ လေးငါးရက်သာလိုတော့သည်။

မောင်ဦးတို့သူငယ်ချင်းတွေ ပိတောက်ပင်ရိပ်တွင် ကစားကြရသည်။ သူတို့အားလုံး စတုတ္ထတန်းဖြေထားကြသည်။ သကြိန်ပြီးတွင် စာမေးပွဲအောင်စာရင်း ထွက်မည်။ အောင်ဖို့သေချာသည်။ အောင်စာရင်းထွက်ပြီးလျှင် ပဉ္စမတန်းမှာသင်မည့်စာတွေ ကြိုကျက်ရမှာဖြစ်၍ ယခုကတည်းက အားရအောင် ကစားထားကြသည်။ ပိတောက်ပင်ရိပ်ကလည်း ကလေးတွေဆော့၍ ကောင်းအောင် အရိပ်ကြီးကြီးမားမား ဖြစ်နေပြီ။

မောင်ဦးတို့ မနက်စာစားပြီးကတည်းက ကစားကြသည်မှာ နေ့စဉ် ညနေစောင်းတိုင်အောင် ဖြစ်သည်။ မိုးချုပ်မှ ကလေးအားလုံး အိမ်ပြန်ကြသည်။ ထိုအခါ မောင်နှမနှစ်ယောက် သစ်ပင်ရေလောင်းပြီး အိမ်ပေါ်တက်ကာ ထမင်းစားကြသည်။

ညမှောင်လာသဖြင့် စောစောအိပ်ကြသည်။ နွေကာလမို့ အိပ်ရာထဲရောက်သော်လည်း အပူရှိန်ကြောင့် အိပ်မရ။ သန်းခေါင်လောက်မှ မောင်ဦး အိပ်ပျော်သွားသည်။-

မနက်စောစော မလင်းမီအချိန်တွင် မိုးတဖြောက်ဖြောက်အသံ ကြားရသည်။ သကြိန်မိုးပင် ရွာနေပြီ။ မိုးသေသေချာချာ မလင်းသဖြင့် မောင်ဦးဆက်အိပ်လိုက်သည်။

တော်တော်ကြာသောအခါ တဒုတ်ဒုတ်[illegible] မောင်ဦးနိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ဖို့ ထသောအခါ အမေက ပိတောက်ပင်နှစ်ပင်၏ အကိုင်းများ ခုတ်နေသည်ကို တွေ့ရသည်။ ပိတောက်ပွင့်တွေက တစ်ပင်လုံး ဝေနေအောင်ပွင့်နေပြီ။

"ဟာ . . . ပိတောက်ပွင့်တွေ"

မောင်ဦး၏အပင်ရော၊ မနှင်း၏အပင်ပါ ဝါထိန်အောင် ပွင့်နေပြီ။ မနှင်းက အမေခုတ်ချထားသည့် အကိုင်းများကို လိုက်ကောက်နေသည်။ အမေက အနေတော်ပြန်ချိုးပြီး ပန်းခိုင်များပုံထားသည်။ ပိတောက်နှစ်ပင်မှ ပန်းတွေတစ်ပုံကြီး ရလိုက်သည်။

အမေက ပိတောက်ပန်းများကို အိမ်နီးနားချင်းများကို ဝေခိုင်းသဖြင့် မောင်ဦးတို့ မောင်နှမနှစ်ယောက် လိုက်ဝေရသည်။

"အမေ . . . ပိတောက်ပင်တွေ မရောင်းဘူးလား"

"ဒီနှစ်မှစပွင့်တာမို့ မရောင်းပါဘူးသားရယ်၊ ဦးဦးဖျားဖျားမို့ ဘုရားလည်းတင်၊ သူများကိုလည်း လှူရတယ်သားရဲ့"

ပိတောက်ရနံ့က ကြိုင်လှိုင်နေသည်။ လမ်းထဲမှ မိန်းကလေးများ မောင်ဦးတို့ပိတောက်ပန်းတွေပန်ထားကြသည်။ သူတို့အိမ်မှာ ဘုရားစင်များတွင်လည်း ပိတောက်တွေ ဝေနေရော့မည်။

ပိတောက်နှစ်ပင်ကတော့ အဖေခုတ်ထားသဖြင့် အကိုင်းကျိုးတိုးကျဲတဲ။ သို့သော် ကိစ္စမရှိ။ ရေကလည်း ပုံမှန်လောင်းနေ... အခုဆိုလျှင် ခြံထဲမှာ ပန်းပင်တွေအများကြီး။ ...ပည်း ပုံမှန်စားနေရသည်။ နောက်ထပ်လည်း ... သရက်ပင်တွေလည်း တော်တော်မြင့်လာ

www.burmeseclassic.com



ပြီး အိမ်၏နောက်ဖေးဘက်မှာ ငှက်ပျောပင်တွေလည်း စိုက်ထားသည်။ မိုးတွင်းကတည်းကစိုက်တာမို့ တော်တော်ကြီး နေပြီ။ အိမ်ခြေရင်းဘက်က မန်ကျည်းပင်ကလည်း ထွားလာ သည်။ သစ်ပင်တွေမှ အများကြီး။ နောက်တစ်နှစ်၊ နှစ်နှစ်ဆိုလျှင် သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ယခင်နေခဲ့သော မြို့ထဲက အိမ်လိုပြန်ဖြစ်လာပေတော့မည်။

အဓိကကတော့ ပီတောက်ပင်။ မောင်ဦးသည် ထိုပီတောက်ပင်ကို မော့ကြည့်လိုက်သည်။ ဓားဖြင့် ခုတ်ထား သော အကိုင်းများ၏ အဖျားပိုင်းများကို တွေ့ရသည်။ ခုနေတော့ အကိုင်းမြောက်ချက်များဖြင့် ပီတောက်ပင်ကြီး နာနေပေလိမ့်မည်။ သို့သော် မကြာသောအခါတွင် ပြန်လည်၍ အတက်များ ထွက်ကာ ကြီးပြင်းလာပေလိမ့်မည်။ ပီတောက်ပင်ကြီး မြန်မြန် ကြီးလာပါစေ။ သို့မှသာ ပီတောက်ရိပ်မှာ ကစားလျှင် နေမပူမှာ။ နွေကျလျှင်လည်း ပီတောက်ပန်းတွေ အများကြီးရမှာ။ ။

www.burmeseclassic.com

www.burmeseclassic.com

## တိုးတိုးကိုချစ်လို့

မောင်မွေး၊ လှထွေးနှင့် ဝင်းမြင့်တို့သည် အသက် ဆယ်နှစ် အရွယ် ကလေးသုံးယောက်ဖြစ်ကြသည်။

ရပ်ကွက်ထဲမှာ သည်သုံးယောက်ကို မသိသူမရှိ။ အဆော့ သန်သူများ၊ မျက်နှာပြောင်သူများ၊ ငယ်ရွယ်သူ ကလေးများကို ငိုအောင်စတတ်သူများ၊ ထိုသုံးယောက်ပေါင်းမိလျှင် အခြားသူ များကိုရန်စတတ်သဖြင့် နာမည်ကြီးကြသည်။ သူတို့မိဘများထံ တွင်လည်း မကြာခဏ အတိုင်ခံကြရသည်။

မိဘများက မကြာခဏ ရိုက်နှက်ဆုံးမသော်လည်း မောင်မွေးတို့ အချိုးမပြောင်း။ သောင်းကျန်းချင်တိုင်း သောင်းကျန်းကြသည်။

ကျောင်းမှာလည်း ဆရာမ၏အရိုက်ကို နေ့စဉ်ခံကြရသည် စာမတော်၍မဟုတ်။ ရန်ဖြစ်၍၊ စ၍၊ ပြောင်၍ အရိုက်ခံ ရသည်။

ကြာသောအခါ သူတို့မှာ အမည်သစ်တစ်ခု ရလာသည် ...မဟုတ်။ မျောက်သုံးကောင်ဟု အများက ခေါ်ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



မျောက်သုံးကောင် ဆိုလျှင် အားလုံးက ဝေးဝေးက ရှောင်ကြသည်။ သူတို့နှင့် မပတ်သက်ချင်ကြ။

ပထမတော့ လူထွေးတို့က သူတို့ကို အားလုံးက ကြောက်ကြသည်ဟုဆိုကာ ကိုယ့်ဘာသာကိုယ် အထင်ကြီးကြသည်။ အမှန်မှာ ကြောက်ခြင်းမဟုတ်။ သူတို့နှင့် ပတ်သက်လျှင် လူတကာအထင်သေးခံရမည်စိုးသဖြင့် သူတို့ကို မပေါင်းသင်းကြခြင်းဖြစ်သည်။ မျောက်သုံးကောင်ကတော့ အဟုတ်ကြီးမှတ်နေသည်။

"မောင်မွေး . . . ငါတို့သုံးယောက်ကို ဘယ်သူမှ စကားမပြောရဲကြဘူးကွ"

"အေးကွ. . . ဝင်းမြင့်ရေ ငါအနားရောက်သွားရင်တောင် စကားပြောနေရင် တိတ်သွားတာကွ။ ဟား . . . ဟား . . . ဟား . . ."

ဝင်းမြင့်တို့ပျော်နေကြသည်။

သူတို့သုံးယောက်စလုံး စတုတ္ထတန်းကျောင်းသားများဖြစ်ကြသည်။ စတုတ္ထတန်းသည် မူလတန်းကျောင်းမှာ အတန်းအမြင့်ဆုံးဖြစ်သည်။ ထို့ကြောင့် ကျောင်းသားကြီးများကို ကျောင်းအတွက်တစ်ခုခု လုပ်စရာရှိလျှင် ဆရာ၊ ဆရာမများက အားကိုးကြသည်။

"မနက်ဖြန် ဇူလိုင်လ သစ်ပင်စိုက်ပွဲလုပ်မယ်။ အဲဒါ မင်းတို့ ကိုယ့်အိမ်ကနေ သစ်ပင်ပန်းပင်တွေ ယူခဲ့ကြပါ။

ဆရာမက မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆရာမမှာလိုက်သည်ကို မျောက်သုံးကောင် အလေးမထားပါ။ ထို့ကြောင့် နောက်တစ်နေ့ ကျောင်းတက် သောအခါ ဆရာမမှာလိုက်သည်ကို မေ့သွားသဖြင့် သစ်ပင် ပန်းပင် ပါမလာကြချေ။ ကျောင်းနားရောက်၍ သူများတွေ သစ်ပင်ကလေးတွေ ပါလာသည်ကိုတွေ့မှ သတိရကြသည်၊ ဒုက္ခပါပဲ။ ကျောင်းတက်ချိန်ကလည်း ကပ်နေပြီ။ နောက်ဆုံးတွင် ကြံရာမရ ဖြစ်လာသောအခါ မျောက်သုံးကောင်သည် ကျောင်း နှင့်အနီးဆုံးအိမ်ဖြစ်သည့် ဦးမြကြီးအိမ်ရှေ့တွင် စိုက်ထားသော ကုက္ကိုပင်ကို ခြေကန်၍နုတ်ကြတော့သည်။

သစ်ပင်ကတော်တော်ကြီးနေပြီ။ လူကြီးလက်မလုံးလောက် ရှိနေပြီဖြစ်သဖြင့် တော်တော်နှင့်နုတ်မရချေ။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

အရေးထဲဦးမြကြီး၏ ခွေးကထွက်လိုက်သည်။ ခွေးကို တစ်ယောက်ကမောင်းရသည်။ ခွေးကတစ်ဖက်၊ သစ်ပင် နုတ်ရတာတစ်ဖက်နှင့် ဇောချွေးများပြန်လာကြသည်။

အတော်ကြာဆွဲနုတ်မှ ကုက္ကိုပင်က အမြစ်မှကျွတ်၍ ပါလာသည်။ ကျွတ်၍ပါလာသော်လည်း ပြဿနာကမအေး သေးပါ။ ဦးမြကြီးအိမ်ထဲမှ ထွက်လာသည်။

"ဟေ့. . . မျောက်သုံးကောင်၊ သူခိုးလေးတွေ၊ ငါစိုက်ထား တဲ့ အပင်ကိုခိုးကြတယ်၊ တယ်. . . ငါ၊ ဒီကောင်တွေကို လိုက်ရိုက်မှဖြစ်တော့မယ်"

ဦးမြကြီးက ပြောပြောဆိုဆို တုတ်ဆွဲ၍လိုက်သောအခါ သူတို့သုံးယောက် ဒရောသောပါး ပြေးကြရသည်။ လက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကုက္ကိုပင်ကိုဆွဲလာရသဖြင့် ဇရုတ်သုက္ခဖြစ်နေကြသည်။ ထို့နောက် ကျောင်းထဲသို့ မောကြီးပန်းကြီးဖြင့်ရောက်သွားသည်။

"ဆရာမ၊ ဒါ ကျွန်တော်တို့ သုံးယောက်စာအတွက် ကျောင်းမှာစိုက်ဖို့ ကုက္ကိုပင်ပါ"

ဆရာမက သစ်ပင်ကြီးတစ်ပင်ရသဖြင့် နောင်တွင် ကျောင်းဝင်းအတွင်း အရိပ်ရရန်အတွက် စဉ်းစားမိပြီး ဝမ်းသာသွားသည်။ သို့သော် မျောက်သုံးကောင်ကို မဝံ့မရဲဖြင့် သံသယဝင်နေသည်။ သံသယဝင်လျှင်လည်း ဝင်လောက်ပါသည်။ သူတို့သုံးယောက်သည် ဘယ်သောအခါမှ မှန်ကန်မှုမရှိကြသောကြောင့် ဖြစ်သည်။

မကြာပါ။ ဆရာမထံ ဦးမြကြီး ရောက်လာသည်။ လက်ထဲမှာတော့ တုတ်ပါမလာတော့ပါ။ ဦးမြကြီးသည် မျောက်သုံးကောင်၏လုပ်ရပ်ကို ဆရာမအား အကုန်အစင် တိုင်ကြားလေတော့သည်။

ဆရာမ အကြောင်းစုံသိသွားသောအခါ မျောက်သုံးကောင်ကို ခေါ်လေပြီ။

"မောင်မွှေး၊ ဝင်းမြင့်၊ လှထွေး အတန်းရှေ့ကိုလာစမ်း"

ဦးမြကြီးက ကျောင်းမှာစိုက်ဖို့မှန်း သိရသောအခါ ကျေအေးပြီး သူ့သစ်ပင်ကို ပြန်မတောင်းတော့ပါ။ ထို့နောက် သူ့အိမ်သို့ ပြန်သွားသည်။ မျောက်သုံးကောင်မှာသာ အတန်းရှေ့မှာ ထိုင်ထအခါငါးဆယ်စီ လုပ်ကြရလေသည်။

"သူများပစ္စည်းကို ပိုင်ရှင်မသိဘဲယူတာရယ်၊ ဆရာမလိုက်တာကို မလေးမစားလုပ်ပြီး ကိုယ့်ကိုယ်ပိုင် သစ်ပင်ပန်းပင်မပါဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနားရောက်မှ သူများအပင်ခိုးတာရယ်၊ ပြီးတော့ ဆရာမ ဆီမှာ ကိုယ်ပိုင်အပင်လိုလို လာပြီးပြောတာရယ်အတွက် ဒါဟာ အပြစ်ဒဏ်ပဲ"

ကျောင်းသူကျောင်းသားများ၏ လှောင်ပြောင်ရယ်မောသံ များကြားတွင် မျောက်သုံးကောင် အရှက်ရလေသည်။

မျောက်သုံးကောင် အပြစ်တွေက များလှလေသည်။ နေ့စဉ် အိမ်မှာသော်လည်းကောင်း၊ ကျောင်းမှာသော်လည်းကောင်း အရိုက်ခံနေရသော်လည်း အမှတ်မရှိ။ အပြစ်လုပ်သော အကြောင်းကလည်း ထပ်သည်မရှိ။ အမြဲ အသစ်အဆန်းချည်း သာ ဖြစ်လေသည်။

မိုးသည်းသော နေ့တစ်နေ့။

မျောက်သုံးကောင် ကွင်းစပ်တွင် ဘောလုံးကန်နေကြသည်။ ထိုနေ့သည် ကျောင်းပိတ်ရက်ဖြစ်သဖြင့် သူတို့စိတ်အေးလက်အေး ကစားနေနိုင်ခြင်းဖြစ်သည်။

အချိန်အတော်ကြာသောအခါ မောင်မွေးက အိုင်ပက်မည် ဟု ဆိုသည်။

"အိုင်ပက်တာတော့ ဟုတ်ပါပြီ၊ ဘယ်နေရာမှာ ပက်မှာလဲ"

မောင်မွေးက လမ်းထောင့်ချိုးမှာပက်မည်ဟု ဆိုပြန်သည်။

သုံးယောက်သား ပုဆိုးကွင်းသိုင်းကာ အိုင်ပက်ကြသည်။ တမံတုတ်ထားသဖြင့် ရေစီးရေလာရပ်သွားသည်။ သူတို့ သုံးယောက် တမံတုတ်ထားသည့် အတွင်းမှရေကို ပုံးတိတ်တစ်လုံး ဖြင့် ခပ်ထုတ်ကြသည်။ မိုးတွင်းအခါ ဖြစ်သဖြင့် ရေကများသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တမံမခံနိုင်။ ရေများ ပြန်စိမ့်ဝင်လာသည်။ ထို့အပြင် မိုးကလည်းဆက်၍ ရွာနေသေးသည်။ မျောက်သုံးကောင် အချိန် အတော်ကြာ အိုင်ပက်သော်လည်း ရေကမကုန်။

စင်စစ် ထိုနေရာတွင် ငါးကသိပ်မရှိပါ။ ကလေးသဘာဝ ငါးကလေးများကို ဖမ်းချင်စိတ်ကြောင့်သာ အိုင်ပက်ကြခြင်း ဖြစ်သည်။ အကယ်၍ အိုင်ပက်ပြီးရလာမည့် ငါးများမှာလည်း သူတို့တစ်ဦးဦး၏ မိသားစုတွင် ငါးပိဖျော်ရန်ပင်လောက်မည် မဟုတ်။

တစ်နာရီခန့်ကြာသောအခါ ရေကလည်းမကုန်။ မိုးကလည်း ရွာဆဲဖြစ်၍ သူတို့ စိတ်ပျက်လာကြသည်။

"တော်ပြီကွာ. . . ညောင်းလာပြီ. . . ချမ်းလည်းချမ်းလာပြီ၊ အိမ်ပြန်ကြမယ်"

သုံးဦးသားအိမ်ပြန်ရေချိုးကြသည်။ မိုးရွာထားသဖြင့် ရေတင်ကာ ခြံထဲတွင် ရေများဝပ်သည်။

မောင်မွေး အိမ်ပေါ်ရောက်တော့ လူကြီးတွေ ပျာယာခပ် နေကြသည်။

"အမေ. . . ဘာလုပ်နေကြတာလဲ. . . ဟင်"

"ဘာလာရှုပ်မလို့လဲ၊ အိမ်မှာ ဘာဖြစ်နေမှန်းမသိဘဲ တစ်နေကုန် လျှောက်ဆော့ပြီးမှ ပြန်လာ၊ ဟိုမှာ ညီလေးတိုးတိုး သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံပို့မလို့"

အမေက စိတ်မရှည်သဖြင့် မောင်မွေးကို ဆူသည်။

"သွေးလွန်တုပ်ကွေး"

www.burmeseclassic.com

www.burmeseclassic.com

## ကြက်ခေါ့နဲ့ဓမ္မးမွေး

ရွာသာယာသည် မြို့နှင့်ငါးမိုင်ခန့်ဝေးသော ကျေးရွာတစ်ရွာဖြစ်သည်။

တစ်ရွာလုံးသည် စိုက်ပျိုးမွေးမြူရေးများ လုပ်ကြပြီး ထွက်ရှိသော ကုန်ပစ္စည်းများကို ရွာထဲတွင်သာမက မြို့ကိုပါ သွား၍ ရောင်းချကြသည်။

ရွာကလေးက အဝေးကကြည့်လျှင် စပါးပင်များ၊ ယာခင်းများနှင့် လှပနေသည်။ ရွာထဲကိုဝင်ကြည့်လျှင်လည်း မွေးမြူရေးခြံများ ဥယျာဉ်များဖြင့် အားရစရာကောင်းလှသည်။ ထိုခြံများထဲတွင် ဝင်းဝင်းတို့ မွေးမြူရေးခြံလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဝင်းဝင်းမိဘများက ကြက်မွေးမြူရေးကို လုပ်ကြသည်။ ကြက်အကောင် ၃၀၀ ကျော်ရှိသော ကြက်ခြံကိုပိုင်ကြသဖြင့် စားဝတ်နေရေးမပူကြရပါ။ သို့ရာတွင် ထိုကြက်များကို ဥနှုန်းကောင်းမွန်စေရန် အမြဲဂရုစိုက်ပေးရသည်။ တစ်ခါတစ်ရံ ဥကောက်လည်း မအိပ်ရ။ ကြက်များ နေထိုင်မကောင်းလျှင်လည်း ဆေးကုပေးရသည်။

မိဘများ၏အလုပ်သည် အိမ်၏ဝင်ငွေရစေရန် အလုပ်ဖြစ်သဖြင့် ဝင်းဝင်းလည်း ဝိုင်းလုပ်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့မူ ဝင်းဝင်း ကြက်ခြံအလုပ်ကို မလုပ်ချင်ပါ။ မိန်းကလေးပီပီ ကြက်ချေးနံ့နံစော်နေမှာ စိုးပါသည်။ အိမ်မှုကိစ္စများကို တစ်နေ့လုံးသာလုပ်လိုက်ချင်သည်။ ကြက်ခြံထဲ မဆင်းချင်။ ကြက်ချေး မကျုံးချင်ပါ။ ကြက်ခြံထဲလည်း တံမြက်မလှည်းချင်ပါ။ သို့သော် မလွှဲသာမရှောင်သာ အဖေဆူမှာစိုးသဖြင့် ကြိတ်မှိတ်လုပ်ရသည်။ ကြက်ခြံထဲသွားလျှင် ကြက်ချေးနံ့ကြောင့် နှာခေါင်းကို အဝတ်ဖြင့်အုပ်၍ အလုပ်လုပ်ရသည်။

ဝင်းဝင်းသဘောဆိုလျှင် သူများတွေလို ဉယျာဉ်ခြံသာ လုပ်ချင်သည်။ ကိုယ်ပိုင်လုပ်ငန်းတစ်ခုကိုလုပ်ရန်ကမူ သူ့အရွယ်က ငယ်သေးသည်။ ဝင်းဝင်းက ခုမှ အသက်တစ်ဆယ့်တစ်နှစ်သာ ရှိသေးသည်။ ရွာအလယ်တန်းကျောင်းတွင် ပဥ္စမတန်း၌ ပညာသင်ကြားနေသည်။ ကျောင်းတစ်ဖက်နှင့်မို့ အမေတို့ အဖေတို့က သိပ်မခိုင်းကြပါ။ သို့သော် ကြက်စာဝယ်လာသောနေ့၊ ထုံးဖြူးရန် လိုသောအချိန်၊ မိဘများမအားသောအချိန်များတွင် ဝင်းဝင်း ဝိုင်းကူလုပ်ပေးရသည်။

သည်နေ့လည်း ဝင်းဝင်း ကြက်ခြံထဲမှာ တံမြက်လှည်းနေရသည်။

"သမီးရေ. . . တံမြက်လှည်းရင် ကြက်ချေးကျုံးထားဦးနော်"

ဝင်းဝင်းကို အမေက မီးဖိုချောင်မှ အော်ပြောသည်။ ဝင်းဝင်း နှာခေါင်းရှုံ့လိုက်မိသည်။ ကြက်ချေးများကို ဂေါ်ပြားနှင့် ကျုံးကာ ခြံထောင့်မှာသွားပုံသည်။ ထို့နောက် ဆပ်ပြာနှင့် လက်ကို စင်စင်ဆေးလိုက်သည်။ ဝင်းဝင်းလက်ကို နမ်းကြည့်သည်။ ကြက်ချေးနံ့က နံနေဆဲ။ ဝင်းဝင်း ခေါင်းကိုခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်. . . မြေးရဲ့၊ ရေတွေက မိုးတွင်းမှာ ရေစီးရေလာမကောင်းတော့ အိုင်နေပြီး ခြင်တွေ ပေါက်ပွားရော၊ အဲဒီ ခြင်တွေကကိုက်တော့ ကလေးတွေမှာ သွေးလွန်တုပ်ကွေး ဖြစ်ရတာပေါ့၊ အချိန်မီ မကုသရင် အသက်တောင် ဆုံးနိုင်တယ်"

ဘိုးဘိုးက ရှင်းပြသည်။ အဖေနှင့်အမေက တိုးတိုးကို ပွေ့ချီပြီး ကားငှားကာ ဆေးရုံထွက်သွားကြသည်။

တိုးတိုးကို မောင်မွေး အလွန်ချစ်ပါသည်။ ညီအငယ်ဆုံး ဖြစ်ပြီး ခုမှ အသက်သုံးနှစ်သာ ရှိသေးသည်။ ဖြူဖြူဝဝတုတ်တုတ် မို့ ပိုချစ်ရသည်။ ယခုတော့ ညီလေးတိုးတိုး ဖျားနေပြီ။

မောင်မွေး မျက်စိထဲတွင် စောစောက သူတို့အိုင်ပက်ပြီး မဖျက်ခဲ့သည့် တမံနှစ်ဘက်ကို ပြန်မြင်ယောင်လာသည်။ ဘိုးဘိုးကို ခွင့်တောင်းကာ ပေါက်တူးတစ်လက်ကိုဆွဲကာ ထွက်လာခဲ့သည်။ ဝင်းမြင့်ကို ဝင်ခေါ်သည်။ ထို့နောက် နှစ်ယောက်သား လှထွေးအိမ်သို့ ထွက်လာခဲ့ကြသည်။ လမ်းမှာ ဝင်းမြင့်ကို သွေးလွန်တုပ်ကွေးအကြောင်း ပြောပြလိုက်သဖြင့် ဝင်းမြင့်လည်း သဘောပေါက်သွားသည်။

လှထွေးကိုပါခေါ်ပြီး မျောက်သုံးကောင် တစ်လမ်းဝင် တစ်လမ်းထွက် ရေမြောင်းတွေ လိုက်ရှင်းကြသည်။

သူတို့တုတ်ထားသော တမံများကိုလည်း ဖြိုချပြီးပြီ။ ပေါက်တူးကိုယ်စီဖြင့် ရေမြောင်းများကိုဖော်ခြင်း၊ အမှိုက်များကို ဆယ်ခြင်းပြုလုပ်နေသော မျောက်သုံးကောင်ကို ရပ်ကွက်ထဲမှ လူများက အံ့ဩသောမျက်နှာများဖြင့် ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစီးရေလာကောင်းသဖြင့် ခြံများ၊ မြောင်းများအတွင်းမှ ရေများစီးထွက်သွားသည်။ အားလုံးပြီး၍ မောင်မွှေးအိမ်သို့ ပြန်ရောက်သောအခါ ခြံထဲတွင် ရေစပ်စပ်သာ ကျန်တော့သည်။ ထို့အပြင် ရေကဆက်ပြီး ကျဆင်းနေတုန်းရှိသေးသည်။

မောင်မွှေး နောက်တစ်ခါ ရေပြန်ချိုးရသည်။

အိမ်ပေါ်ရောက်သောအခါ အမေတို့ပင် ပြန်ရောက်နေကြပြီ။

"လာပါဦး သားလေးရဲ့ . . . အမေ့ဆီကို"

မောင်မွှေး အံ့သြသွားသည်။ အမေကသူ့ကို သားလေးတဲ့။ အမေသူ့ကို သားလေးဟု မခေါ်တာကြာပါပြီ။ အမေသည် မောင်မွှေးကို ဖက်ရင်းကပြောသည်။

"ဒီလိုဆိုတော့လည်း အမေ့သား မျောက်ကလေးက လိမ္မာလိုက်တာ သားလေးရယ်၊ ငါ့သားတို့ မြောင်းတွေရှင်းလိုက်လို့ အခုဆို ရေစီးရေလာကောင်းသွားပြီ၊ လူကြီးတွေတောင် ဒီလိုမိုးရွာထဲမှာ လုပ်ဖို့ဝန်လေးကြတာ၊ သားတို့က အခုလို ရှင်းလိုက်တော့ ကျန်းမာရေးအတွက် အများကြီးကောင်းသွားတာပေါ့၊ ဒါနဲ့သားက ဘာဖြစ်လို့ မြောင်းတွေသွားရှင်းရတာလဲ"

အိုင်ပက်ခဲ့ပြီး တမံမဖြိုခဲ့သည့် အကြောင်းတွေကို ဘိုးဘိုးကိုတော့ ပြောပြထားပြီးပါပြီ။ ဘိုးဘိုးက အဖေနဲ့အမေကို ပြောထားလား၊ ပြောမထားလားတော့ မောင်မွှေးမသိ။ သို့သော် မောင်မွှေး အမေ့ရင်ခွင်တွင် ခေါင်းကိုဝှက်၍ အမေ့ကိုတစ်ခွန်းတော့ ပြောလိုက်ပါသည်။

"သား . . . ညီလေးတိုးတိုးကို ချစ်လို့ပါ . . . အမေ"

www.burmeseclassic.com

www.burmeseclassic.com


ဝင်းဝင်းတို့ မိသားစုတွင် စုစုပေါင်းမှ အဖေရယ်၊ အမေရယ်၊ ဝင်းဝင်းရယ် သုံးယောက်ထဲ။ သည်တော့ အလုပ်တွေက အဆက်မပြတ် ရှိနေသည်။

"ကြက်ဥ ရပြီလားဗျို့"

"ရပြီ. . . ရပြီ. . . ကိုရင်ရေ့ သမီး ဝင်းဝင်းရေ ကြက်ဥ တစ်ရာရေပြီး ဦးလေးကြည်ကို ပေးလိုက်ပါ"

"ဟုတ်ကဲ့. . . မေမေ"

"ကြက်ဥဈေးကရော. . . ကိုတင်"

"အရင်လိုပဲလေ ၁၂ ကျပ်ဈေး"

ဦးလေးကြည်က သူ့ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံ ၁၂၀၀ ကျပ်ကိုရေ၍ ဝင်းဝင်းကိုပေးသည်။ ဝင်းဝင်းက စာရင်းစာအုပ်ကလေးတွင် မှတ်ထားကာ အဖေ့ကို ပေးလိုက်သည်။

"ကြက်ဥ ဘယ်လောက်ကျန်သေးလဲ. . . သမီး"

"တစ်ရာ့ငါးလုံး ကျန်သေးတယ်. . . ဖေဖေ"

အဖေက ရေပုံးဆွဲကာ ထွက်သွားသည်။ ကြက်သောက်ရေလဲရန်ဖြစ်သည်။

"အမေရယ်. . . ဒီကြက်ခြံအလုပ်ကို မလုပ်ဘဲ ဉယျာဉ်ပဲ လုပ်ပါလား၊ ကြက်ခြံက ကြက်ချေးစော်နံတယ်. . . အမေရဲ့ သမီးတို့ခြံက မြေလည်းကျယ်တယ်မဟုတ်လား"

"ကြက်ခြံက ကိုယ်လုပ်နေကြမို့လို့ ကျွမ်းကျင်နေပြီ သမီးရဲ့၊ ပြီးတော့ ကြက်ချေးစော်နံတယ်လို့ မပြောရဘူး. . . သမီးရဲ့၊ ကိုယ်အလုပ်ကို တန်ဖိုးထားရတယ်၊ သမီးတစ်ကသေ လေးစားတတ်ရင် အဲ့ဒီကြက်ချေးနံ့ဟာ မွှေးတောင်နေပါလိမ့်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com


"အို . . . အမေကြီးကလည်း၊ ကြက်ချေးများမွှေးရမယ်လို့"

"ငါ့သမီး သဘောမပေါက်သေးပါဘူး၊ တစ်ချိန်ကျရင် သိလာပါလိမ့်မယ်၊ ဒါနဲ့ နေပါဦး . . . အမေတို့ခြံက ကျယ်ပေမဲ့ ဥယျာဉ်လုပ်ဖို့တော့ ကျဉ်းပါတယ် သမီးရဲ့၊ တကယ်လို့များ ဥယျာဉ်စိုက်ရင် သမီးက ဘာများစိုက်မှာလဲ"

"စားပင် ပန်းပင်တွေပေါ့. . . မေကြီးရ"

"အဲသလိုဆိုကတည်းက. . . သမီးမှာ ဒီကြက်ချေးက လွတ်အောင်သာ စိတ်ကူးရှိတာကိုး၊ ဘာမှ ရည်ရွယ်ချက်မရှိဘူး ဆိုတာ ကျိန်းသေနေပြီ၊ တကယ်လို့ သမီးတစ်ခုခုစိုက်လို့ အောင်မြင်ရင် ကြက်ခြံအလုပ်ကို အမေတို့ဖြုတ်ပစ်လိုက်ကြမယ်"

ထိုစဉ် အဖေက အလုပ်ပြီး၍ ဝင်းဝင်းတို့ဆီ ရောက်လာသည်။

"အဖေကြီးရေ. . . ဒီမှာ ရှင့်သမီးက ကြက်ခြံအလုပ်မလုပ်ဘဲ ဥယျာဉ်ခြံလုပ်ဖို့ ပြောနေတယ်၊ အဲဒါ သူသာစိုက်နိုင်ရင် ကျုပ်တို့ ကြက်ခြံကို မလုပ်တော့ဘူးလို့ ပြောနေတာ"

"အင်း . . . သမီး မလုပ်ချင်ဘူးဆိုတာ အဖေ သိပါတယ်၊ ဒါပေမဲ့ လောလောဆယ်မှာ ဒါကငွေရနေတာကိုး၊ အမေကြီး ပြောသလို သမီးလုပ်နိုင်ရင် အဖေတို့ ကြက်ခြံဖျက်ပြီး သမီးကို ဝိုင်းကူလုပ်ပေးမယ်"

တကယ်တမ်းကျတော့ ဝင်းဝင်းမစဉ်းစားတတ်ပါ။ ထို့ကြောင့် ယခင်လိုပဲ ကြက်ခြံအလုပ်သာ ဝိုင်းလုပ်နေရတော့သည်။ ကြက်ခြံအလုပ်သည် ဝင်းဝင်းငယ်ငယ်ကတည်းက လုပ်လာသောအလုပ်မို့ ဘာပြီးဘာလုပ်ရမည်ကို သိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစာကျွေးချိန်၊ ရေတိုက်ချိန်၊ သန့်ရှင်းရေးလုပ်ချိန် စသဖြင့် အကုန်သိသည်။ ကျောင်းမသွားမီ ကြက်ဥကောက်၊ ညနေ ကျောင်းဆင်းလျှင် တံမြက်လှည်း၊ ဤသည်တို့က ဝင်းဝင်း၏ နေ့စဉ် ဝတ္တရား။

ဆောင်းလများ၏ နေ့တစ်နေ့။

ဒီဇင်ဘာကျောင်းပိတ်ရက်များအတွင်း အဖေသည် မြို့မှ ပြန်လာသောအခါ နှင်းဆီပင်များ ပါလာသည်။ နှင်းဆီပင် ၁၀ ပင်ကို မြို့ရှိ အစိုးရဥယျာဉ်မှ ဝယ်လာခဲ့ခြင်းဖြစ်သည်။

"သမီးရေ. . . ဒီမှာ ငါ့သမီးအတွက် စိတ်ကူးကို အကောင်အထည်ဖော်ဖို့ အဖေ နှင်းဆီပင်တွေ ဝယ်လာတယ်"

နှင်းဆီပင်တွေ ဝယ်လာမှပင် လွန်ခဲ့သည့်နှစ်ပတ်လောက်ကတည်းက သစ်ပင်စိုက်ဖို့ ပျိုးပေါင်တွေ လုပ်ခိုင်းသည်ကို သဘောပေါက်သည်။ ပျိုးပေါင်များကို အလွယ်တကူရသော ကြက်ချေးများဖြင့်ရောကာ ဘောင်ဖော်ထားသည်။

"နှင်းဆီဟာ ကြက်ချေးမြေဩဇာကို သိပ်ကြိုက်တယ် သမီးရဲ့၊ ဒီတော့ ဒီနှင်းဆီ ၁၀ ပင်ကို သမီးစမ်းပြီးစိုက်ကြည့်၊ သူ့ဆီကပွင့်လာပြီး စီးပွားဖြစ်နှင်းဆီခင်းကြီးဖြစ်လာရင် အဖေတို့ ကြက်ခြံကို မလုပ်တော့ဘူး၊ လောလောဆယ်တော့ သမီးဆီက ငင်ငွေမရခင် အဖေတို့အလုပ်ကို ဝိုင်းကူလုပ်ပေးဦး"

ထိုနေ့မှစ၍ ဝင်းဝင်းတစ်ယောက် တာကျက်ပြီး အိမ်အလုပ်တွေကို ပျော်မြိန်စွာလုပ်တတ်လာသည်။ ထိုနေ့ကစ၍ နှင်းဆီပင်ခင်းသေး ရောက်နေတော့သည်။ ရေကလည်း ဖောဖောသိသိ။

www.burmeseclassic.com

www.burmeseclassic.com


မြေဩဇာကလည်းကောင်းသဖြင့် လအနည်းငယ်အတွင်း နှင်းဆီခင်းကလေးက တိုးပွားလာသည်။ ဝင်းဝင်းက အကိုင်းများဖြတ်ကာ ပြန်စိုက်သည်။ အပွင့်များကို အမေဘုရားတင်ဖို့ပေးသည်။ မြေဩဇာအတွက် ပိုက်ဆံမကုန်။ ကြက်ချေးပုံကြီးကခြံထဲမှာ အကြီးကြီး။ အချိန်မှန်ယူပြီး မြေဩဇာကျွေးသည်။

ဝင်းဝင်း ခြောက်တန်းစတက်သောအခါ နှင်းဆီခင်းမှာ ဧရာမကြီးဖြစ်နေပြီ။ ဝင်းဝင်း မနိုင်၍ အဖေတို့အမေတို့ပါ ဝိုင်းလုပ်ကြရသည်။ မည်မျှပင် နှင်းဆီခင်းက အလုပ်များပါစေ၊ ဝင်းဝင်း မညည်းမညူ။ နေ့စဉ်ပန်းရောင်းရငွေက အမေတို့ကြက်ဥရောင်းရငွေထက်များသည်။ ဝင်းဝင်း၏ နှင်းဆီခင်းကြောင့် အိမ်၏စီးပွားရေးတက်လာသည်။ ကျောင်းသို့သွားတိုင်း ဆရာမအတွက် နှင်းဆီပန်းအပြင် သူငယ်ချင်းတွေအတွက်ပါ ယူသွားတတ်၍ အားလုံးက ဝင်းဝင်းကို ချစ်ကြသည်။ ဆရာမကလည်း စကားကြုံတိုင်း ဝင်းဝင်းကိုနမူနာယူကြရန် ပြောလေ့ရှိသည်။

"သမီးရေ။ ဝင်းဝင်း"

"ရှင် မေမေ"

ဝင်းဝင်း နှင်းဆီခင်းကြားမှ အမေ့ဆီသွားသည်။ အဖေနှင့်အမေ မြို့ကပြန်ရောက်သည်။ ပစ္စည်းပစ္စယများကို သိမ်းပြီးအမေလက်ထဲမှာ တစ်စုံတစ်ခု ကိုင်ထားသည်။

"သမီး ဟောဒီမှာ သမီးဖို့ နားဆွဲလေး၊ ဝတ်ကြည့်စမ်း"

"ဟယ် . . . လှလိုက်တာ အမေကြီးရယ်၊ သမီးလေ ဒါမျိုးလေး လိုချင်နေတာကြာပြီ။ အမေတို့မှာ ပိုက်ဆံရှိလား၊ မရှိလား၊ မသိလို့ မပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးက လိမ္မာပြီးသားပါ မအေကြီးရဲ့။ ကဲ. . . သမီး ဝတ်ကြည့်လိုက်စမ်းပါဦး"

ဝင်းဝင်းက ရွှေနားဆွဲလေးကို ဝတ်လိုက်သည်။ မှန်ယူကြည့်သည်။ ဝင်းဝင်းထိုနားဆွဲလေးကို အလွန်သဘောကျသွားသည်။

"အဲဒါ သမီးရဲ့ ပန်းတွေ ရောင်းရတဲ့အထဲက ဝယ်တာလေ သမီးရဲ့"

"ဟင် အဲဒီလောက် ရသလားမေမေ"

"ရတာပေ့ါသမီးရဲ့။ ကဲ. . . အဲဒီတော့ အခုဆိုသမီးရဲ့ နှင်းဆီခင်းက ဝင်ငွေတွေအများကြီးရပြီဆိုတော့ အဖေတို့ကြက်ခြံကို ဆက်မလုပ်တော့ဘူး။ ဒီလကုန်ရင် ကြက်တွေကို အကုန်ရောင်းလိုက်တော့မယ်။ ကြက်ခြံပါ ဖျက်ပစ်လိုက်တော့မယ်။ ပြီးတော့ သမီးရဲ့နှင်းဆီခင်းမှာပဲ အခစားဝိုင်းလုပ်တော့မယ်"

"အို. . . အဖေကြီးကလည်း။ မဟုတ်တာ။ ဒီအခင်းက အဖေကြီးက ပေးထားတာပဲ"

"အဖေက စတာပါ။ အဖေတို့ ဝိုင်းကူလုပ်ပေးမှာပေ့ါ"

ဝင်းဝင်းက နားဆွဲအသစ်ကလေးကို စမ်းကြည့်ရင်း အဖေတို့နားမှ နှင်းဆီခင်းထဲသို့ အလုပ်ဆက်လုပ်ရန် ပြန်လာခဲ့လေသည်။ တကယ်တမ်းကြက်ခြံကို ဖြုတ်တော့မည်ဆိုသောအခါ ဝင်းဝင်း ရင်ထဲမကောင်းလှပါ။ ငယ်ငယ်ကတည်းက ကြက်ခြံအနားမှာ ကြီးပြင်းလာသောကြောင့် ကြက်ခြံကို သံယောဇဉ်တွယ်နေသည်။

"အဖေ။ ကြက်ခြံကို တကယ်ဖျက်ပစ်တော့မှာလားဟင်"

"အေးလေ သမီးရဲ့။ သမီးပဲမလုပ်ချင်ဘူးဆို"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ နှမြောလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲသမီး"

"ပြီးတော့ ကြက်ချေးတွေကို မြေဩဇာအဖြစ်သုံးတော့ ပိုက်ဆံသပ်သပ် မကုန်ဘူးပေါ့နော်။ တကယ်လို့ ဖျက်လိုက်ရင် ကြက်ချေးတွေမရတော့ဘူးပေါ့နော်"

"အေး ဟုတ်တယ်။ အဲဒီလိုဆိုရင် တို့ပြန်ဝယ်သုံးရမယ့် သဘောတောင်ရှိတယ်"

"အဲဒါဆို ခုလောက်ပိုက်ဆံမကျန်ဘူးပေါ့နော်"

"ဒီလိုရှိတာယ်သမီး။ အခုကြက်ခြံရှိသလို နှင်းဆီခင်းရှိတာလည်း သဘာဝကျတယ်ကွယ့်။ ကြက်ခြံကအနံ့တွေက တကယ်တမ်း ကျတော့ ကျန်းမာရေးအတွက် မကောင်းဘူး။ ဒါပေမဲ့ တို့ရွာရဲ့ ပတ်ဝန်းကျင် အနေအထားကြောင့် သစ်ပင်၊ ပန်းပင်တွေရှိ နေတာမို့ လေထုကိုပြန်သန့်စင်ပေးနိုင်တယ်။ အခုအဖေတို့ခြံထဲမှာ နှင်းဆီခင်းကြီးရှိတော့ ကြက်ခြံကထွက်တဲ့ ကြက်ချေးကို အသုံးချနိုင်သလို ကြက်ခြံကထွက်တဲ့အနံ့တွေကို [illegible] ပေးနိုင်တယ်။ ဒီတော့ ကြက်ခြံနဲ့ နှင်းဆီခင်းဟာ မျှမျှ[illegible] ဖြစ်နေကြတယ်။ တစ်နေကုန် လေထုညစ်ညမ်းတာကို ရှူခဲ့[illegible] တို့မိသားစုအတွက်တော့ အပန်းဖြေဖို့ ကောင်းကောင်းရတာပေါ့ သမီးရာ"

"ဟုတ်တယ်နော်။ ဒါဆိုကြက်ခြံကို မဖျက်နဲ့တော့အဖေကြီး၊ သမီးလည်း အဖေတို့ကြက်ခြံမှာ ဝိုင်းလုပ်မယ်၊ အဖေကြီးတို့ လည်း နှင်းဆီခင်းကို ဝိုင်းလုပ်ပေး"

"ဒါပေါ့ သမီးရဲ့၊ သမီးဒီလိုသိလာအောင် အဖေကြီး တစ်နှစ်လောက်တောင် စောင့်ခဲ့ရတာ။ ဒီနေ့မှပဲ အဖေ့ဆန္ဒ ပြည့်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခင်းက ရောင်စုံဖူးပွင့်နေကြသည်။ ကြက်ခြံထဲတွင် ကြက်ဥကောက်နေသော ဝင်းဝင်းသည် အလုပ်ကို လေးစားစွာ လုပ်သည်။ ထို့နောက် ကြက်ဥခြင်းကို ကိုင်ပြီး ကြက်ခြံထဲမှ ထွက်လာသည်။ နှင်းဆီခင်းထဲတွင် အမေက မြက်နုတ်နေသည်။ အမေက ရေတွင်းမှ ရေကို ငင်နေသည်။ ထို့နောက် နှင်းဆီခင်းကို ရေလောင်းနေသည်။

နံနက်ခင်း၏ နေရောင်ခြည်သည် နှင်းဆီခင်းအပေါ် ဖြာကျနေသည်။

သားအမိ သားအဖသုံးဦးသား အလုပ်ကို ဆက်တိုက်လုပ်နေကြသည်။ ကြက်ခြံမှ ကြက်ချေးနံ့က လေနှင့်အတူပါလာသည်။ အမေပြောသော ကြက်ချေးနံ့မွှေးသည် ဆိုသည့်စကားကို ဝင်းဝင်း တဖြည်းဖြည်း သဘောပေါက်လာပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# သူတော်လေးဦး

မောင်ထွန်းတို့ သူငယ်ချင်းတစ်စု ကျောင်းသွားရာလမ်းတွင် တံတားတစ်ခု၊ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် သပ္ပာယ်လှသော ထုံးသင်္ကန်း ကပ်ထားသည့် စေတီကလေးတစ်ဆူကို ဖြတ်ကျော်သွားရသည်။

တံတားကလေးသည် မြို့၏အရှေ့ဘက်နှင့် အနောက်ဘက်ကို ပိုင်းခြားထားသော ချောင်းငယ်ကလေး အပေါ်တွင် တည်ဆောက်ထားသည်။ တံတားအရှည်သည် ပေသုံးဆယ်မျှ ရှည်လျားသည်။ ပျဉ်းကတိုးသစ်သားများဖြင့် အခိုင်အမာ တည်ဆောက်ထားသဖြင့် မော်တော်ယာဉ် အငယ်ကလေးများ ပင် စိတ်ချလက်ချ ဖြတ်ကူးနိုင်လေသည်။

ဘုန်းကြီးကျောင်းမှာ တံတား၏ တစ်ဖက်တွင်ရှိပြီး ဘုန်းကြီးကျောင်းနှင့် ဘုရားဝင်းတို့ကြားမှ လမ်းသွယ်ကလေးသို့ ချိုးဝင်ကာ ကျောင်းသို့သွားနိုင်သည်။ သို့မဟုတ် ဘုရားဘေးမှ ပတ်ကာ လမ်းမအတိုင်း ကျောင်းသို့သွားနိုင်သည်။ ဘုန်းကြီးကျောင်း နှင့် ဘုရားတို့၏ ပရဝဏ်ကို တံတိုင်းဖြင့် ကာရံထားကာ ထုံးဖြူဖြူ သုတ်ထားသဖြင့် ကျက်သရေရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းတို့ သူငယ်ချင်းတစ်သိုက် နေ့စဉ် ကျောင်းတက်တိုင်း ထိုလမ်းအတိုင်းသွားကာ လမ်းသွယ်မှ ကျောင်းသို့မသွားဘဲ ဘုရားရှေ့မှပတ်ကာ ကျောင်းသွားလေ့ရှိသည်။

သူတို့သည် ကျောင်းသွားသည့် အခါတိုင်း ဘုန်းကြီးကျောင်း၏ တံတိုင်းတွင် ရေးသားထားသော အလှူရှင်တို့၏ ကမ္ပည်းနှင့် ဘုရားရှေ့တံတိုင်းမှ အလှူရှင် ကမ္ပည်းတို့ကို ဖတ်သွားလေ့ရှိသည်။

"မန္တလေးမြို့နေ . . . မျက်ပါးရပ် . . . ဘုရားဒါယကာ . . . အဖဦးသော်. . . အမိဒေါ်ခင်ဥ. . . သားသမီးတစ်စု. . . ကောင်းမှုတော်. . . ပုသိမ်ကြီးမြို့ . . . ဦးရွှေ. . . ဒေါ်ရီ. . . သားသမီး . . . မြေးမြစ်များ . . . ကောင်းမှု. . . "

ကလေးတစ်သိုက်သည် သံပြိုင်ရွတ်ကြရင်း လမ်းလျှောက်လာရာ ရောက်မှန်းမသိ ကျောင်းသို့ရောက်လာခဲ့ကြသည်။ ဤကဲ့သို့ ရွတ်ချင်၍လည်း လမ်းသွယ်မှ ကျောင်းသို့မသွားကြခြင်း ဖြစ်သည်။

တစ်နေ့လည်းမဟုတ်။ တစ်လလည်း မဟုတ်။ မောင်ထွန်း၊ ဇော်ဝင်း၊ ပေစိ နှင့် ဖိုးသင်းတို့ တစ်တွေ သူငယ်တန်းကတည်းက သည်လမ်းမှ ကျောင်းသို့ နေ့စဉ်သွားခဲ့ကြသည်။ ဤလမ်းမှပင် နေ့စဉ်ပြန်ခဲ့ ကြသည်။ တစ်ခါတစ်ရံမှသာ လမ်းသွယ်မှဝင်၍ ကျောင်းသို့ သွားခဲ့ကြသည်။ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်တာကာလတွင် သူတို့ အခေါက်ပေါင်း မည်မျှလျှောက်ခဲ့ကြသည် မမှတ်မိကြတော့။

www.burmeseclassic.com

www.burmeseclassic.com


တစ်ခါတစ်ရံမှာ ဘုန်းကြီးကျောင်းသားများနှင့် အတူ ဆော့ခဲ့ကြသည်။ ကျောင်းအားရက်များတွင် သူငယ်ချင်း ဘုန်းကြီးကျောင်းသားများနှင့်အတူ သစ်ပင်တက်၊ ဂေါ်လီရိုက်၊ ဘောလုံးကန်ကြသည်။ ကျောင်းဝင်းထဲလျှောက်လည်သည်။ အိမ်သို့ ဆွမ်းခံကြွသော ကိုယ်တော်တို့ကို ကန်တော့ခဲ့ကြသည်။

တစ်ခါတစ်ရံမှာ ထုံးသင်္ကန်းဖွေးဖွေးနှင့် ဘုရားဝင်းထဲ ဝင်ကြည့်ကြသည်။ ဘုရားမှာ တံမြက်လှည်းကြသည်။ ရှိခိုးကြသည်။

ဘုန်းကြီးကျောင်း၏ တံတိုင်းနှင့် ဘုရားတံတိုင်းမှ စာများကို ဖတ်သာဖတ်ခဲ့ကြသည်။ ကလေးပီပီ အလေးအနက် မထားခဲ့ကြ။

✺ ✺ ✺

ဇော်ဝင်းသည် ဆရာစာသင်ရင်း ကျန်ရစ်ခဲ့သည့် မြေဖြူ အတိုတစ်ခုကို အတန်းရှေ့မှ ကောက်လာသည်။

ထို့နောက် သူထိုင်သော စားပွဲတွင် အရုပ်တစ်ခုဆွဲလိုက်သည်။ ကြက်ဖပုံကလေး။ သူ့ဘေးမှ ပေစိကို ပြသည်။ ပေစိ သဘောကျသွားသည်။ ဇော်ဝင်းက နောက်တစ်ပုံ ဆွဲသည်။ နွားခေါင်းပုံ၊ တူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ၊ မျက်နှာတစ်ခု ဆွဲပြီး နားရွက်ဖားဖားနှင့် ချိုတပ်လိုက်သောအခါ အတော်ဟုတ် သွားသည်။

"ဆွဲဦးကွာ၊ ဒီတစ်ခါ ခွေးပုံ"

ဇော်ဝင်းက ခွေးပုံ ဆက်ဆွဲသည်။ မြေဖြူတိုကလေးမှာ ဆရာလက်ဖြင့် ရေးမလောက်တော့သဖြင့် ချန်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကလေးလက်က ဆက်ကိုင်၍ ရသည်။ ဇော်ဝင်းယူလာခါစက မြေဖြူက ခပ်သေးသေး။ အရှပ်နှစ်ရှပ်ဆွဲပြီးသောအခါ ပို၍ သေးသေးလေးသာကျန်တော့သည်။ ထို့ကြောင့် ခွေးရုပ်ကို အငြိ စုံအောင်ဆက်၍ မဆွဲနိုင်မီ ကုန်သွားလေသည်။

"မင်းကလည်းကွ၊ ခြေထောက်ပုံတော့ မဆွဲဘူး"

"မြေဖြူကုန်ပြီကွ၊ မင်းအတန်းရှေ့က သင်ပုန်းမှာ သွားရှာကွာ၊ အတိုတစ်ခုရရင် ယူလာခဲ့၊ ဆက်ဆွဲမယ်"

ပေစိ မြေဖြူသွားရှာသည်။ အတိုနှစ်ခုရသည်။ ဇော်ဝင်းကို တစ်ခုပေးပြီး သူတစ်ခုယူသည်။ ဇော်ဝင်းက ခွေးရုပ် ဆက်ဆွဲသည်။

ပေစိသည် သူ့ခုံတွင် ပန်းပွင့်ပုံတစ်ခုဆွဲသည်။ ပြီးတော့ နောက်တစ်ခု၊ နောက်တစ်ခု။

ပေစိနှင့် ဇော်ဝင်းတို့၏ ခုံများမှာ မြေဖြူပုံများဖြင့် ပြည့်သွားသည်။ အခြားသူငယ်ချင်းများကလည်း လာကြည့်သည်။ အချို့က အတန်းရှေ့မှာ မြေဖြူအတိုအစ သွားရှာသည်။ မရှိတော့။ ထိုအခိုက် အတန်းထဲသို့ ဆရာဝင်လာသည်။

"ဆရာလာပြီဟေ့၊ ဇော်ဝင်း ပုံတွေဖျက်"

ကပျာကယာဖြင့် ပုံတွေဖျက်ကြသည်။ လွယ်အိတ်ဖြင့် စားပွဲကို ပွတ်တိုက်လိုက်သောအခါ အရောင်ခပ်မှိန်မှိန်သာ ကျန်တော့သည်။ လုံးလုံးတော့ မပျက်။

ဆရာ စာဆက်သင်သည်။ ဇော်ဝင်း၊ ပေစိ၊ အောင်ထွန်းနှင့် ဖိုးသင်းတို့၏ စိတ်သည် စာတွင်မရှိတော့ချေ။ ဆရာသင်ပုန်းမှာ

www.burmeseclassic.com

www.burmeseclassic.com


စာရေးပြီး ကုန်သည့်မြေဖြူအတိုကို ဘယ်သို့ လွှင့်ပစ်သည်ကို သာ ကြည့်ရှုမှတ်သားနေကြတော့သည်။

ညနေ ကျောင်းဆင်းချိန်ရောက်သောအခါ ဇော်ဝင်း၊ ပေစီ၊ မောင်ထွန်းနှင့် ဖိုးသင်းတို့ အတန်းရှေ့သို့ပြေး၍ မြေဖြူအတို ကလေးများကို လု၍ ကောက်ကြသည်။ မောင်ထွန်းက တစ်ခု၊ ပေစီကတစ်ခု ရသည်။ ကျန်သူများ မရကြ။ ထို့ကြောင့် မြေဖြူ ရရာရကြောင်း စဉ်းစားကြတော့သည်။

"မနက်ဖြန် ဆရာစာသင်တုန်း အပြင်ထွက်သွားရင် ဆရာ့မြေဖြူတစ်ချောင်း နှိုက်ထားရအောင်"

"ဟာ. . . မဖြစ်ဖူးထင်တယ်၊ တခြားလူတွေက ဆရာ့ကို ပြန်တိုင်ရင် အရိုက်ခံရမှာ"

မောင်ထွန်းက ကန့်ကွက်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ ဒီမြေဖြူအတိုကလေးတွေက သိပ်ပြီး ပုံဆွဲလို့ မကောင်းဘူး၊ ပြီးတော့ သေးသေးလေးတွေ လောက်ပဲ ဆွဲနိုင်တာကွ"

ပေစီက မြေဖြူကလေးတွေကို လက်ဝါးထဲထည့်ပြသည်။

"ဒါဖြင့်ရင်. . . ဘကြီးဖြိုးဆိုင်မှာ ဝယ်ကြရအောင်"

"အောင်မယ်. . . ၊ ရပါလိမ့်မယ် အားကြီးကြီး၊ ဘကြီးဖြိုး က သိပ်အမေးအမြန်းထူတာ။ ဘာလုပ်ဖို့လဲ၊ ဘယ်သူဝယ်ခိုင်း တာလဲ၊ ဆရာဝယ်ခိုင်းတာလား၊ ကျောင်းသား မြေဖြူမကိုင်ရဘူး ဘာ၊ ညာနဲ့၊ သိပ်ဆိုးတဲ့လူကြီး"

ဇော်ဝင်းက မကျေမနပ်ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝယ်ခိုင်းတာလို့ ပြောမယ်ကွာ၊ တစ်ချောင်းထဲဝယ်ရင် မသင်္ကာဖြစ်နေမယ်၊ လေးချောင်းဝယ်၊ တို့တစ်ယောက်တစ်ချောင်းပေါ့"

မောင်ထွန်းပြောသည်ကို အားလုံးသဘောကျကြသည်။

❁ ❁ ❁

"ဘကြီးဖြိုး မြေဖြူရှိလား"

"ဘာလုပ်ဖို့လဲ"

ထင်သည့်အတိုင်းပင် မေးလေသည်။ မောင်ထွန်းက ခပ်တည်တည်။

"ဆရာက ကျောင်းလာရင် ဝယ်လာဖို့မှာလို့ပါ၊ မနေ့က စာသင်ရင်း ကုန်သွားလို့၊ တစ်ချောင်း ဘယ်လောက်လဲ ဘကြီးဖြိုး"

"တစ်ချောင်း ငါးကျပ်၊ မင်းတို့ကို ဝယ်ခိုင်းတာ သေချာလို့လား။ ကျောင်းသားတွေ မြေဖြူမဆော့ရဘူး"

"သေချာပါတယ် ဘကြီးဖြိုးရ၊ ဆရာက လေးချောင်းဝယ်ခဲ့လို့ပြောတာ"

ဘကြီးဖြိုးက စိတ်ချသွားပြီး မြေဖြူလေးချောင်းရောင်းလိုက်သည်။ မောင်ထွန်းက သေသေချာချာ စက္ကူဖြင့်ပတ်ပြီး သူ့လွယ်အိတ်ထဲထည့်သည်။ ထို့နောက် သူတို့လေးဦး ကျောင်းဘက်ကို ဆက်လျှောက်လာကြသည်။ ဝေဒ်တော်လှမ်းလှမ်းရောက်မှ မထိန်းနိုင်ဘဲ ဝါးကနဲ ရယ်မောလိုက်ကြသည်။ မောင်ထွန်းက မြေဖြူထုပ်ကိုဖွင့်ကာ တစ်ယောက်တစ်ချောင်းဝေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ကွ၊ အရှည်ကြီးပဲ၊ ဒါနဲ့ဆို အများကြီး ဆွဲလို့ရပြီ"

"နေဦးကွာ၊ ငါကြားဖူးထားတာ ရှိတယ်၊ မြေဖြူရေဆွတ်ရေးရင် ခြောက်သွားတဲ့အခါ ဖျက်လို့မရဘူးတဲ့၊ တို့တစ်တွေ ကျောင်းရောက်ရင် ရေဆွတ်ပြီး နံရံမှာ ရေးကြမယ်၊ ဒါဆို ကိုယ်ဆွဲထားတဲ့ပုံလေးတွေ မပျက်တော့ဘူးပေါ့"

ဖိုးသင်းက ဘယ်ကဘယ်လိုကြားဖူးသည် မသိ။ သူ့အကြံပေးချက်ကို အားလုံးလက်ခံကြသည်။

ကျောင်းရောက်ပြီ။ ကျောင်းတက်ချိန်လိုသေးသဖြင့် အတန်းထဲတွင် လူမစုံသေးချေ။ ဆရာလည်း ရောက်မလာသေး။

မောင်ထွန်းက ရေဆွတ်ထားသော မြေဖြူဖြင့် ကျောင်းနံရံမှာ လူမျက်နှာပုံတစ်ခု ရေးလိုက်သည်။

"ဟာ. . . သိပ်လည်း မထင်ဘူး"

ရေခြောက်သွားသောအခါ အရုပ်က ထင်းနေသည်။ ထိုနည်းအတိုင်း ဇော်ဝင်း၊ ပေစိ၊ ဖိုးသင်းတို့ အရုပ်များဆွဲကြသည်။ စားပွဲခုံများ၊ ကျောင်းနံရံများ စသည်ဖြင့် ရသမျှနေရာများတွင် ပုံများဆွဲသည်။ ရယ်နေပုံ၊ ငိုနေပုံ၊ လူအော်နေပုံ၊ ကြောင်ပုံ၊ ခွေးပုံ၊ ဆိတ်ပုံ၊ လူပုံ စသည်ဖြင့်။ အတန်းသားများမှာလည်း သူတို့လို မြေဖြူမရှိသဖြင့် လိုက်မဆွဲကြရ။ သူတို့ပုံဆွဲသည်ကိုသာ ကြည့်ရင်း တဝါးဝါးရယ်ကြသည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီ။

ဘုရားရှိခိုးအပြီး ခဏတွင် အတန်းထဲသို့ ဆရာဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် အခန်းထဲသို့ ဝင်လာလာချင်းပင် အခန်းနံရံနှင့် စာရေးစားပွဲများတွင် ဖွေဖွေလှုပ်နေသော အရုပ်များကို မြင်သွားလေသည်။

"ဟ. . . ဘယ်လိုဖြစ်တာလဲ"

ဆရာသည် အရုပ်အားလုံးကို လှည့်ကြည့်ပြီး ပြုံးနေသည်။ ဖိုးသင်းတို့တစ်တွေလည်း ဆရာကသူတို့ကို ချီးမွမ်းတော့မည် ထင်သဖြင့် ခပ်ပြုံးပြုံး ဖြစ်နေကြသည်။

"အင်း . . . ငှါတပည့်တွေက လက်ရာပြောင်မြောက်ကြတာကိုး၊ ပန်းချီ ပြခန်းများဝင်လာမိသလား အောက်မေ့မိတယ်"

ဆရာက ပြုံးပြီးပြောသည်။

"အဲဒါ ကျွန်တော်တို့ ဆွဲထားတာ ဆရာ"

ဇော်ဝင်းက ထပြောသည်။

"မင်းအပြင် ဘယ်သူပါသေးလဲ"

ပေစိ၊ ဖိုးသင်းနှင့် မောင်ထွန်းတို့ မတ်တပ်ရပ်လိုက်ကြသည်။

"အေးအေး . . .၊ ရပါပြီ၊ ထိုင်ကြပါ"

ဆရာသည် ခပ်အေးအေးပင် ပြန်ပြောသည်။ ထို့နောက် လက်ညှိုးထိုးကာ။

"မင်းတို့ ဟိုး . . . မှာ ဘုန်းကြီးကျောင်းနဲ့ ဘုရားကို မြင်ကြလားဟေ့"

"မြင်ရပါတယ် ဆရာ"

တစ်တန်းလုံး တစ်ညီတစ်ညာတည်း ပြန်ဖြေကြသည်။

"အေး . . . ဒီနေ့တော့ စာမသင်ဘဲ ပန်းချီတွေ၊ စာတွေ ရေးကြ၊ သားကြတဲ့အကြောင်း ဆွေးနွေးကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား ကျောင်းသူအားလုံး ဆရာပြောမည့်စကားကို နားထောင်နေကြသည်။

"အဲဒီ ဘုန်းကြီးကျောင်းဟာ နှစ်ပေါင်း ရှစ်ဆယ်ရှိပြီလို့ ဆရာသိရတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်ကဆိုရင် ဆရာ့အဖေတောင်မှ ကလေးလေးပဲရှိဦးမှာ။ ဆရာ့ကို မမွေးသေးဘူးပေါ့ကွာ၊ အဲသည်တုန်းက အလှူရှင်တွေက မ,တည်ပြီး ကျောင်းဆောက်လှူတယ်။ ကျောင်းရော၊ ဘုရားရော ကြာရှည်ခံဖို့အတွက် အုတ်တံတိုင်းကြီးကို ခတ်ခဲ့ကြတယ်။ အလှူရှင်တွေရဲ့ အမည်ကိုလည်း နတ်လူသာဓုခေါ်စေဖို့ တံတိုင်းမှာ အကန့်လိုက် ထွင်းပြီး ရေးသားထားခဲ့ကြတယ်။ မင်းတို့ကျောင်းလာရင် တွေ့မှာပေါ့။ ပုသိမ်ကြီးမြို့. . . ဦးရွှေ . . ဒေါ်ရီ. . . သားမြေးမြစ်များ. . . ကောင်းမှု. . . စသည်ဖြင့်ပေါ့"

ဆရာက ကလေးများ သံပြိုင်ဖတ်သလို ဆိုပြ၍ တစ်တန်းလုံး ဝိုင်းရယ်ကြသည်။

"အေး . . . ဒါဟာ အဲသလို အော်ဖတ်ရုံတွင်ကလေး ရေးခဲ့တာ မဟုတ်ဘူး။ မင်းတို့ စဉ်းစားကြည့်ကြစမ်း။ အဲဒီ ကျောင်းကြီး၊ ဘုရားကြီး တည်ထားခဲ့ကြတဲ့ အလှူရှင်တွေဟာ သူတို့ လှူခဲ့တဲ့ကာလက သူတို့အသက်ဟာ မင်းတို့ အရွယ်ထက်တော့ ကြီးမှာ သေချာတယ်။ ဟုတ်တယ် မဟုတ်လား။ ဆိုလိုတာက အနည်းဆုံး အသက်သုံးဆယ် လေးဆယ်၊ ငါးဆယ် ဒါ့ထက်လည်းကြီးချင် ကြီးနိုင်တယ်။ ဘာပဲပြောပြော ဦးရွှေ ဒေါ်ရီဆိုတာ အသက် ငယ်ငယ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေတော့ မဟုတ်ချေဘူး။ သူတို့မှာ သား၊ မြေးမြစ်တွေတောင် ရနေမှကိုး"

"အဲသလို အလှူရှင်တွေဟာ သူတို့အမည်ကို သူတို့အလှူ လိုပဲ ကြာရှည်တည်တံ့အောင် ကမ္ပည်းထိုးခဲ့ကြတာပေါ့ကွယ်။ လွန်ခဲ့တဲ့ အနှစ်ရှစ်ဆယ်က လှူဒါန်းခဲ့တာဟာ ကြာရှည်သတိ ရအောင် စဉ်းစားတဲ့အခါ တံတိုင်းမှာ ရေးထိုးတာ ကောင်းတယ် ဆိုပြီး ပြုလုပ်ခဲ့ကြတာပဲကွဲ့။ ဒီလိုရေးထိုးတဲ့အချိန်က ဦးရွှေရဲ့ မြေးအငယ်ဆုံးဟာ အသက်သုံးနှစ်ပဲရှိသေးတယ်"

"အခုဆိုရင် ဦးရွှေ မရှိတော့ဘူး။ ခုန သူရဲ့ မြေးအငယ်ဆုံး ဆိုတာလည်း မရှိတော့ဘူး။ အားလုံး ကွယ်လွန်ကုန်ကြပြီ။ ဒါပေမဲ့ အဲဒီမြေးကမွေးတဲ့ သားနဲ့ မြေးတော့ ကျန်သေးတယ်။ အဲဒီ သားနဲ့ မြေးဟာ ဟိုးအခါ အလှူလုပ်တုန်း မမွေးကြသေး ဘူးဆိုတာ သဘောပေါက်တယ်နော်"

"ဒါပေမဲ့ သူတို့ဟာ သူတို့ရဲ့ ဘိုးဘေးကြီးဦးရွှေကို သိတယ်။ ဒါသူတို့ရဲ့ အမျိုးလေ။ ဟောဒီ အုတ်တံတိုင်းကို ရောက်တော့ ဒါဟာ ဒို့ဘိုးဘေးကြီး လှူထားတာပါလားလို့ သိရတယ်။ စာရှိတာကိုး။ ဖတ်ကြည့်ပြီး ဒါဟာဟိုလွန်ခဲ့တဲ့နှစ်ပေါင်းရှစ်ဆယ် အလှူတုန်းက ရေးထားတာပါလား ဆိုပြီး ပီတိဖြစ်ရတယ်။ သာဓုခေါ် ရတယ်။ ဒါဟာ ကောင်းသလား၊ မကောင်းဘူး လားဟေ့"

"ကောင်းပါတယ် ဆရာ"

အားလုံးဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲသည်လို အုတ်တံတိုင်း အလှူရှင်တွေ အများကြီးပဲ။ ဘုန်းကြီးကျောင်း တံတိုင်းမှာရော။ ဘုရားဖြူကလေး တံတိုင်းမှာရော။ ဖတ်ကြည့်ရင် တပည့်တို့တွေ့ကြပါလိမ့်မယ်။ ဒါဟာ သားစဉ်မြေးဆက် ကုသိုလ်ဖြစ်အောင်ရော၊ ဖတ်ရတဲ့သူ သာဓုခေါ်ပြီး ကုသိုလ်ရအောင်ရော၊ တို့မြန်မာတွေရဲ့ ချစ်စရာ ကောင်းတဲ့ အစဉ်အလာ ယဉ်ကျေးမှုတွေပဲ။ ဟုတ်တယ်မဟုတ်လည်း၊ သဘောပေါက်ပြီလား"

"ပေါက်ပါပြီ ဆရာ"

"အဲဒီတော့ ဘုရား တန်ဆောင်း ကျောင်းပြာသာဒ်တွေမှာ ကျောက်စာကမ္ပည်းထိုးခြင်းဟာ ကောင်းတဲ့ ဓလေ့လား၊ မကောင်းတဲ့ဓလေ့လား"

"ကောင်းတဲ့ဓလေ့ပါဆရာ"

အားလုံးက တစ်ညီတည်း ပြန်ဖြေကြသည်။ ဆရာက ခေါင်းညိတ်ရင်း ပြုံးသည်။ ထိုနောက် နံရံနှင့် စားပွဲများတွင် ဆွဲထားသော ပုံများကို လက်ညှိုးထိုးပြရင်း။

"လက်ရာပြောင်မြောက်လှတဲ့ ဆရာ့ တပည့်တွေကတော့ မြေဖြူနဲ့ ကျောင်းစာသင်ခန်းအတွင်း လက်စွမ်းပြထားလိုက်ကြတာ။ ကြည့်ကြစမ်းပါဦး။ မောင်ထွန်း ဒါဘာပုံလဲ"

"ကြက်ပုံပါ ဆရာ"

"မင့်ကြက်ခြေထောက်က နွားခြေထောက်လောက်ရှိတယ်"

တစ်တန်းလုံး ရယ်ကြသည်။

"ပေစိ ဒါဘာပုံလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်ပါဆရာ"

"မင်းက ဆိတ်လို့သာဆိုတယ်။ ချိုမပါတော့ ခွေးလိုပဲ" ရယ်ကြပြန်သည်။

"ဖိုးသင်း။ ဒါကရော ဘာပုံလဲ"

"ဆင်ပုံပါ ဆရာ"

"ဆင်နှာမောင်းက ဆင်ခန္ဓာကိုယ်ရဲ့ တစ်ဝက်လောက်ရှိတယ်။ ခြေထောက်လေးချောင်းက ကြက်ခြေထောက်လောက်ရှိတော့ ဒီဆင် မတ်တတ်တောင်ရပ်နိုင်ပါ့မလား။ ဇော်ဝင်း ဒါဘာပုံလဲ"

"ခွေးပါ. . . ဆရာ"

"မသိပါဘူးကွာ. . . ဆရာက ကြက်မှတ်လို့"

ဆရာသည် တစ်ပုံပြီးတစ်ပုံ အချိုးမပြေသည်များကို ဆက်ပြောနေသည်။ အားလုံးပြီးမှ။

"ဆရာတော့ ရင်လေးတယ်။ ဒီပုံတွေ နောက်အနှစ်နှစ်ဆယ်လောက်သာ ဆက်ရှိနေမယ်ဆိုရင် ကျောင်းတက်လာမယ့် မင်းတို့ သားသမီးတွေဟာ ဒါလောက်စုတ်ပြတ်နေတဲ့ပုံတွေ ပရမ်းပတာဆွဲသွားတာ တို့အဖေပါလားဆိုပြီး ခေါင်းမဖော်နိုင်အောင် အရှက်ရကြတော့မှာပဲ"

ထို့နောက် ဆရာသည် စာသင်ခန်းအတွင်း ညစ်ပတ်အောင် ပုံတွေဆွဲခြင်း၏ အပြစ်များကို ပြောပြနေသည်။ သူတို့လေးဦး ခေါင်းပင်မဖော်နိုင်ကြ။

"စာသင်ခန်းဟာ သန့်ရှင်းနေရမယ်။ လူတိုင်းရဲ့စိတ်မှာ ကြည်လင်နေအောင် ရှင်းလင်းနေရမယ်။ ဒါမှ သာမှာ စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



မှာ။ အခုလို ညစ်ပတ်နေမယ်ဆိုရင် စိတ်တွေရှုပ်ထွေးပြီး စာသင်ဖို့ကို အနှောင့်အယှက်ဖြစ်လာမယ်။ အုတ်တံတိုင်းမှာ ရေးထားတဲ့ စာရဲ့တန်ဖိုးနဲ့ အခုအတန်းထဲက အရုပ်တွေတန်ဖိုး ဘယ်လောက်ကွာတယ်ဆိုတာ တပည့်တို့ သိကြပြီလား"

"သိပါပြီ. . . ဆရာ"

"အဲဒီတော့ ဒီအခန်းထဲက အဓိပ္ပာယ်မရှိပုံတွေကို ဖျက်ပစ်တာ ကောင်းသလား၊ မကောင်းဘူးလား"

"ကောင်းပါတယ်. . . ဆရာ"

တစ်တန်းလုံး သံပြိုင်အော်လိုက်ကြသဖြင့် ပေစိတ်တို့ လန့်သွားကြသည်။

"ကဲ. . . အတန်းသားအားလုံးက တောင်းဆိုနေပြီဖြစ်တဲ့အတွက် ပန်းချီကျော်လေးဦး ပုံတွေကို ဖျက်လိုက်ပါဦး"

ဖျက်တော့ဖျက်ပါသည်။ မပျက်တော့ပါ။ ပုံတွေကို မြေဖြူရေဆွတ်ပြီး ရေးဆွဲထားသဖြင့် အလွယ်တကူ မပျက်တော့ချေ။ သူတို့လေးဦး ချွေးပြန်နေပြီ။

"ခုနတုံးက ဒီလိုလုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာ မင်းတို့ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

မောင်ထွန်းတို့လေးဦး၏ လေသံများက ပျော့ပျော့လေးသာ ရှိတော့သည်။

"ဒါဖြင့်ရင်. . . အပြစ်ရှိလား မရှိဘူးလား"

"ရှိပါတယ်. . . ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



အဆုံးမှာတော့ လေးဦးသား ပုံဆွဲသောလက်များ အရိုက်ခံကြရသဖြင့် နီရဲနေကြတော့သည်။

"မနက်ဖြန်ကျောင်းကို စောစောလာပြီး ပုံတွေကို အဝတ်ရေဆွတ်ပြီး ဖျက်ထားကြရမယ်၊ ဆရာစာသင်ဖို့ အတန်းထဲဝင်လာရင် ဘာပုံမှမတွေ့ချင်ဘူး . . . ကြားလား"

"ဟုတ်ကဲ့ . . . ကြားပါတယ် ဆရာ"

သူတို့လေးဦး နောင်တရပါပြီ။ နောက်တစ်နေ့တွင် အိပ်ရာမှ အစောကြီးထရဦးမည်။ ကျောင်းကိုအစောကြီးလာကာ အဝတ်ရေဆွတ်၍ ပုံတွေကို ကုန်အောင်ဖျက်ရဦးမည်။ ထို့ကြောင့် ဘကြီးဖြိုးက ကျောင်းသားတွေ မြေဖြူမကိုင်ရဘူးဟု ပြောခြင်းဖြစ်သည်ကို သဘောပေါက်မိပါတော့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## လက်ရွေးစင်

ဘောလုံးက အရှိန်ပြင်းစွာ လွင့်ထွက်သွားကာ နီးရာအိမ်တစ်အိမ်၏ နံရံကို သွားမှန်သည်။ ကံကောင်း၍ မှန်ပြတင်းကိုမထိ။ ထိများထိလျှင် လျော်လိုက်ရမည့်ဖြစ်ခြင်း။ လျော်တာကလူကြီးတွေအလုပ်မို့ တော်သေးသည်။ နောက်ဆက်တွဲပြဿနာကကျောကော့အောင် အရိုက်ခံရမည်ဖြစ်သည်။ အောင်ဘုတစ်ယောက် ထိုအိမ်ထဲမှ လူများထွက်မလာခင် ဘောလုံးကိုကောက်၍ အသာထွက်ပြေးခဲ့ရသည်။

ဘောလုံးကစားခြင်းကို အောင်ဘုဝါသနာပါသည်။ ထို့ကြောင့် ကျောင်းစာတွေလုပ်ပြီးတိုင်း ဘောလုံးကန်သည်။ အဖေကလည်း ရာဘာဘောလုံးတစ်လုံး ဝယ်ပေးသဖြင့် အဆင်ပြေနေသည်။ သို့သော် ဘောလုံးကို ဘယ်လိုကန်ရမည်၊ စနစ်တကျဘယ်လိုကစားရမည်ကိုတော့ အောင်ဘုမသိ။

ထို့ကြောင့် တစ်ယောက်တည်း ကြုံသလိုကန်သည်။ တစ်ခါတစ်ရံ ခြံစည်းရိုးတွေထိသည်။ တစ်ခါတစ်ရံ အိမ်တွေကိုမှန်သည်။ တစ်ခါတစ်ရံ လူတွေကြားထဲ ရောက်သွားသည်။ ကြာခဏလည်း မြောင်းထဲပြုတ်ကျသည်။ သို့သော် အောက်ဘုစိတ်မပျက်။

www.burmeseclassic.com



အောင်ဘုဘောလုံးဖြင့် ဆော့နေလျှင် မောင်ဝင်းတို့ တင်မြ
တို့က လှောင်လေ့ရှိသည်။

"မာရာဒိုနာကွ။ ရိုနယ်ဒိုအောင်ဘုကွ။ ဘောလုံးဆွဲလာပြီ။
ဆွဲလာပြီ ခင်ဗျ။ ဟောဗျာ. . . ဘောလုံးကို နင်းမိပြီးချော်လဲ
သွားပါတယ်ခင်ဗျာ"

အောင်ဘု အံကြိတ်ပြီး မတ်တပ်ရပ်လိုက်သည်။ လက်သီးဆုပ်
ပြီး ဒေါသဖြင့် စိုက်ကြည့်လိုက်သောအခါ ဟိုလိုလို၊ သည်လိုလို
ဖြင့် ရှောင်ထွက်သွားကြသည်။

တစ်ခုရှိသည်။ နေ့စဉ်နှင့်အမျှ အကန်လေ့ကျင့်နေသဖြင့်
တဖြည်းဖြည်း ဘောလုံးကို လိုရာသို့ရောက်အောင် ကန်နိုင်
လာသည်။

မိုးဖွဲဖွဲရွာပြီဆိုလျှင် အောင်ဘုတစ်ယောက် ဘောလုံးကို
ပိုက်ကာ မိုးရေထဲတွင်ဆင်း၍ ဆော့လေပြီ။ နေပူလျှင် သစ်ပင်ရိပ်
များတွင် ဆော့သည်။ မကြာခဏ သူငယ်ချင်းများနှင့် လူစုပြီး
ကစားသည်။ လူနှစ်ဖက်ခွဲကာ ကစားလျှင် အောင်ဘုဘက်က
နေချင်သူကများသည်။ အောင်ဘုက သူတို့ထဲတွင် ဘောလုံး
အထိန်းအသိမ်း တော်သည်။ ဂိုးဝင်အောင် ကန်နိုင်သည်။

အောင်ဘုသည် ပဥ္စမတန်း တက်နေသော ကျောင်းသား
အောင်ဘုကို တစ်ချိန်က ပြောင်ခဲ့၊ လှောင်ခဲ့ကြသူများသည်
အောင်ဘုထက် အတန်းတစ်တန်းကြီးသော်လည်း ဖော်တော်ကြ
သူများ မဟုတ်ကြ။ ကျောင်းပြေး၊ ရုပ်ရှင်ကြည့်၊ ဖော်ပစ်ကြဖို့သာ
သနာပါကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ယနေ့ ဆရာဦးကျော်မြင့်က ပဥ္စမတန်းအားလုံးမှ ကျောင်းသားများကို စုဝေးစေပြီး ပြောသည်။

"ဆရာတို့ကျောင်းမှာ ဘောလုံးအသင်းဖွဲ့ဖို့အတွက် အလယ်တန်းတစ်သင်းနဲ့ ကိုးတန်း၊ ဆယ်တန်းတွေအတွက် အထက်တန်းအသင်း နှစ်သင်းဖွဲ့မယ်။ အလယ်တန်းမှာ ငါးတန်းကနေ ရှစ်တန်းအထိပါမယ်။ ဘောလုံးအသင်းဖွဲ့ဖို့ လူရွေးချယ်ရမှာဖြစ်လို့ ပါဝင်ချင်တဲ့သူတွေ စာရင်းပေးကြပါ"

စုစုပေါင်း ကျောင်းသားခြောက်ဆယ်စာရင်းပေးကြသည်။ သူတို့ကို အသင်းလေးသင်းခွဲကာ ကန်ခိုင်းသည်။

အောင်ဘုမှာ လူရွေးချယ်ပွဲတွင် ပါဝင်ကစားသည်။

နောက်ဆုံး လက်ရွေးစင် တစ်ဆယ့်ရှစ်ယောက်မှာ ပါဝင်ချင်သွန်းသဖြင့် အလွန်ကြိုးစားသည်။ တစ်သင်းလျှင် သုံးပွဲစီကစားကြရသည်။

ပွဲတိုင်းတွင် မည်သူမျှတစ်ပွဲပြည့်အောင် မကစားရချေ။ ဆရာက လူအသွင်းအထုတ်လုပ်ပြီး ကစားစေသည်။ အောင်ဘုသည် ဒုတိယပိုင်းတွင်အမြဲ အထုတ်ခံရပြီး လူစားသွင်းခံရသဖြင့် စိတ်ဓာတ်ကျသွားသည်။ ဆရာက လူရွေးနေတာမှန်း သူမသိ။ လူရွေးပွဲများ ပြီးသောအခါ ဆရာဦးကျော်မြင့်က လူ ၂၆ ယောက်ကို ရွေးကြောင်း ပြောသည်။ ထိုအထဲတွင် အောင်ဘုပါလေသည်။ ထို့ကြောင့် အလွန်ပျော်သွားသည်။

"အခု နှစ်ဆယ့်ခြောက်ယောက်ကို အလယ်တန်း လက်ရွေးစင်အဖြစ် တစ်ဆယ့်ရှစ်ယောက်ရွေးမှာဖြစ်တယ်။

www.burmeseclassic.com



ကျန်တဲ့ရှစ်ယောက်ကတော့ ဆက်ကြိုးစားကြပါ။ မင်းတို့ကို ဆရာတစ်လ လေ့ကျင့်ပေးပြီး ခြေစမ်းပွဲနှစ်ပွဲကစားခိုင်းပြီး လက်ရွေးစင်ရွေးမယ်"

အောင်ဘု အိပ်၍ပင်မပျော်နိုင်ပါ။ သူအလွန် လက်ရွေးစင်ဖြစ်ချင်သည်။ ဘောလုံးတွင် အာရုံစိုက်သဖြင့် ကျောင်းစာများ လစ်ဟင်းလာသည်။

"အောင်ဘု မင်း အရင်လို စာတွေမရတော့ပါလား။ စိတ်က ဘောလုံးကို ရောက်နေတာနဲ့ ဒီဘက်မှာ လစ်ဟင်းလာတာ။ ကျောင်းသားမှာ အဓိကက ကျောင်းစာပဲ"

ဆရာမက သူနားလည်အောင် ရှင်းပြသည်။ အောင်ဘု သဘောပေါက်ပါသည်။ သို့သော် လေ့ကျင့်ခန်းတွေမှာ သူအပြင်းအထန် လေ့ကျင့်ရသဖြင့် ညဘက်မောမောနှင့် အိပ်ပျော်သွားသောကြောင့် စာမကျက်နိုင်။

တစ်ကယ်တော့ ပဏ္ဏာမလက်ရွေးစင်မှာပါသော်လည်း ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းကျောင်းသားကြီးတွေကို အောင်ဘုမယှဉ်နိုင်ပါ။ လက်ရွေးစင်အသင်းတွင် ပါချင်လွန်းသဖြင့်သာ လေ့ကျင့်နေရခြင်းဖြစ်သည်။ အရပ်ငါးပေခွဲကျော် ရှစ်တန်းကျောင်းသားကြီး လေးဦး၊ အရပ်ငါးပေကျော်ရှိသော ခုနစ်တန်းကျောင်းသားကြီး ခြောက်ယောက်နှင့် ရှစ်တန်းကျောင်းသားကြီး သုံးယောက်၊ သူ့ထက်အရပ် ငါးလက်မခန့် ပိုမြင့်သော ခြောက်တန်းကျောင်းသား ရှစ်ယောက်နှင့် သူ့ထက် အရပ်ပိုမြင့်သူ သူနှင့် ရွယ်တူ စသဖြင့် ပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း လူရွေးသောအခါ အောင်ဘု မပါတော့ပါ။ သူအလွန် စိတ်မာတတ်ကျသွားလေသည်။ ကျောင်းစာကိုပင် မကျက်ချင်။ အမြဲငေးမှိုင်နေသဖြင့် အဖေကပင် ခေါ်မေးရလေသည်။

"တကယ်တော့ အခုလူရွေးသောအခါ သားမပါတာကို ဝမ်းမနည်းသင့်ဘူး။ လူခြောက်ဆယ်လောက်မှာ ဒီနှစ်တက်တဲ့ ငါးတန်းတွေထဲက သားနဲ့ နောက်တစ်ယောက်ပဲအရွေးခံရတာ။ အခြား အတန်းကြီးက ကျောင်းသားတွေတောင် ပြုတ်ကျန်ခဲ့တာ ဒါကို ဂုဏ်ယူရမယ်သား။ အရင်က ဘောလုံးကို စနစ်တကျ ဘယ်လိုကန်ရမယ်တောင် မသိတဲ့အခြေအနေကနေ ဆရာရဲ့ သင်ပြမှုကြောင့် ဘယ်လိုကန်ရမယ်၊ ဘယ်လိုစနစ်နဲ့ ကန်ရမယ် ဆိုတာ သိပြီ။ ရှေ့ဆက်လေ့ကျင့်ဖို့ပဲလိုတယ်။ ဒီနှစ်အရွေးမခံရလဲ နောင်နှစ်ပေါ့ကွာ။ ရှေ့နှစ်ဆို သားလည်း ပိုပြီးထွားကျိုင်းလာမယ်။ လေ့ကျင့်မှုလဲပိုရှိလာမယ်။ ဒီတော့ ဒီနှစ်ဟာ သားရဲ့ အခြေခံနှစ်လို့ ယူဆရမယ်သား "

အဖေ၏ ပြောစကားကို အောင်ဘု သဘောကျသည်။

ထို့ကြောင့် စာပြန်ကျက်သည်။ ကျောင်းစာတွေ လစ်ဟင်းမှု မရှိတော့။ ဘောလုံးကတော့ အရင်ကလိုပင် အားတိုင်းကန်နေသည်။ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို သွားကြည့်သည်။ သူတို့ကစားပုံကို နမူနာယူသည်။ ရုပ်မြင်သံကြားမှ လွှင့်သော ဘောလုံးပွဲကို ကြည့်သည်။ အတုခိုးသည်။ ကိုယ်သာဆို ဘယ်လိုကန်လိုက်မည်ဟု စိတ်ကူးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်း ကာယလေ့ကျင့်ခန်းတွေကို လုပ်သည်။ အဖေက ကုလားပဲဆန်ကို ရေစိမ်စားခိုင်းသည်။

တစ်ခုတော့ ဒုက္ခရောက်သည်။ သည်နှစ်အတွင်း အပြင်းအထန် လေ့ကျင့်မှုကြောင့် အင်္ကျီတွေပင် သူနှင့် မတော်တော့ပါ။ အမေက ခဏခဏ ညည်းသည်။

"အောင်ဘုရယ်။ နင့်အင်္ကျီတွေကတော့ ဝယ်မလောက်ပါလား"

အားကစားဂျာနယ်တွေမှာပါသော ကမ္ဘာကျော် ဘောလုံးသမားတွေကို အောင်ဘုတစ်ယောက် အလွန်သဘောကျသည်။ သူတို့ဝင်ငွေသည် ဒေါ်လာသန်းနှင့်ချီ၍ ရသည်။ အောင်ဘုမှာ ထိုသို့သာ သူရလျှင် အမေ့ကို ပေးမည်ဟု စဉ်းစားထားသည်။

နွေရာသီ စာမေးပွဲကြီးပြီး၍ ကျောင်းများပင် ပိတ်ပါပြီ။

နွေရာသီ ရောက်သော်လည်း အောင်ဘု လေ့ကျင့်ခန်းတွေ မလျှော့။ ချွေးတစ်လုံးလုံးဖြင့် ဆက်လုပ်သည်။ သူတစ်ပါးတွေ အခြား ကစားနည်းတွေနှင့် ကစားနေချိန်တွင် အိမ်ပြင်မထွက်ဘဲ သန်မာထွားကျိုင်းဖို့လေ့ကျင့်သည်။ မနှစ်က အရပ်လေးပေ ကိုးလက်မသည် သည်နှစ် အရပ် ငါးပေကျော်လာပြီ။ အသက် တစ်ဆယ့်နှစ်နှစ်ကျော်သည်တွင် အရပ်ငါးပေကျော်ရှိသော လူငယ်ကလေး ဖြစ်နေပြီ။

သူများတွေကတော့ ဘောလုံးရူးဟု သူ့ကို ခေါ်ကြသည်။ အောင်ဘု မမှုပါ။ ဘောလုံးရူးက တစ်နေ့တွင် သူတို့ကို ထူးခြားအောင်လုပ်ပြလိုက်မည်ဟု အားခဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျတွင် ကျောင်းများပြန်ဖွင့်ပါပြီ။

ရပ်ဝေးမှ သူငယ်ချင်းများ အောင်ဘုကိုကြည့်၍ အံ့သြသွားကြသည်။

"ဟာ. . . အောင်ဘုကွ။ လူကြီးတောင်ဖြစ်နေပြီ"

သူငယ်ချင်း တစ်ယောက်ကပြောတော့ အောင်ဘု အလွန်ကျေနပ်သွားသည်။

"ဒီနှစ်တော့ လူရွေးပွဲလုပ်ရင် မင်းအရွေးခံရမှာပဲ"

ဟုတ်ပါသည်။ လူရွေးပွဲတွင် နောက်ဆုံးအဆင့်၌ ရှေ့တန်းမှ ထူးခြားစွာ ကစားပြသွားနိုင်သော အောင်ဘုကို ဆရာဦးကျော်မြင့်က ရွေးလိုက်ပါသည်။ မနှစ်က ရှစ်တန်းကျောင်းသားများက ကိုးတန်းတက်သွားသဖြင့် ရှေ့တန်းတစ်နေရာ လွတ်သွားသည်။ အသစ်ဘက်လာသော သူများထဲတွင် ရှေ့တန်းကို ကောင်းကောင်း မကစားနိုင်ကြ။ ထို့ကြောင့် အပြေးသန်ပြီး ထူးထူးခြားခြား လိမ်ခေါက်ကစားတတ်သော အောင်ဘုကို ဆရာက သဘောကျသည်မှာ မဆန်း။

"နောက်တစ်လမှာ အလယ်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲရှိတယ်။ မင်းတို့ကြိုးစားထားကြ"

အားလုံး ကြိုးစားကြသည်။

နှစ်ပတ်မျှ လေ့ကျင့်ပြီး မိမိကျောင်းက အထက်တန်းကျောင်း လက်ရွေးစင် အသင်းနှင့် ခြေစမ်းကြသည်။ တစ်ဂိုးစီ သရေကျသွားသည်။ အလယ်တန်း အသင်းအတွက်ဂိုးကို အောင်ဘုက သွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးကျော်မြင့်၏ မျက်နှာသည် ပြုံးနေကာ အားရသည့် အသွင်ပေါ်နေသည်။

"ဒီအတိုင်းသာဆိုရင် တို့အသင်း ဗိုလ်စွဲနိုင်တယ်"

တကယ်ပြိုင်သောအခါတွင်လည်း ဗိုလ်လုပွဲနေ့တွင် အောင်ဘုတို့အသင်းက တစ်ဖက်အသင်းကို နှစ်ဂိုးတစ်ဂိုး ဖြင့်နိုင်ကာ ဗိုလ်စွဲခဲ့လေသည်။

ဝ ဝ ဝ

ကျောင်းနှစ်ပတ်လည် ဆုနှင်းသဘင်တွင် ဖြစ်သည်။

ပညာရည်ချွန်ဆုရသူများအပြင် အထက်တန်းကျောင်း ပေါင်းစုံပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၌ တတိယရသော ကျောင်း အထက်တန်း လက်ရွေးစင်အသင်းနှင့် အလယ်တန်းကျောင်း ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမချန်ပီယံဆုရသော အောင်ဘု တို့အသင်းလည်းတက်ရသည်။ ဆုယူရန်ဖြစ်သည်။

"ဒီနှစ် ကျောင်းသူ ကျောင်းသားတွေကို အားကစားနဲ့ ပတ်သက်လို့ နည်းနည်းပြောချင်ပါတယ်"

ကျောင်းအုပ်ဆရာကြီးက ပြောသည်။

"မနှစ်က လက်ရွေးစင် အရွေးမခံရတဲ့ ကျောင်းသား တစ်ယောက် ရှိပါတယ်။ သူဟာ လူကသေးညက်ပြီး အသက် ကလဲငယ်သေးတယ်။ ဆရာဦးကျော်မြင့်က သူ့ကိုမရွေးခဲ့ဘူး။ ကျောင်းစာမှာတော်သလို ဘောလုံးမှာ အင်မတန်ထူးချွန်ချင် တယ်။ ဒါကြောင့် တစ်နှစ်လုံး သူလေ့ကျင့်ခဲ့တယ်။ မနှစ်က လူသေးသေးလေးဟာ ဒီနှစ် လူကြီးတစ်ယောက်လို ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သူ့အသင်းအတွက် အများကြီးကြိုးစားခဲ့တယ်။ သူကတော့ ဒီနှစ်ဗိုလ်စွဲတဲ့ အလယ်တန်းအသင်းက ရှေ့တန်း တိုက်စစ်မှူး အသင်းခေါင်းဆောင် မောင်အောင်ဘုပါပဲ”

လက်ခုပ်သံများ ညံသွားသည်။ အောင်ဘုလည်း မနေ တတ်သလို ဖြစ်သွားသည်။

“ပဋ္ဌမတန်းမှာ တစ်ကျောင်းလုံး ဒုတိယဆုရတဲ့ မောင်အောင်ဘု ဆုယူရန်ကြွပါ”

အောင်ဘု တိုက်ပုံလေးပြင်ဝတ်ပြီး ဆုတက်ယူသည်။ ဆုယူပြီး လှည့်ထွက်သောအခါ ဆရာကြီးက လက်လှမ်းဆွဲထား သဖြင့် တစ်ကျောင်းလုံးက ဝိုင်းရယ်ကြသည်။

“နေဦး . . .။ ဒီနှစ်ကစပြီး အထူးချွန်ဆုံးကျောင်းသား ကျောင်းသူကို စပြီး ရွေးမှာဖြစ်လို့ ဒီနှစ်အထူးချွန်ဆုံးဆုကို အောင်ဘုကို ပေးအပ်ပါတယ်”

လက်ခုပ်သံများညံသွားပြန်သည်။ အဖေနှင့် အမေက ပြုံးနေကြသည်။

“ဒါ့အပြင် အလယ်တန်း ချန်ပီယံအသင်းအတွက် ဆုလက်ခံဖို့ ဆရာဦးကျော်မြင့်၊ ဂိုးသမား မောင်တင့်ဆွေနဲ့ မောင်အောင်ဘု ဆုလက်ခံဖို့ ကြွပါ”

သည်နေ့ကတော့ အောင်ဘုအတွက် မင်္ဂလာပါ။ တစ်နှစ်လုံး ပင်ပန်းခဲ့သမျှ အပန်းပြေပျောက်ရလေပြီ။ ဘာမဆို လိုချင်လျှင် ပြင်းပြင်းထန်ထန်လေ့ကျင့် ကြိုးစားရမည်ဆိုသည်ကို အောင်ဘု လက်ဝါးထင်ထင်သိရလေပြီ။ ။

www.burmeseclassic.com

# ညစ်မိုး

သူ့ကိုစမြင်ကတည်းက ကျွန်တော်ကြည့်မရ။

သူ့ပုံစံသည် အမြဲတစေ ညစ်ပတ်နေတတ်သည်။ အကျႌ အဝတ်အစားကလည်း မသန့်ရှင်း၊ ခေါင်းစုတ်ဖွားနှင့် အမြဲ ကျောင်းတက်သည်။ လွယ်အိတ်က စုတ်နေပြီး ကျောင်းလာ လျှင် ဖိနပ်မပါလာ။ ကျောင်းလည်း အမြဲနောက်ကျသူဖြစ်သည်။ သူ ကျွန်တော်တို့ကျောင်းကို စရောက်လာကတည်းက ကျွန်တော်သည် ဖိနပ်အမိုးခံရမှာစိုး၍ အမြဲသတိထားနေ ရသည်။ ပြီးတော့ သူ့ကိုယ်မှ တစ်ခါတစ်ရံ ရွံ့ဗွက်စော်နံနေ သေးသည်။

ကျွန်တော်သည် စတုတ္ထတန်းတွင် ပညာသင်ကြားနေ ပါသည်။ ကျောင်းတွင် စတုတ္ထတန်း သုံးခန်းရှိသည်။ အညံ့ အတော်အလိုက် ခွဲထားသဖြင့် (ဂ) တန်းသည် အညံ့ဆုံးဖြစ် သည်။ မနှစ်က တတိယတန်းမှာ အမှတ်နည်းခဲ့သောသူများ (ဂ) တန်းကိုရောက်နေသည်။ သို့သော် ပထမလပတ် စာမေးပွဲ ဖြေပြီးသောအခါ အတန်းထဲတွင် ကျွန်တော် ပထမရသဖြင့် ကျွန် တော်သည့်စာရင်းတွင်တော့ ပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ပထမလပတ် စာမေးပွဲမဖြေခင်ကလေးတွင်မှ နယ်ကပြောင်းလာသည်။ သူ့အဖေသည် ရဲသားကြီးဖြစ်သောကြောင့် နယ်စုံပြောင်းရသည်။ ယခု သူတို့အိမ်သည် ကျွန်တော်တို့ အိမ်၏ နောက်ဘက်မျက်စောင်းထိုးမှာ ရှိပါသည်။ သူတို့နှင့် ကျွန်တော်တို့အိမ်သည် ကျောခြင်းကပ်လျက် လမ်းမှာ နေကြသည်။

ကျွန်တော်တို့အိမ်သည် တိုက်ခံအိမ်ဖြစ်သည်။ ကျွန်တော်တို့မှာ တီဗီရှိသည်။ ရေဒီယိုရှိသည်။ ကက်ဆက်ရှိသည်။ ဗီဒီယိုကြည့်ရန် စက်ရှိသည်။ စက်ဘီးရော၊ ကားပါရှိသည်။ ကျွန်တော်တို့သည်လမ်းထဲတွင် လူချမ်းသာစာရင်းဝင် ဖြစ်ပါသည်။

သူတို့အိမ်ကတော့ တဲပုတ်သာဖြစ်သည်။ သူတို့လမ်းနှင့် ကျွန်တော်တို့လမ်းကြားတွင် ရပ်ကွက်၏ ရေနုတ်မြောင်းကြီး ရှိသည်။ ထို့ကြောင့် အိမ်ချင်းတော့ ဝေးပါသည်။ သူတို့အိမ်နှင့် ကျွန်တော်တို့အိမ် အခြေအနေကလည်း အရမ်းကွာသည်။ သည်လောက်ဆင်းရဲသဖြင့် သူ့ကို ကျွန်တော် အရေးမလုပ်ပါ။

သူ့အမည်မှာ ချစ်မိုးဖြစ်ပါသည်။ သူ့ကို သူတို့အိမ်နောက်ဖေးက ကန်စွန်းအိုင်ထဲတွင် ကန်စွန်းရွက်ခူးလျက် အမြဲတွေ့နိုင်သည်။ တစ်ခါတစ်ရံ သူတို့မွေးထားသော ဝက်တဲတွင် အလုပ်လုပ်နေသည်ကို တွေ့နိုင်သည်။

ပထမလပတ်စာမေးပွဲတွင် သူစာမေးပွဲကျသည်။ ထို့ကြောင့် ဆရာမက တစ်ဘာသာ တစ်ချက်ဖြင့် သူ့ကိုလေးချက် ရိုက်ပါသည်။ ချစ်မိုး မငိုပါ။ ကျွန်တော်ကတော့ ဝမ်းသာသည်။

www.burmeseclassic.com

www.burmeseclassic.com



အညံ့ဆုံးအတန်းတွင် အညံ့ဆုံးမို့ ခုံနံပါတ်က နောက်ဆုံး။ သူကတော့ သည်နှစ် လေးတန်းကျပါလိမ့်မည်။

☠ ☠ ☠

မှတ်မိပါသေးသည်။ ဆရာမ စာသင်နေသဖြင့် ပေတံသုံးရန် လိုအပ်သောကြောင့် ကျွန်တော့် ပေတံရှာရသည်။

မတွေ့။ လွယ်အိတ်ထဲရှာသည်။ စုံအောင် ရှာသည်။ ဘေးက သူငယ်ချင်း ကျော်မြင့်ကို ယူထားသလား မေးသည်။ သူမယူ။ ပေတံသည် ခြေပေါက်ပြီး ဘယ်ပျောက်သွားပါလိမ့်။ နှံ့အောင်ရှာသည်။ မတွေ့။ ကျွန်တော် အမူအယာ ပျက်နေသည်ကို ဆရာမကသိ၍ မေးသည်။

"မောင်ဝင်းနိုင်. . . ဘာဖြစ်တာလဲ"

"ပေတံပျောက်သွားလို့ ဆရာမ"

"ကဲဟဲ့. . . မောင်ဝင်းနိုင်ရဲ့ပေတံ ဘယ်သူယူထားသလဲ"

ဘယ်သူမှ မပြောပါ။ ဆရာမက တစ်ယောက်ချင်း ရှာပါသည်။ ကျောင်းသူ ကျောင်းသားများ၏ လွယ်အိတ်များထဲမှ ပေတံများတွေ့သည်။ သို့သော် ကျွန်တော့် ပေတံမဟုတ်။ ရှေ့ဆုံးတန်းမှ နောက်ဆုံးတန်းအထိ စစ်သည်။

"မောင်ချစ်မိုး . . . လွယ်အိတ်ပြစမ်း"

ဆရာမက လွယ်အိတ်ကို ယူကြည့်သည်။ ကော်ပေတံအဖြူကလေး တစ်ချောင်း တွေ့သည်။ နည်းနည်းတော့ ဟောင်းနေပြီ။

"ဟာ. . . အဲဒါ သားပေတံ ဆရာမ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှကြည့်၍ ကျွန်တော့်ပေတံ အမှတ်ဖြင့် ရုတ်တရက် ပြောလိုက်သည်။

"ဟင်း . . . ကြည့်စမ်း။ မင်း . . . မောင်ဝင်းနိုင်ရဲ့ ပေတံကို ခိုးထားတယ်။ ကျောင်းသားကျောင်းသူအချင်းချင်း ပစ္စည်းမခိုး ရဘူးလို့ ဆရာမ မှာထားတယ်။ မင်း . . . မမှတ်မိဘူးလား"

"မဟုတ်ဘူး . . . ဆရာမ။ အဲဒါ ကျွန်တော့်ပေတံ။ ဒီမှာ ကျွန်တော့် နာမည် ထိုးထားတယ်"

ခုမှတော့ သူ့ဟာဟု ကျွန်တော်သိသော်လည်း သူမှန်သည် ဟု မပြောချင်သဖြင့် ပြောလက်စနှင့် ဆက်ပြောရတော့သည်။

"မင်း ခိုးပြီးမှ နာမည်ထိုးထားလည်း ရတာပဲ။ အဲဒါ ငါ့ပေတံ"

"မဟုတ်ပါဘူး၊ ဒါ အရင် ---မြို့မှာနေတုန်းက ဒုတိယတန်း မှာ ပထမရလို့ ကျွန်တော်ဆုရထားတာ ဆရာမ။ သုံးတန်း ကတည်းက ကျွန်တော်ကိုင်နေတာ"

"မဖြစ်နိုင်ဘူး။ သုံးတန်းက မင်းဒီမှာရှိတာ မဟုတ်ဘူး။ အလကား။ သူလိမ်ပြောနေတာ ဆရာမ။ အဲဒါ ကျွန်တော့် ပေတံ"

အားလုံးက ငြိမ်၍ နားထောင်နေကြသည်။ နောက်ဆုံး မှာတော့ သူ့ပေတံအန္တမ်းအလေးကို ကျွန်တော်ရလိုက်သည်။ ဆရာမက သူ့ကို ဆူသည်။

ချစ်မိုး မငိုပါ။ သူ့စာရေးခုံကိုသာ စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ပြန်ရောက်သောအခါ ကျွန်တော်၏ စာရေးစားပွဲတွင် မနက်ကျောင်းသွားစဉ်က မေ့ကျန်ခဲ့သော ကျွန်တော်၏ ကော်ပေတံ အဖြူအသစ်ကလေးကို စာအုပ်တစ်အုပ်ပေါ်၌ တင်ထားလျက်သား တွေ့ရလေသည်။

☠ ☠ ☠

"မောင်ဝင်းနိုင်၊ ဆရာမကိုယ်စား စာတွေ ခေါ်ပေးလိုက်နော်။ ဆရာမကို ကျောင်းအုပ်ဆရာမကြီးက ခဏလာဖို့ ခေါ်ထားလို့"

ဆရာမက အတန်းထဲတွင် စာအတော်ဆုံးဖြစ်သော ကျွန်တော့်ကို စာခေါ်ပေးရန် တာဝန်ပေးခဲ့သည်။

သမိုင်းစာတွေ ခေါ်ပြီးလျှင် မြန်မာစာ ဆက်ခေါ်ရန်ပါ ပေးခဲ့သည်။ ကျွန်တော် စာခေါ်သမျှအားလုံးက လိုက်ရေးကြရသည်။

"ဝင်းနိုင်ရေ။ ငါ မမီတော့ဘူးကွ။ နည်းနည်း ဖြည်းဖြည်း ခေါ်ပါ"

ချစ်မိုးက နောက်ဆုံးတန်းမှ လှမ်းပြောသည်။

"အားလုံးတောင် မီအောင်ရေးနိုင်တာ။ မင်းလည်း မီအောင်ရေး"

"ဖြည်းဖြည်းခေါ်ပါကွာ"

"မခေါ်နိုင်ပါဘူး။ မကျေနပ်ရင် မရေးနဲ့"

"မင်းကို ဆရာမနဲ့တိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဘာကွ။ မင်းတိုင်ရဲရင် တိုင်ကြည့်စမ်း"

ကျွန်တော်နေရာမှထကာ သူ့ဆီသွားလိုက်သည်။ ထိုင်နေသော သူ့ကို ရင်ဘတ်မှ အင်္ကျီစကို ဆွဲ၍ မ,လိုက်သည်။ ချစ်မိုးသည် ကျွန်တော်ထက်အနည်းငယ် လူကောင်သေးပါသည်။ ဆွဲမသည့် အရှိန်နှင့် သူမတ်တပ်ရပ်သွားသော်လည်း သူ့အင်္ကျီပုခုံနှစ်ဖက်သည် ဗြိခနဲပြဲသွားပါသည်။

"ဟာ. . . အင်္ကျီပြဲသွားပြီ"

"အေး . . . မင်းကြပ်ကြပ်သတိထား။ နောက်ကို အင်္ကျီသာမကဘူး၊ လူပါဒုက္ခရောက်သွားမယ်"

ချစ်မိုးသည် ဘာမျှ ပြန်မပြောပါ။ အင်္ကျီပြဲသည့်နေရာကိုသာ လက်ဖြင့်စမ်းကြည့်နေရင်း မျက်နှာတော့ မကောင်းလှပါ။ ထို့နောက် သူ့နေရာကို ပြန်ထိုင်ချလိုက်ပါသည်။ ကျွန်တော်သည် ရေးလျက်သားပွင့်နေသော သူ့စာအုပ်ကို ကြည့်လိုက်သည်။ စာအုပ်ထဲတွင် ဝိုင်းစက်လှပသော လက်ရေးဖြင့် စာလုံးကလေးများကို တွေ့ရသည်။ ကျွန်တော်ကိုယ် ကျွန်တော် လက်ရေးတော်တော် လှလှပြီဟု ယူဆထားသည်မှာ မှားပါတော့သည်။ သူ့ကို တော်တော် မနာလိုသွားပါသည်။

"ကဲ . . . စာဆက်ခေါ်မယ်

စာခပ်မြန်မြန် ဆက်ခေါ်ပါသည်။ သို့မှသာ ချစ်မိုးလက်ရေးလှအောင် မရေးနိုင်မှာ ဖြစ်သည်။

"ကျောင်းမဆင်းခင် အကုန်ခေါ်မယ်။ မမီတဲ့သူ မီအောင်ရေး။ ဟိုတိုင် ဒီတိုင် လုပ်ရင်တော့ ငါ့အကြောင်းသိမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ပြန်မပြောပါ။ ချစ်မိုးသည် သူ့ဘေးက လှဦးကို ဘာပြောလိုက်သည် မသိပါ။ လှဦးက ခေါင်းညိတ်သည်ကိုသာ တွေ့ရသည်။ ဘာများပါလိမ့်။ ကျွန်တော်က စာခေါ်သည်ကို ရပ်ပြီး သူ့ကိုစိုက်ကြည့်လိုက်သောအခါ ချစ်မိုးခေါင်းငုံ့သွားသည်။

ကျောင်းဆင်းကာနီးမှ ဆရာမ ပြန်ရောက်လာသည်။ ဆရာမကို စာအုပ်တွေ ပြန်အပ်ပြီး ခဏာတွင် ကျောင်းဆင်းသည်။ ချစ်မိုးက လှဦးထံမှ စာအုပ်ငှားနေသည်ကို တွေ့ရသည်။ ခဏကြာသောအခါ အိမ်ကလာကြိုသောကားနှင့် ကျွန်တော် ပြန်ခဲ့သည်။ လမ်းတွင် အကျီပြုနှင့် လွယ်အိတ်လွယ်လျက် အိမ်ပြန်နေသော ချစ်မိုးကို တွေ့လိုက်သည်။ စိတ်ထဲမှာ အလိုလို အော်ချင်လာသည်။

"ဟေ့ကောင် . . . ညစ်မိုး"

ချစ်မိုးသည် လမ်းလျှောက်ရင်း ကားပေါ်မှ ကျွန်တော့်ကို လှည့်ကြည့်သည်။ ဘာမျှတော့မပြောပါ။ ခေါင်းငုံ့ပြီးသာ ခပ်သွက်သွက် ဆက်လျှောက်သွားသည်။

မိုးက ကျောင်းသွားကာနီးမှ ရွာသည်။

☠ ☠ ☠

ဦးလေးက ကျောင်းတက်ကာနီးတွင် ကျွန်တော့်ကို ကားနှင့် လိုက်ပို့သည်။ ကျောင်းသား ကျောင်းသူများ လမ်းပေါ်တွင် ကျောင်းသွားနေကြသည်။ ကားကို ဦးလေး ဂရုတစိုက် မောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဦးလေးသည် ကားကို မောင်းရင်း လူကိုရော၊ တစ်ဖက်မှလာသော ကားနှင့် အခြားယာဉ်များကိုပါ ရှောင်နေရသည်။

မိုးကသည်းသည်းမဲမဲ ရွာထားသဖြင့် လမ်းတွင်ရှိသော ချိုင့်များသည် ရေအိုင်များ ဖြစ်နေကြသည်။

ကျောင်းမရောက်မီ အရှေ့ဘက်မှလာသော ကားတစ်စီးကို ဦးလေးက ရှောင်လိုက်သည်။ ထိုအခါ ကားသည် လမ်းဘေးရေအိုင်ထဲ မောင်းမိသွားသည်။

ရေအိုင်ထဲမှရေသည် လမ်းဘေးမှ လျှောက်လာသော ကျောင်းသားကို ဗွမ်းခနဲ သွားစင်သည်။

"ဟာ. . . ပေကုန်ပြီ"

အသံလာရာကို ကြည့်လိုက်မိသည်။ ချစ်မိုး ဖြစ်နေသည်။ ချစ်မိုးသည် ရွှံ့ရေများ စိုသွားသော အင်္ကျီနှင့် ပုဆိုးကို ငုံ့ကြည့်ကာ ကျွန်တော်တို့ကားကို လှမ်းကြည့်သည်။

"ဟာ. . . မတော်လို့နော် ငါ့တူ။ ဦးလေး ဟိုဘက်ကားကို ရှောင်လိုက်တာ။ ချိုင့်ထဲကျသွားလို့။ ဦးလေး ဘာလုပ်ပေးရမလဲ။ လာလေ။ ကားပေါ်တက်။ ဦးလေး လိုက်ပို့ပေးမယ်"

ထိုစဉ် ချစ်မိုးသည် ကားထဲမှ ကျွန်တော့်ကိုမြင်သွားကာ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ဘာမျှမပြောတော့ပါ။ ဦးလေးက ကားတံခါး ဖွင့်ပေးသော်လည်း မတက်ပါ။

"ဦးလေး . . . ခေါ်တင်မနေနဲ့။ ဒီကောင် ကျွန်တော်တို့ အတန်းထဲက။ ဦးလေး ရွှံ့ရေတွေမစင်လည်း ဒီကောင်က အမြဲတမ်း ရွှံ့စော်နံနေတာ။ ဘာမှ မထူးဘူး။ ခေါ်တင်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com


"ဟာ မဟုတ်တာ။ လာလေ . . . သားရဲ့"

ချစ်မိုးသည် ရပါတယ်ဟုပြောကာ သူ့ဘာသာလမ်းဆက်လျှောက်သွားပါသည်။ ဦးလေးက သူ့ကို ရပ်ကြည့်နေသေးသည်။

"လာလေ။ ဦးလေးရဲ့ ကျောင်းချိန်နီးနေပြီ"

အတန်းထဲရောက်သောအခါ ညစ်ပတ်နေသောသူ့ကို ဆရာမ မြင်သွားပါသည်။ အိမ်ကိုပြန်၍ အဝတ်လဲခိုင်းသည်။

"လဲစရာ မရှိတော့ဘူးဆရာမ"

"ဒါဖြင့်ရင် မောင်လှဦးက အရှေ့တန်းကို ပြောင်းထိုင်။ မင်းတစ်ယောက်ထဲ နောက်မှာထိုင်။ နို့မို့ သူများတွေကို ပေကုန်မယ်"

ချစ်မိုး ဘာမျှမပြောပါ။ ခေါင်းကို ငုံ့၍ စားပွဲခုံကို ကြည့်နေပါသည်။ ထိုနေ့မှစ၍ သူ့အမည် ချစ်မိုးသည် ညစ်မိုးဖြစ်သွားလေသည်။

☠ ☠ ☠

ဒုတိယလပတ် စာမေးပွဲ စစ်ပါပြီ။

အတန်းထဲတွင် ခုံနံပါတ်တစ်ဖြစ်သော ကျွန်တော်သည် ယခုလပတ်လည်း ပထမပင် ရပါဦးမည်။ စာတွေ အကုန်လုံး ကျွန်တော် ရထားပြီးဖြစ်သည်။ သုံးတန်းတုန်းကလို မဖြစ်ရန် အရမ်းကြိုးစားရသည်။ ကျူရှင်တွေလည်း တက်ထားသဖြင့် သည်လပတ်လည်း အပိုင်ပင်။

စာမေးပွဲအမှတ်များ သိရမည့်နေ့တွင် အရိုက်ခံရမည့်စာရင်း၌ ချစ်မိုးပါမည်ကတော့ ကျိန်းသေပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲစစ်ပြီး၍ တစ်ပတ်မျှကြာသောအခါ ဆရာမက အမှတ်စာရင်း ပြောပြသည်။ ဘာသာရပ်အားလုံးတွင် ချစ်မိုးသည် ကျွန်တော့်ထက် အမှတ်များစွာသာလွန်ကာ ထူးထူးချွန်ချွန် ပထမရသွားသည်။ ကျွန်တော်က ဒုတိယသာရသည်။

"မောင်ချစ်မိုးက ဘယ်ဆိုးလို့လဲကွဲ့။ ဒီလောက်အမှတ်တွေက (က) တန်းက ဒုတိယသမားထက်တောင် များသေးတယ်။ မောင်ဝင်းနိုင်လည်း ဆက်ကြိုးစားပေါ့။ ပြိုင်ဘက်ရလာတော့ ပိုကြိုးစားဖြစ်တာပေါ့။ ဒါနဲ့ မောင်ချစ်မိုးက ဘယ်မှာ ကျူရှင်ယူသလဲကွဲ့"

"ကျွန်တော် ကျူရှင်မယူပါဘူး ဆရာမ။ ယူဖို့အချိန်လည်း ကျွန်တော့်မှာ မရှိပါဘူး"

"ဘာဖြစ်လို့လဲကွဲ့"

"ကျွန်တော် ကျောင်းမလာခင်နဲ့ ကျောင်းဆင်းရင် အိမ်မှာ ကန်စွန်းရွက်ခူးရပါတယ်။ ပြီးရင် ဝက်တွေကို ရေချိုးပေးရပါတယ်။ ပြီးတော့ အစာကျွေးရပါတယ်။. . . . "

ချစ်မိုးက သူနေ့စဉ် အိမ်မှာလုပ်ရသမျှကို ဆရာမအား ပြောပြနေပါသည်။ ဆရာမက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေပါသည်။

"အေး . . . အေး။ နောက်ကိုစာနားမလည်တာရှိရင် ဆရာမကို ကျောင်းမှာပဲဖြစ်ဖြစ်၊ အိမ်မှာဖြစ်ဖြစ် လာမေးနိုင်တယ်။ သိလား"

ကျွန်တော် မကျေနပ်ပါ။ ဆရာမ သူ့ကိုပိုခင်သွားသည်ကို ကျွန်တော် စိုးရိမ်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နောက်ကို ဆရာမ သူ့ကို ပိုမခင်ရန်နှင့် ပထမရသူမို့ သူ့ကို စာမခေါ်ခိုင်းစေရန်အတွက် တစ်ခုခု လုပ်ရပါမည်။ ကျောင်းဆင်းသောအခါ ကျွန်တော် ချစ်မိုးရှိရာ နောက်ဆုံးခုံသို့ သွားပါသည်။ ချစ်မိုးသည် ပြန်ရန် လွယ်အိတ်ပြင်နေပါသည်။

"ဟော့ကောင်ညစ်မိုး . . . မင်းကို ဆရာမစာခေါ်ခိုင်းရင် မခေါ်တတ်ဖူးလို့ပြော။ ဆရာမ မင်းကိုစာခေါ်ခိုင်းလို့ခေါ်ပေးရင် မင်းနဲ့ငါ တွေ့မယ်မှတ်"

"အေးပါကွ။ ငါမခေါ်ပါဘူး။ ငါသွားတော့မယ်"

ချစ်မိုး လှည့်ထွက်သွားပါသည်။ အတန်းထဲတွင် သူ့ကို မည်သူမျှ အထင်မကြီးစေချင်ပါ။ ကျွန်တော့်ကို သူဌေးသားမို့ အထင်ကြီးကြသည်။ ယခု ပထမရသဖြင့် သူ့ကိုအားလုံးက အထင်ကြီးမလာကြစေရန် စာမခေါ်ရအောင် လုပ်ထားလိုက်ပါသည်။

☠ ☠ ☠

ကျွန်တော်တို့အိမ်မှာ သူခိုးခိုးခံရသည်။

ပထမ စက်ဘီးတစ်စီး ပျောက်သည်။ အဖေနှင့် အမေတို့က စုံစမ်းသည်။ မရ။

မကြာပါ။ နောက်ထပ် စက်ဘီးတစ်စီး ပျောက်ပြန်သည်။ အဖေတို့ သက်ဆိုင်ရာကို တိုင်သည်။ သက်ဆိုင်ရာမှ လိုက်၍ စုံစမ်းဆဲဖြစ်သည်။ ရပ်ကွက်ထဲမှာ မသင်္ကာသူတွေ စစ်သည်။ ပြန်မရ။

နောက်တစ်ပတ် ကြာသောအခါ အိမ်ဖောက်ထွင်းခံရပြီး ကက်ဆက်ကြီး အခိုးခံရသည်။ အဖေတို့ တိုင်ချက်အရ အိမ်ကို

www.burmeseclassic.com

www.burmeseclassic.com


ရဲများလာရောက် စစ်ဆေးသည်။ အိမ်က အိမ်သားတွေပါ အစစ်ခံရသည်။ ကားဒရိုင်ဘာ ဦးဆန်းတို့ လင်မယား၊ ဦးဆန်း၏ တူ၊ အိမ်ဖော် မအေးတို့ပါ အစစ်ခံရသည်။

လာစစ်သော ရဲသားများတွင် ချစ်မိုးအဖေ ရဲကြီးဦးဘမိုး လည်းပါသည်။ ရဲများသည် ခြံပတ်လည်ကို စစ်ဆေးကြပြီး ခြံစည်းရိုးများပါစစ်သည်။ ထို့နောက် သူတို့အချင်းချင်း ခြံထောင့်တွင် တီးတိုးတိုင်ပင်ကာ ပြောဆိုနေကြသည်။

"ဦးမြင့်နိုင်ရေ။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ မကြာခင် ခင်ဗျားတို့ရဲ့ ပစ္စည်းတွေကို ခိုးတဲ့သူတွေ လက်ပူးလက်ကြပ် မိမှာပါဗျာ"

"ကျေးဇူးတင်ပါတယ်. . . ဆရာကြီးရာ၊ မိရင်တော့ ဆရာကြီးတို့ကို ဂုဏ်ပြုပွဲကောင်းကောင်း လုပ်ပေးပါ့မယ်"

ရဲကြီးများ ပြန်သွားကြသည်။ ထိုနေ့ညက ဘာမျှ မပျောက်ပါ။

နောက်တစ်နေ့တွင် ကျွန်တော် နောက်ဖေးဖက်၌ ခဏရပ် နေစဉ် ချစ်မိုးသည် သူ့ကန်စွန်းခင်းအစပ်မှ ကျွန်တော်တို့ အိမ်ဖက်သို့ ရပ်ကြည့်နေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကို မြင်သောအခါ ပြန်လှည့်သွားပြီး ကန်စွန်းရွက်ပြန်ခူးနေပါသည်။ သူ့ကို ကြည့်ရသည်မှာ ကျွန်တော်မသင်္ကာပါ။ ထို့ကြောင့် ငါးများ တံတစ်ချောင်းဖြင့် ကျွန်တော်တို့နောက်ဖေး ခြံစပ်မှာ ငါးလာမျှား နေသည်ကို ထပ်၍တွေ့ရပြန်ပါသည်။ ကျွန်တော်ဒေါသထွက်ထွက် ဖြင့် အော်လိုက်ပါသည်။

"ဟေ့ကောင် ညစ်မိုး။ ဘာလာလုပ်တာလဲ။ ငါတို့ခြံနား မလာနဲ့ သူခိုးကျင့် သူခိုးကြံနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးသည် ဘာမျှပြန်မပြောဘဲ ပြန်ထွက်သွားပါသည်။ ရွံ့ရေထဲတွင် ဖိနပ်မပါဘဲ လျှောက်သွားပါသည်။ သူတစ်ကိုယ်လုံးလည်း ရွံ့စရာကောင်းလောက်အောင် ရွှံ့များပေကျံနေပါသည်။

ထိုနေ့က ချစ်မိုး ကျောင်းမတက်ပါ။

ကျွန်တော်မှာ တထိတ်ထိတ်ဖြင့် ရှိနေပါသည်။ အိမ်က ပစ္စည်းတွေ ချစ်မိုးများ ခိုးတာလားမသိ။ သူကခိုးချင်၍များ အိမ်နားမှာ ရစ်ဝဲရစ်ဝဲလုပ်နေသလား မသိ။ အတွေးပေါင်းစုံ ခေါင်းထဲရောက်နေပါသည်။ ချစ်မိုး ရစ်ဝဲရစ်ဝဲလုပ်နေသည်ကို အိမ်ကလူများ မသိကြသေးပါ။

ကျောင်းမှ ပြန်ရောက်ပြီး ခဏအကြာတွင် ကျွန်တော်ခြံရှေ့သို့ အထွက်၌ ချစ်မိုးကို ငါးမျှားတံတစ်ချောင်းဖြင့် ကျွန်တော်တို့ အိမ်ရှေ့ ရေမြောင်းတွင် တွေ့လိုက်ရသည်။

"ဟေ့ကောင်။ မင်းဘာခိုးမလို့ တို့အိမ်နားကို ခဏခဏ လာနေတာလဲ။ သွား။ မလာနဲ့"

"ငါးလာမျှားတာပါကွ။ ဘာမှ မခိုးပါဘူး"

"ဘာလဲ။ ဘာငါးလာမျှားတာလဲ။ တို့အိမ်က ပစ္စည်းတွေ ပျောက်တာ မင်းပဲဖြစ်မှာ။ မင်းထွက်သွားနော်။ မင်းမသွားရင် ငါလက်သီးနဲ့ထိုးတော့မှာ"

ချစ်မိုးသည် မသွားဘဲရပ်နေပါသည်။ ကျွန်တော်သည် စိတ်မထိန်းနိုင်ဘဲ ချစ်မိုး၏ မျက်နှာကို လက်သီးနှင့် ထိုးလိုက်ပါသည်။ သူ့နှာခေါင်းမှ သွေးများ ကျလာပါသည်။ ချစ်မိုးသည် သွေးများကိုလက်ဖြင့် သုတ်လိုက်သည်။ သွေးများက မရပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com


ဆက်၍ စီးကျလာပါသည်။ ချစ်မိုးသည် ကျွန်တော့်ကို တစ်ချက် ကြည့်ပြီး ဘာမျှမပြောပဲ သူ့အိမ်ရှိရာ လမ်းဖက်သို့ ပြန်ပြေးသွား ပါသည်။

☠ ☠ ☠

ချစ်မိုးကျောင်းပျက်တာ တစ်ပတ်ရှိပါပြီ။

ဆရာမထံ ချစ်မိုးအဖေ ရဲသားကြီး ခွင့်စာလာပေးရင်း ရပ်၍ စကားပြောနေကြသည်။ အတန်းအပြင်မှာ ပြောနေကြ သည်မို့ ဘာတွေပြောနေမှန်း မကြားရပါ။ ချစ်မိုးကို ကျွန်တော် လက်သီးနှင့် ထိုးလိုက်တာကို လာတိုင်တာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်သည် ဆရာမ ရိုက်မှာကို စိုးရိမ်၍ အလွန်ကြောက် နေပါသည်။ မကြာမီ ရဲသားကြီး ပြန်သွားပါသည်။

"မောင်ဝင်းနိုင်"

ဆရာမ ခေါ်လိုက်သံသည် ကျွန်တော့်နားထဲ မိုးကြိုးသံလို ဖြစ်သွားသည်။

"မောင်ဝင်းနိုင်။ မင်းအိမ်က ခဏနေရင် ကားလာလိမ့်မယ် လို့ ရဲသားကြီး ပြောသွားတယ်"

တော်ပါသေးရဲ့

ခဏနေသောအခါ ဦးလေးက ကားဖြင့်လာကြိုပါသည်။ ကျောင်းတက်ကာစ အချိန်ဖြစ်သော်လည်း ကျွန်တော်ပြန်လိုက် ခဲ့ရသည်။ ကားပေါ်မှာ အဖေရော၊ အမေပါ ပါသည်။ ကျွန်တော် အံ့ဩသွားမိသည်။

"အမေတို့ဘယ်သွားကြမလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံသွားမလို့ကွဲ."

ထိုမျှသာပြောပြီး ကျွန်တော်တို့ ဆေးရုံကို သွားကြသည်။ ကားပေါ်မှာ အဖေနှင့် အမေတို့၏ စကားအရ အိမ်မှ ပစ္စည်းများကို ခိုးသည့်သူများ မိထားပြီဟုသိရသည်။ မကြာမီ ဆေးရုံရောက်သည်။ ကျွန်တော်၊ အဖေ၊ အမေနှင့် ဦးလေး လေးယောက်စလုံးကို ရဲတပ်သားတစ်ယောက်က လာခေါ်သည်။ ထို့နောက် ခုတင်တစ်လုံးကို ခေါ်သွားသည်။

ခုတင်ပေါ်တွင် ကျွန်တော်မည်သို့မျှ မမျှော်လင့်ထားသူကို တွေ့ရသည်။

ထိုသူမှာ ကျွန်တော်ကြည့်မရဆုံးသော ချစ်မိုး ဖြစ်ပါသည်။ ချစ်မိုးသည် ခုတင်ပေါ်တွင် လှဲလျောင်းနေပါသည်။ ကျွန်တော်တို့ကို တွေ့သောအခါ လှဲနေရာမှ အားယူ၍ ထလိုက်သည်။ သူမျက်နှာသည် ဖြူဖျော့နေကာ အားရှိပုံမရပါ။

"မောင်ချစ်မိုး။ ဘယ်လိုနေသေးလဲ။ သက်သာရဲ့လား"

"ဟုတ်ကဲ့။ အဖျားနည်းနည်း ရှိသေးတယ်ခင်ဗျာ။ ဆရာဝန်က အဆုတ်ထဲ ရေဝင်တယ်လို့ ပြောပါတယ်"

အမေက ယူလာသောမုန့်များ၊ အချိုရည် မုလင်းများ၊ စားစရာများကို ခုတင်ဘေးမှ ဗီရိုပုလေးပေါ်တွင် သွားတင်ထားပါသည်။

"သား . . . မောင်ချစ်မိုးနဲ့ အတူနေလိုက်ဦးနော်။ အမေတို့ ဆေးရုံအုပ်ကြီး ရုံးခန်းသွားလိုက်ဦးမယ်"

အမေတို့ထွက်သွားသောအခါ ကျွန်တော်သည် ချစ်မိုးကုတင်ဘေးမှ ခုံတွင် ဝင်ထိုင်ပါသည်။ အဖေတို့ အမေတို့

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး အတော်ကြီးကြာမှ ချစ်မိုးသည် ကျွန်တော့်ကို မဝံ့မရဲ တစ်ချက်ကြည့်ကာ ပြောပါသည်။

"ငါမင်းတို့အိမ်က ပစ္စည်းတွေ ခိုးတာမဟုတ်ပါဘူးကွ။ သူခိုးဖမ်းဖို့ အဖေခိုင်းထားလို့ အဲဒီလို လုပ်နေရတာပါ"

"ဘာ ဘယ်လို"

ကျွန်တော်နားမလည်။ ချစ်မိုးကို ပြန်မေးလိုက်ပါသည်။

ရဲသားကြီးများသည် ကျွန်တော်တို့အိမ်ကို လာစစ်စဉ်က ခြံစည်းရိုးကာရံထားသော တိုင်များကို ဖြုတ်ထားပြီး အသာလေး ပြန်ထောင်ထားသည်ကို တွေ့သွားကြပါသည်။ သူခိုးသည် နောက်ဖေးရေအိုင်ဘက်ကထွက်မှာ သေချာပါသည်။ သူခိုးကို ဖမ်းရန် မလွယ်။ လူရိပ်မြင်လျှင် ထပ်ခိုးမည်မဟုတ်။ ထို့ကြောင့် ကန်စွန်းရွက်ခူးနေကျ ချစ်မိုးကို သူ့အဖေက ရေအိုင်ထဲမှ နေ၍ စောင့်ကြည့်ခိုင်းသည်။ ချစ်မိုးသည် သူခိုးမရိပ်မိစေရန် ကလေကချေ ကောင်လေးတစ်ယောက်ပုံစံဖြင့် ခြံစည်းရိုးနားမှာ ငါးလာမျှားသည်။ နောက်ဖေးဖက်တွင်မက အိမ်ရှေ့တွင်ပါ ငါးလာမျှားသည်။ ထို့ကြောင့် ညစ်ပေပေကောင်လေး တစ်ယောက်ကို သူခိုးသာမက မည်သူကမျှ အရေးမထားတော့ပေ။ ဤနေရာတွင် ကျွန်တော်က အယင်လွဲပြီး လက်သီးနှင့် ထိုးလိုက်သဖြင့် ချစ်မိုး၏နှာခေါင်းမှ သွေးတွေထွက်သွားခြင်း ဖြစ်သည်။

သို့သော် သူခိုးကိုခြေရာခံမိသော ချစ်မိုးသည် နောက်နှစ်ရက် ဆက်တိုက် ညဘက်တွင် ရေအိုင်ထဲမှာ ထိုင်စောင့်နေရ လေသည်။ သူခိုးသည် ကျွန်တော်တို့အိမ်မှ ခိုးယူထားသော

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို သယ်ယုတ်ကာ နောက်ဖေးခြံစည်းရိုးကို ဖြုတ်ပြီး သူနှင့် အချိန်းအချက်ပြုထားသူနှစ်ဦးနှင့် လွှဲပြောင်းနေသည်ကို ချစ်မိုးက ရေထဲမှသိကာ နောက်ယောင်ခံလိုက်သည်။ လမ်းပေါ်သို့ရောက်သောအခါ အော်ဟစ်သတိပေးလိုက်သဖြင့် ကြိုတင်နေရာယူထားသော ရဲသားများ ပြေးလာကာ သူခိုးများကို ဖမ်းနိုင်ခဲ့သည်။ သူခိုးများမှာ ကျွန်တော့်အိမ်မှ အိမ်ဖော် ဒေါ်အေး၊ သူမယောက်ျား ကိုမြဒင်နှင့် နောက်တစ်ယောက် ဖြစ်သည်။

သူခိုးဖမ်းမိသော်လည်း ရေထဲတွင် နှစ်ညတိုင်တိုင် စိမ်နေရသည့်အတွက် ချစ်မိုးသည် ဖျားပါတော့သည်။ သို့သော် တော်ရုံအဖျား မဟုတ်ဘဲ အဆုတ်ထဲရေဝင်နေသဖြင့် ဆေးရုံတက်ရခြင်း ဖြစ်သည်။

"ငါ ဒါတွေ မသိဘူးကွာ။ မင်းကို ငါအထင်လွဲမိတာ ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း"

"ရပါတယ်ကွာ"

"ငါမင်းကို တစ်ချိန်လုံး အနိုင်ကျင့်ခဲ့မိတာတွေလည်း ခွင့်လွှတ်ပါကွာ။ ချစ်မိုး အခုမင်းနဲ့ငါ သူငယ်ချင်း ဖြစ်သွားပြီနော်။ မင်းစာတွေ နောက်ကျထားတာတွေ ငါကူးပေးမယ်သိလား။ မင်းလောက်တော့ လက်ရေးမလှပေမယ့် ဖတ်လို့တော့ရလောက်ပါတယ်ကွာ"

"နေပါစေ သူငယ်ချင်း။ ငါကျောင်းတက်ရင် ငါ့ဘာသာ ငါကူးပါ့မယ်။ မင်းငါ့ကို သူငယ်ချင်းလို့ အသိအမှတ်ပြုတာပဲ ဝမ်းသာလှပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိုးအပေါ် ကျွန်တော် ကောင်းကွက်တစ်ကွက်မှ မရှိပါ။ တွေ့စမှ တောက်လျှောက်ပင် အနိုင်ကျင့်ခဲ့ပါသည်။ သို့သော် ချစ်မိုးက ကျွန်တော့်အပေါ် သဘောထားကြီးမားလှပါသည်။

☠ ☠ ☠

ချစ်မိုးနှင့် ကျွန်တော် သူငယ်ချင်းတွေ ဖြစ်ကြပါပြီ။

တတိယလပတ် စာမေးပွဲတွင်လည်း ချစ်မိုးပင် ပထမရပါသည်။ ကျွန်တော်က ဒုတိယ။

ဆရာမ၏ ခွင့်ပြုချက်အရ ကျွန်တော့်သည် ရှေ့ဆုံးခုံတန်းမှာ ချစ်မိုးနှင့် အတူထိုင်ရအောင် လုပ်ရပါသည်။ ချစ်မိုးထံမှ အနံ့ဆိုးများလည်း မရတော့ပါ။ အဖေတို့အမေတို့က ချစ်မိုးဖို့ ဝတ်စုံများ ဝယ်ပေးထားပါသည်။

တတိယလပတ်အပြီးတွင် ကျောင်းနှစ်ပတ်လည် အစည်းအဝေး လုပ်ပါသည်။ ပညာရည်ချွန်ဆုပါ ပေးမည်ဖြစ်ပါသည်။ မနှစ်က အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယရသူများ ဆုယူရပါမည်။ သို့သော် ကျွန်တော်တို့ မိသားစုရော၊ ချစ်မိုးတို့ မိသားစုပါ အခမ်းအနား တက်ကြရသည်။

ပညာရည်ချွန်ဆုပေးအပြီး ထူးချွန် ကျောင်းသားဆု ပေးမည်ဖြစ်ပါသည်။

သူခိုးကို ထူးထူးခြားခြား ဖမ်းပြနိုင်သော ချစ်မိုး၊ လက်ရှိအတန်းထဲတွင် စတုတ္ထတန်း တစ်ကျောင်းလုံး ပထမ ရနေသော ချစ်မိုးကို ဆုပေးရန် ဖြစ်ပါသည်။

"မောင်ချစ်မိုးကို ဆုချီးမြှင့်ရန် စတုတ္ထတန်း (ဂ) မှ မောင်ဝင်းနိုင် ကြွပါ"

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူးက ကျွန်တော်ကို ခေါ်သည်။ ဆုပစ္စည်းများနှင့် ‌စလွယ်ကို ကိုင်ပြီး စင်မြင့်ပေါ် တက်ခဲ့သည်။ ဆုတွေကို ချစ်မိုးအားပေးစဉ် ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်သည်။ စလွယ်ကို ပေးရန်အတွက် ချစ်မိုး ခေါင်းငုံ့ပေးသည်။ ကျွန်တော်က သူ့ခေါင်းပေါ်မှ စလွယ်စွပ်ချသည်။ ကျွန်တော် စလွယ်ဝတ်ပေးနေစဉ် ကျွန်တော့်ခြေဖမိုးပေါ်သို့ ရေစက်များကျလာသည်။

ချစ်မိုး။

သူငိုနေပါသည်။ ချစ်မိုးငိုနေပါသည်။

စာမေးပွဲကျစဉ်က ဆရာမရိုက်၍ မငိုသော ချစ်မိုး။ ပေတံပျောက်စဉ်က ဆရာမ၏ အဆူခံရသော်လည်း မငိုသောချစ်မိုး။ ကျွန်တော်လုပ်၍ အင်္ကျီပြဲသွားစဉ်က မငိုသော ချစ်မိုး။ သူ့ကို ညစ်မိုးဟုစ၍ အခေါ်ခံရစဉ်က မငိုသော ချစ်မိုး။ ရွံ့ရေများကားကြောင့်စင်ရစဉ်က မငိုသော ချစ်မိုး။ ကျွန်တော်လက်သီးနှင့် ထိုးစဉ်က နှာခေါင်းမှ သွေးတွေထွက်သော်လည်း မငိုသော ချစ်မိုး။ အခု ငိုနေပါပြီ။

"ချစ်မိုး . . . သူငယ်ချင်း မင်းငိုနေတယ်။ ဘာဖြစ်လို့လဲ"

ချစ်မိုး ဘာမျှပြန်မပြောပါ။ ခေါင်းကိုသာ ခါပြပါသည်။ ကျွန်တော်သည် ချစ်မိုး၏ ပါးပေါ်မှ မျက်ရည်စများကို လက်ကိုင်ပုဝါဖြင့် သုတ်ပေးလိုက်ပါသည်။ ထို့နောက် ချစ်မိုး၏ ပုခုံးကို ဖက်ကာ ကျွန်တော်တို့နှစ်ယောက် စင်မြင့်ပေါ်မှ ဆင်းလာခဲ့ပါသည်။ အခမ်းအနား တက်ရောက်ကြသူများက ကျွန်တော်တို့ကို တိတ်ဆိတ်စွာ ကြည့်နေရာမှ တစ်ခဲနက် လက်ခုပ်သြဘာပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနား ပြီးသွားသောအခါ ဧည့်ပရိတ်သတ်အားလုံး ပြန်ကြသည်။ သို့သော် အဖေတို့အမေတို့နှင့်အတူ ကားနှင့် မလိုက်ဘဲ ကျွန်တော်ချစ်မိုးနှင့် အတူပြန်ခဲ့သည်။

ကန်စွန်းရွက်ခူးသော သူငယ်ချင်း ချစ်မိုးသည် ကျွန်တော့် သူငယ်ချင်း ဖြစ်ပါသည်။ ဝက်စားကျွေးသော ချစ်မိုးသည် ကျွန်တော့် သူငယ်ချင်း ဖြစ်ပါသည်။ ငါးမျှားသော ချစ်မိုးသည် ကျွန်တော့် သူငယ်ချင်း ဖြစ်ပါသည်။ ကျွန်တော် ယခင်က ညစ်မိုး ဟု ခေါ်ခဲ့သော ချစ်မိုးသည် ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း ဖြစ်ပါသည်။

အပြန်လမ်းတွင် ချစ်မိုး၏လက်သည် ကျွန်တော့်လက်ကို ဆုပ်ထားသည်။ ကျွန်တော်လည်း ပြန်၍ဆုပ်ထားသည်။

ကျွန်တော်တို့ လက်နှစ်ဖက် တင်းကြပ်အောင် ဆုပ်ထား သဖြင့် ခွဲမရနိုင်အောင် ဖြစ်နေသည်။ ထို့အတူ ကျွန်တော်နှစ်ဦး မှာလည်း ဘယ်အခါမှ ခွဲမရတော့ပြီကို ကျွန်တော်ယုံကြည်မိပါ သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ခြေပြတ်ကြီး အဘကျော်

မိနီ၊ အောင်အောင်၊ တင်လေး၊ ညီထွေးနှင့် လှလှတို့ ကျောင်းပိတ်ရက်မို့ အိမ်ရှေ့သစ်ပင်ရိပ်တွင် ကစားနေကြသည်။ ရွာထဲရှိ အခြားကလေးများလည်း သူ့အုပ်စုနှင့်သူ ကစားနေကြသည်။ နံနက်စာစားပြီးစမို့ လမ်းမပေါ်တွင် ကလေးတော်တော်များများ ရှိကြသည်။

ရွာလယ်လမ်းမကြီးသည် ယနေ့မိုးမရွာသဖြင့် ကစားရန် အဆင်ပြေသည်။ သဲမြေများက ရေစုပ်ထားသဖြင့် ရေအိုင်မရှိချေ။ မိနီတို့တစ်သိုက် စိတ်ရှိလက်ရှိ ဆော့နေကြသည်။ တစ်မျိုးကစား၍ ရိုးသွားလျှင် နောက်တစ်မျိုးဆက်ဆော့သည်။ ကလေးများမှာ မောရ ပန်းရမှန်း မသိ။

အကယ်၍သာ လမ်းထဲက ရှိရှိသမျှ ခွေးများ ရွာထိပ်ဘက်သို့ တစ်ဟုန်ထိုး ပြေးထွက် မသွားကြဖူးဆိုပါက ကလေးများသည် ယနေ့အဖို့ ညသန်းခေါင်အထိပင် မရပ်မနား ဆော့ကြပေလိမ့်မည်။

"မိနီရေ ဘာဖြစ်တာလည်း မသိဘူး၊ ခွေးတွေ ရွာထိပ်ဖက်ကို ပြေးသွားကြတယ်"

"အေးလေ၊ ဟောင်ကြတာလည်း ဆူညံနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ သွားကြည့်ကြရအောင် တင်လေး"

ညီထွေးကပြောသဖြင့် သူတို့ငါးယောက် ရွာထိပ်ဘက်ဆီသို့ ပြေးကြသည်။ ခွေးများက ရွာထိပ်ညောင်ပင်ကြီးအောက်တွင် ထိုင်နေသော လူတစ်ဦးကို ဝိုင်းပတ်၍ ဟောင်နေသည်။ လူစိမ်းမို့လို့ ဟောင်ကြခြင်း ဖြစ်သည်။ ထို့အပြင် ထူးဆန်းသည်က ထိုလူကြီးမှာ ခြေထောက်နှစ်ဖက်စလုံး မရှိချေ။ ခြေတုကြီးတွေ တပ်ထားပြီး သူ့ဘေးတွင်လည်း ချိုင်းထောက်နှစ်ခုချထားသည်။ ထို့ကြောင့်ပင် ခွေးတွေက သူ့ကို မကိုက်ရဲကြသလားမသိ။ ဟောင်ရုံဟောင်ကြပြီး ရပ်နေကြသည်။ ထိုလူကြီး၏ ဘေးတွင်လည်း အိတ်တစ်လုံးကို တွေ့ကြရသည်။

အောင်အောင်တို့ ထိုလူကြီးကို ခပ်လှမ်းလှမ်းမှ ကြည့်နေကြသည်။ ခဏနေသောအခါ ထိုလူကြီးက သူတို့ကို လက်ယပ်လှမ်းခေါ်သည်။

"မိနီနဲ့လှလှ၊ ဒီမှာနေရစ်ခဲ့ကြ၊ ငါတို့ သွားကြမယ်"

အရေးထဲ အောင်အောင်က ယောက်ျားလေး၊ မိန်းကလေး ခွဲနေသေးသည်။

"ဘာလို့နေခဲ့ရမှာလဲ၊ ငါတို့လည်း လိုက်မယ်"

သူတို့အားလုံး ခြေပြတ်ကြီးဆီ သွားကြသည်။

"မင်းတို့ထဲက တစ်ယောက်ယောက် ဒီရွာမှာနေကြတဲ့ ဦးဘဦးအိမ်ကို လိုက်ပို့ပေးနိုင်မလားကွယ်"

ခြေပြတ်ကြီးက မေးသောအခါ တင်လေးနှင့်လှလှတို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်နေကြသည်။ ဦးဘဦးဆိုတာ သူတို့အဖေ။ အဖေယခုလောက်ဆိုလျှင် အိမ်မှာမရှိ လယ်ထဲရောက်

www.burmeseclassic.com

www.burmeseclassic.com



နေလောက်ပြီ။ အမေသာ အိမ်မှာရှိမည်။ သို့သော် ခြေပြတ်ကြီးကို အိမ်ခေါ်သွား၍ ကောင်းပါ့မလား။ မောင်နှမနှစ်ယောက် မဝေခွဲနိုင်။

"ဟင် . . . ကလေးတို့ ဦးဘဦးကို သိကြလား"

မိနီတို့ကလည်း သူတို့မောင်နှမကို ကြည့်နေကြသည်။

"အဖေ . . . အဖေ၊ အခုအချိန်အိမ်မှာ မရှိဘူး၊ လယ်ထဲမှာ အဘ"

တင်လေးက ထစ်ထစ်ငေါ့ငေါ့ဖြေသည်။ ခြေပြတ်ကြီး ပြုံးသည်။

"သားက ကိုဘဦးသားလား၊ ဒါဆို မင်းမေမေတော့ ရှိမှာပေါ့၊ အဘကို လိုက်ပို့ပါလား"

သူတို့ငါးယောက် အထုပ်ကြီးကို သယ်ကာ ခြေပြတ်ကြီးနှင့်အတူ ညောင်ပင်ရိပ်မှထွက်ကာ ရွာထဲဝင်လာခဲ့ကြသည်။ ခွေးများက ရွာခံကလေးတွေပါလာသဖြင့် စိတ်ချသွားဟန်တူသည်။ တစ်ကောင်၊ နှစ်ကောင်သာပါလာပြီး အုပ်စုကွဲကာ ရွာထဲပြန်ပြေးသွားသည်။ ရွာထဲသို့ သူတို့ရောက်သောအခါ လှလှက အရင်ပြေးသွားပြီးအမေ့ဆီ သွားပြောသည်။ ရွာထဲမှ အိမ်များကလည်း သူတို့ကို အထူးအဆန်း ထွက်ကြည့်ကြသည်။

"ဗျိုး အရီး၊ နေကောင်းတယ်နော်"

"ဟော . . . နင်ဘယ်သူ၊ ဟင်၊ မောင်ကျော်ပါလား၊ နင် ပြန်လာပြီလား"

"ဟုတ်ကဲ့။ ဘကြီးကောနေကောင်းလား"

"အေး . . . ကောင်းတယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုသာအောင်ကြီး၊ ဟော့လူ၊ အံမယ်၊ ဝလို့၊ လှလို့ပါလား"

"ဟာ၊ ဟော့ကောင်၊ မောင်ကျော်၊ မင်းပြန်လာတယ်လား"

"ဟုတ်ပ့ါဗျား"

ခြေပြတ်ကြီးက တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်နေသည်။

"ကိုကြီးချစ်၊ ကျွန်တော့်ကို မှတ်မိလား"

"မောင်ကျော် လားကွ၊ မင်းအပြီးပြန်လာတာလား"

ကလေးတစ်သိုက်မှာ ခြေပြတ်ကြီးနှင့် ရွာကလူများ သိနေသည်ကို နားမလည်နိုင်ပါ။ ရွာကလူများကလည်း သူ့ကို သိကြရသည်။

အိမ်ထဲမှာ အမေပြေးထွက်လာသည်။

"ကိုကြီးရေ. . . .၊ ကိုကြီး"

"ညီမလေး. . . . ."

အမေက ခြေပြတ်ကြီး၏လက်ကို ကိုင်ထားရင်း မျက်ရည်နေသည်။

"ကိုကြီး၊ အို. . . ကိုကြီးခြေထောက်တွေ"

"ဒါတွေထားပါလေ၊ အခု အိမ်ကိုသွားကြတာပေါ့"

အမေက ခြေပြတ်ကြီး၏အိတ်ကို ပိုက်ထားရင်း လိုက်လာသည်။ တင်လေးက အမေ့ဘေးမှာ တိတ်ဆိတ်စွာ လိုက်လာခဲ့သည်။ အောင်အောင်တို့ကတော့ ကစားဖို့ နေရစ်ခဲ့ကြသည်။

အမေက ခြေပြတ်ကြီး၏အိတ်ကို အိမ်ပေါ်တင်ပြီး ခြေပြတ်ကြီးကို တွဲကာ အိမ်ပေါ်ကိုတက်သည်။

"ဒါ နင့်သားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူကအကြီးလေ၊ တင်လေးတဲ့၊ ဟိုကောင်
လေးက လှလှ"

"တော်သေးတယ်၊ ငါသူတို့နဲ့တွေ့လို့၊ ဒါနဲ့ ဘဦးရေ
လယ်ထဲမှာဆို"

"ဟုတ်တယ်၊ သူကတော့ ညနေမှ ပြန်လာမှာ၊ သားနဲ့သမီ
ဒါမင်းတို့ဘကြီးတော်တယ်၊ အမေ့အစ်ကိုလေ၊ ဘဘလို့ခေ
ရမယ်"

"အဘကျော်လို့ခေါ်လည်း ရပါတယ်ကွာ"

"အမေ၊ သားတို့ သွားကစားဦးမယ်"

မောင်နှမနှစ်ယောက် လမ်းပေါ်ပြန်ထွက်ခဲ့ကြသည်။

"တင်လေး အဲဒီလူကြီးက နင်တို့နဲ့ဘာတော်သလဲ"

မိနီက မိန်းကလေးပီပီ စပ်စုသည်။

"တို့ဘကြီးလို့ ပြောတာပဲ၊ ငါတို့တော့ မခင်ချင်ပါဘူးဟ

ထို့နောက် သူတို့ ခြေပြတ်ကြီးကို မေ့သွားကာ ဆော့
ပြန်သည်။ ညနေစောင်းမှ လူစုကွဲသွားသည်။ မနက်ဖြန်
သူတို့ဆော့နိုင်မည် မဟုတ်၊ ကျောင်းတက်ကြရဦးမည်။ ကျော
ပိတ်ရက်ရှိမှသာ သူတို့ငါးဦးဆုံကြသည်။ မိနီ၊ အောင်အေ
တင်လေးနှင့် ညီထွေးတို့မှာ တတိယတန်းတွင် ပညာသင်
သော ကလေးများဖြစ်ကြသည်။ သူတို့ ကစားတော့ လှလှ
ဝင်ကစားသည်။ လှလှက အခုမှ ပထမတန်းတက်နေသည်

တင်လေး အိမ်မှာနေရတာ စိတ်ညစ်သည်။ ညီမ
လှလှကတော့ သိပ်မသိတတ်သေးသဖြင့် မထူးခြား။ တင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ခြေပြတ်ကြီးနှင့်အတူ အိမ်မှာ အတူမနေချင်။ ခြေပြတ်ကြီး သူတို့အိမ်မှ မြန်မြန်ပြန်သွားစေရန် ဆုတောင်းသည်။ သို့သော် ဆုတောင်းမပြည့်။

တင်လေးက ခြေပြတ်ကြီးကို စကားမပြောပါ။ တတ်နိုင်သမျှ ရှောင်နေသည်။ ခြေပြတ်ကြီးကို ကြည့်မရဆုံးမှာ အိမ်မှာ အဖေ့လို အလုပ်မလုပ်ခြင်းကြောင့် ဖြစ်သည်။ အိမ်ခေါင်းရင်းတွင် ထိုင်ကာ ကွမ်းစားနေတာကလွဲ၍ ဘာမျှမလုပ်။ ကိုယ့်အိမ်တွင် ခြေနှစ်ဖက်မရှိသူလူကြီးရှိနေတာ မကြိုက်။ ထို့ကြောင့် နှင့် အရောမဝင်ဘဲနေလိုက်သည်။ မတတ်သာမှ တစ်ခွန်း စ်ခွန်း ပြန်ပြောသည်။

အဖေကလည်း ခြေပြတ်ကြီးကို ကြောက်ပုံရသည်။ ဘာမှ လုပ်မလုပ်သူကို အိမ်မှာ အကြာကြီးထားသည်။ ထိုအပြင် စ်ကိုကြီးနှင့် ခေါ်သည်ကို တင်လေး မကြိုက်။

"အမေ၊ ခြေပြတ်ကြီးက ဘယ်တော့မှ ပြန်မှာလဲ. . . ဟင်"

"ဟယ် သား၊ အဲသလို မခေါ်ရဘူးလေ၊ အဘကျော်ပဲ ခေါ်ပေါ့သားရဲ့၊ ငရဲကြီးတတ်တယ်"

"အမေလည်း၊ သူက ခြေပြတ်ကြီးမို့ ခြေပြတ်ကြီးခေါ်တာပဲ"

"အေးလေ၊ ဒါပေမဲ့ အဘကျော်ပဲခေါ်ပေါ့"

"ဟင့်အင်း၊ မခေါ်ချင်ပါဘူး"

"အဘကျော်က ဒီမှာ တစ်သက်လုံး နေမှာသားရဲ့"

"ဟာ ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ သားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သားက သူ့ကို ပြန်သွားမယ်ထင်တာ"

တင်လေးနှင့် အမေ မီးဖိုခန်းတွင် ခပ်တိုးတိုးပြောနေကြ သည်။

"ဒါအမေတို့ အိမ်မဟုတ်ဘူးသားရဲ့၊ အမေတို့အိမ်ယော ကျတော့ သူက ဒီအိမ်ကို ဝယ်ပေးခဲ့တာ၊ ဒီတော့ သူ့အိမ်ပဲပေါ့"

"ဒါပေမဲ့ အမေရာ၊ သားသူ့ကို မခင်ပါဘူး"

"အဲသလို မလုပ်ရဘူးသားရဲ့၊ သားမှာက ဆွေမျိုးနည်းနည်း လေး၊ အခု ဘကြီးတစ်ယောက်ပြန်ရတာ ဝမ်းသာဖို့တော ကောင်းတယ်"

တင်လေး မကျေနပ်နိုင်ပါ။ ခြေပြတ်ကြီးက အိမ်မှာနေမည် ဆို၍ ဖြစ်သည်။

တင်လေးတို့ အတန်းတင်စာမေးပွဲကြီး ပြီးသွားပြီ။

တစ်နွေလုံး အားရပါးရ ကစားကြရတော့မည်။ တင်လေး မောင်နှမ လမ်းပေါ်မှာသာ အချိန်ကုန်ကြတော့သည်။

"သားရယ်။ ကြုံရင် အိမ်ကိုလည်း ဝင်လည်ပါ"

အမေကပြောသဖြင့် အဖေရော၊ ခြေပြတ်ကြီးပါ ရယ် သည်။ တင်လေး ရှက်သွားသည်။

"အမေကလည်း။ ဒီနွေမှာ ကစားရတာ"

"ဟုတ်ပါတယ်။ ဒီနွေလေးမှာ ကစားရတာ။ ဒီမိုးလေး ဆော့ရတာ၊ ဒီဆောင်းလေးမှာ ပျော်ရတာ၊ ဟုတ်လား ဟု လား"

အဖေက ပြောရင်းရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အချိန်ကာလများ ပြောင်းလဲခဲ့လေပြီ။ တော်လ ၂၅ ရက်နေ့ ရောက်ပြီ။

"သန်ဘက်ခါဆို တပ်မတော်နေ့ ရောက်ပြီနော်။ ရေဒီယို ကနေ ဇာတ်လမ်းကလေးတွေ လာတော့မှာနော် အမေ"

"အေး။ ဟုတ်တယ်။ တပ်မတော်နေ့နီးရင် တပ်မတော် ဇာတ်လမ်းတွေ ရေဒီယိုက လွှင့်မှာ"

"အမေ။ တပ်မတော်နေ့ဆိုတာ ဘာလဲဟင်"

အမေက ပြုံးသည်။ တပ်မတော်နေ့ဆိုတာ အမေသိပ်မသိ ဘူးကွယ့်။ သားသိချင်ရင် အဘကျော်ကို မေးကြည့်ဟု ပြောသည်။ ကိုယ်သိချင်သည့်ကိစ္စမို့ အဘကျော်ဆီ သွား သည်။ အဘကျော်က ကွမ်းဝါးရင်း ရေနွေးကြမ်းဝိုင်းမှာ ထိုင်နေ သည်။

"အဘကျော်"

ထူးထူးခြားခြား လာခေါ်နေသော တင်လေးကိုကြည့်ရင်း အဘကျော် အံ့ဩသွားသည်။ သောက်ခါနီးရေနွေးခွက်ကို ပြန်ချ ထားလိုက်ပြီး။

"ဆိုပါဦးသားရဲ့။ ဘာကိစ္စလဲ"

"ဟိုလေ။ တပ်မတော်နေ့ဆိုတာ ဘာလဲဟင်"

အဘကျော်သည် တင်လေးကိုကြည့်နေရင်းမှ အဝေးဆီသို့ မျှော်ငေးရင်း တွေးနေသည်။ အတော်ကြာမှ။

"အေး . . တပ်မတော်နေ့အကြောင်းကို သားသိချင်လား။ သိုသားရဲ့။ ဟိုးအရင်က တို့နိုင်ငံကို အင်္ဂလိပ်တွေ အုပ်စိုးခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့အုပ်စိုးတာ မခံချင်လို့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဟာ အင်္ဂလိပ်တွေကို တော်လှန်ခဲ့ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းကို သားသိတယ်နော်"

"ဟုတ်ကဲ့. . . အဘကျော်၊ နှစ်တိုင်း အာဇာနည်နေ့မှာ သူ့စကားပြောနေတယ်ပဲ"

"အေး ဟုတ်တယ်. . . အဲဒါ သူမကျဆုံးခင် အစည်းအဝေးတစ်ခုမှာ အသံသွင်းထားတာ၊ ဗိုလ်ချုပ်အောင်ဆန်းဟာ တို့တပ်မတော်ရဲ့ ခေါင်းဆောင်ပဲ။ ရဲဘော်သုံးကျိပ်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ တပ်မတော်ကြီးကို စပြီးတည်ထောင်ခဲ့ကြတဲ့ စစ်သားကြီးသုံးဆယ်ပေါ့ကွာ။ သူတို့လည်း ခေါင်းဆောင်တွေပဲ။ အဲဒီလိုနဲ့ အင်္ဂလိပ်တွေကို တိုက်ထုတ်ပြီးနောက်မှာ ဖက်ဆစ်ဂျပန်တွေ ရောက်လာပြန်တယ်။ အဲဒီဂျပန်တွေကို တိုက်ဖို့ကြတော့ အခုလို တပေါင်းလ၊ နွေရာသီမှာ မတ်လ ၂၇ ရက်ပေါ့ကွယ်။ အဲဒီနေ့မှာ စပြီးတိုက်ခိုက်ခဲ့ကြတယ်။ ဒါကြောင့် ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့တဲ့ တော်လှန်ရေးနေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့တာပဲ"

"အဲဒီလို တိုက်ခိုက်ကြတော့ သားတို့လူတွေ သေမကုန်ဘူးလား . . . အဘကျော်"

တင်လေးက စိတ်ဝင်စားစွာ မေးသည်။

"အို. . . မေးမှမေးရက်တယ် လူလေးရယ်၊ တို့မြန်မာတွေ သေကြတာပေါ့၊ ဂျပန်တွေလည်း သေတာပဲ၊ ဒါပေမဲ့ သေရတာ ချင်းအတူတူ ကိုယ့်နိုင်ငံရဲ့ရန်သူကို တိုက်ရင်းသေရတာက မြတ်တယ်လို့ ယူဆကြတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . သားတို့မြန်မာတွေက သတ္တိရှိတာပေါ့နော် အဘကျော်၊ သူတို့က သူရဲကောင်းလား"

"သိပ်ဟုတ်တာပေါ့. . . သားရယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာအတွက် အသက်ကိုရော၊ ခြေလက်အင်္ဂါကိုပါ စွန့်လှူကြတဲ့သူတွေမို့လို့ သူတို့အားလုံး သူရဲကောင်းတွေပေါ့"

ဘေးမှဝင်နားထောင်နေသော အမေကပါ ဝင်ပြောသည်။

"မင်းအဘကျော်လည်း ဟိုအရင်က စစ်သားကြီးပေါ့ကွယ်၊ အမေတို့ မင်္ဂလာဆောင်ပြီးနောက် မကြာဘူး စစ်ထဲဝင်သွားတာ၊ ဒီခြေထောက်နှစ်ဖက်က ရှေ့တန်းမှာ ဒဏ်ရာရလာတာပေါ့"

"ဟင်. . . အဘကျော်ကလည်း စစ်သားကြီးပဲလား။ အဲသလိုဆို ဒဏ်ရာရတော့ အရမ်းနာမှာပေါ့နော်"

အဘကျော်က ပြုံးသည်။ ကွမ်းကိုမြုံ့ရင်းစကားပြောသည်။

"ရှေ့တန်းမှာ ရန်သူနဲ့သူသေကိုယ်သေတိုက်ရင်း ရှေ့ကိုပြေးတက်တော့ ရန်သူ့မိုင်းကိုနင်းမိတာပဲကွယ့်။ နားထဲမှာတော့ ဒိုန်းခနဲကြားရပြီး ဝင်းခဲနဲပဲတွေ့လိုက်ရတယ်။ ခြေထောက်ပိုင်းက အရမ်းနာသွားတယ်။ နောက်သတိလစ်သွားတယ်။ တော်တော်ကြာလို့ သတိပြန်ရတော့ ခြေထောက်နှစ်ဖက်စလုံးမှာ သွေးတွေက ဒလဟောထွက်နေပြီ"

ကြက်သွန်ခွာရင်း ဓားရှ၍ သွေးထွက်သည်ကိုပင် စိတ်လန့်တတ်သော တင်လေးသည် အဘကျော်ခြေထောက်က သွေးတွေက ဒလဟောထွက်နေသည်ဆို၍ အလွန်လန့်သွားသည်။ ထို့နောက် အဘကျော်က ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက် စစ်ဆေးရုံကိုရောက်တယ်၊ ဆေးကုရင်း အခြေအနေအရ ခြေထောက်နှစ်ဖက်စလုံး ဖြတ်ပစ်လိုက်ရတယ် ဆေးကုပြီးတော့ ဆေးရုံကဆင်း၊ တပ်ကိုပြန်၊ နောက်အငြိမ်းစား ယူပြီး သားတို့ဆီကို ရောက်လာတာပဲသား"

"သားကမေးနေတယ်. . . အစ်ကိုကြီးက ဘယ်တော့ပြန် မှာလဲတဲ့"

"ဟုတ်လား . . . သားက အဘကျော်ကို ဒီမှာမနေစေချင် ဘူးလား"

"အရင်ကတော့. . . ဟုတ်ပါတယ်"

"ဟေ. . . ဒါဖြင့် အခုကောကွာ"

"အခုတော့ ဒီမှာအမြဲနေဖို့ အဘကျော်ကို ပြောမလို့"

"အောင်မယ်. . . ငါ့လူက တယ်သဘောကောင်းပါလား ကဲ. . . ဒါဖြင့် သားသဘောအတိုင်း ဒီမှာဆက်နေပါ့မယ်ကွာ"

အဘကျော်နဲ့ အမေတို့ ရယ်နေကြသည်။ ထိုအခိုက် အဖေ လယ်ထဲမှ အလုပ်ပြီး၍ အိမ်သို့ပြန်ရောက်လာသည်။ နွားတွေ တိုင်မှာချည်ထားပြီး အိမ်ပေါ်သို့လှမ်းကြည့်ကာ မေးသည်။

"အစ်ကိုကြီးတို့ ဘာတွေရယ်နေကြတာလဲ"

"ဟာ. . . မင့်သားက ငါ့ကိုဒီမှာအမြဲနေဖို့ ခွင့်ပေးလိုက်ပြီ"

"ဟုတ်လား . . . သားက အဘကျော်ကို ဘာလို့နေခွင့် ပေးလိုက်တာလဲ"

တင်လေးက သူ့ရင်ထဲရှိသလို ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဘကျော်က သားဘကြီးပဲဥစ္စာ. . . ပြီးတော့ ရွာထဲမှာရော၊ ကျောင်းမှာရော သားတို့ အဘကျော်က သူရဲကောင်းလို့ ကြွားချင်လို့ပါ"

အဖေ၊ အမေနှင့် အဘကျော်တို့ ရယ်သံက အတောမသတ်ြ...တော့ပါ။

တင်လေးလည်းရယ်သည်။ သို့သော် သူတို့ရယ်ပုံခြင်းတော့ ...တူကြချေ။ တင်လေးရယ်သည်က သူငယ်ချင်းများကြားတွင် အဘကျော်သတ္တိရှိပုံကို ပြောပြလိုသည်။ သူရဲကောင်းအဘကျော် ...ည် သူ့ဘကြီးဖြစ်သည်။ သူ့တွင် ကိုယ်ပိုင်သူရဲကောင်းရှိ ...ကြောင်း သူ့သူငယ်ချင်းများကို ကြွားစရာရသဖြင့် ပျော်သော ...ကြောင့် ရယ်ခြင်းဖြစ်သည်။

မည်သို့ဖြစ်စေ။ အဘကျော်နှင့် တင်လေး ပြေလည်သွား ...ပြီ။

နောင်သောအခါ အဘကျော်လို သူရဲကောင်းဖြစ်ရန် ...ကြိုးစားမည်။ တင်လေးကြီးပြင်းလာလျှင် အဘကျော်လို ရန်သူ ...တွကို တိုက်ထုတ်နိုင်သော စစ်သားကြီးလုပ်မည်ဟု ဆုံးဖြတ် ...ားသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## သတင်းစာပို့တဲ့ကောင်လေး

ညီညီ၏အဖေသည် ရပ်ကွက်ထဲတွင် သတင်းစာပို့သူ တစ်ဦးဖြစ်သည်။

ညီညီသည် သူငယ်ချင်းများက ကျောင်းတွင် မင်းအဖေ ဘာလုပ်သလဲဟုမေးလျှင် မဖြေချင်ပါ။ အလွန်ရှက်ပါသည်။ အဖေ သတင်းစာပို့သောအလုပ်သည် ဂုဏ်မရှိဟုထင်သည်။ သူငယ်ချင်းများ၏အဖေများသည် အချို့ကရုံးဌာနများမှာ အလုပ် လုပ်ကြသည်။ အချို့က ချမ်းသာသော စီးပွားရေးသမားများ ဖြစ်ကြသည်။ အချို့က နိုင်ငံခြားမှာ အလုပ်လုပ်သည်။ သူတို့ အားလုံးထဲတွင် ညီညီအလွန်မျက်နှာငယ်သည်။ အဖေ့ကို သတင်းစာပို့သောအလုပ် မလုပ်စေချင်ပါ။ သို့သော် ညီညီ မပြောရဲပါ။

အဖေသည် နံနက်ကိုးနာရီခန့်မှစ၍ သတင်းစာ စ လိုက်ပို့ရလေ့ရှိသည်။ သတင်းစာပို့သောလုပ်ငန်းသည် ပိတ်ရက် မရှိ၊ ရက်ပျက်မရှိ လိုက်ပို့ရသောလုပ်ငန်းဖြစ်သည်။ ရက်ပျက် သာလျှင်မဟုတ်။ သတင်းစာနောက်ကျလျှင်ပင် ရပ်ကွက်ထဲ လူများ၏ အပူပြောဆိုမှုကိုခံရသည်။ အဖေကတော့ ဘာ ပြုံးနိမ့်မပြောဘဲအားလုံးကို ကျေနပ်အောင် တောင်းပန်လေ့ရှိသည်



www.burmeseclassic.com

www.burmeseclassic.com



ညီညီက ထိုသို့တောင်းပန်ရသည်ကို မကျေနပ်ပါ။ အောက်ကျနောက်ကျနိုင်သည်ဟု ယူဆသည်။ သူ့စိတ်သဘောအရဆိုလျှင် ပြန်၍ ရန်ဖြစ်လိုက်မည်ဟု ဆုံးဖြတ်ထားသည်။

"သတင်းစာ ဝယ်ဖတ်တဲ့သူတွေဟာ တစ်ကယ်တော့ တို့ရဲ့ထမင်းရှင်တွေပဲသား။ အဖေက သူတို့ဆီကပို့ခ ရနေလို့ ငါ့သားတို့ မိသားစု အခုလို နေ့စဉ် စားဖို့သောက်ဖို့ ကျောင်းနေဖို့ ပိုက်ဆံပေးနိုင်တာပေါ့။ ဒါကြောင့် . . သူတို့ကျေနပ်အောင် ပြောရတယ်. . . သားရဲ့"

အဖေက မည်သို့ရှင်းပြသည်ဖြစ်စေ ညီညီမကျေနပ်နိုင်ပါ။

ညီညီ ယခုနှစ် ပဉ္စမတန်းတက်နေပါသည်။ နောင်တစ်နေ့တွင် ဆရာဝန်ကြီးဖြစ်ရန် ရည်မှန်းထားသည်။ သူ့ရည်မှန်းချက်ပြည့်အောင် ညီညီကြိုးစားသည်။ တစ်နှစ်တစ်တန်း အောင်လာသည်။ အတန်းထဲတွင် ပထမ၊ ဒုတိယ၊ တတိယ နေရာသုံးခုတွင် ညီညီတစ်နေရာတော့ရစမြဲ။ ဆရာများ၏ ချစ်ခင်မှုကိုလည်း ခံရသည်။

သည်လို အတန်းထဲတွင် စာတော်သော ညီညီသည် သူများတကာလို ကျူရှင်မနေနိုင်ပါ။ အဖေ့ဝင်ငွေသည် ကျူရှင်အတွက် ကုန်ကျစရိတ်မတတ်နိုင်။ ထို့ကြောင့် ကျောင်းမှာသင်သည်ကိုသာ တစ်ခါတည်းခေါင်းထဲစွဲနေအောင် မှတ်ရသည်။

ညီညီမှာ ညီအစ်ကိုမောင်နှမ လေးယောက်ရှိသည်။ ညီညီသည် သူတို့ထဲတွင် အကြီးဆုံးဖြစ်သည်။ ယခုနှစ် သူက ပဉ္စမတန်း တက်နေသဖြင့် ညီအလတ် ကျော်ကျော်က တတိယတန်း၊ ညီမလေး မော်မော်က ပထမတန်းတွင်တက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီထွေးလေး သော်သော်က အမေနှင့် အတူနေဆဲဖြစ်သည်။ ရှေ့နှစ်ကျောင်းပြန်ဖွင့်လျှင် သူလည်း သူငယ်တန်း တက်ပေတော့မည်။

"ငါ့မှာ သတင်းစာ စောင်ရေက သုံးရာလောက်အထိ တိုးလာပြီ။ ပြီးတော့ စာစောင်တွေ၊ ဂျာနယ်တွေကလည်း ရပ်ကွက်ထဲက မှာတော့ ပို့ပေးနေရတယ်။ ပိုက်ဆံတော့ ရပါရဲ့။ ဒါပေမဲ့ ထမင်းစားချိန် မမှန်တော့ဘူး။ ကိုးနာရီကစပို့ရင် နေ့ခင်း တစ်နာရီမှ ပြန်ရောက်တော့ ကြာရင် မလွယ်ဘူး မတင့်ရာ"

အဖေက အမေ့ကိုပြောရင်း ညည်းသည်။

"ခုတလော ဗိုက်ကခဏခဏအောင့်တာ အစာအိမ်ရောဂါများလား မသိဘူး"

"ရှင် အစာအိမ်ရောဂါဖြစ်ရင်တော့ ဒုက္ခပါပဲ၊ သတင်းစာတွေ ပို့ဖို့ သူများကိုလွှဲပေးရမှာ၊ အခုကိုယ့်ဝင်ငွေလေး မှန်နေတာ အဲဒီတော့မှ ဝင်ငွေမရှိတဲ့ ဒုက္ခဖြစ်တော့မှာ"

အဖေနှင့် အမေတိုင်ပင်နေသံကို နောက်ဖေးမှာစာကျက်ရင်း ညီညီကြားနေရတယ်။ ညီညီ အဖေ့ကို သနားသွားသည်။ အဖေ ကျန်းမာရေးမကောင်းတာ တစ်လကျော်ပါပြီ။ အလုပ်ပင်ပန်း သည့်ဒဏ်ကြောင့် အဖေပိန်လာသည်ကို သတိထားမိသည်။ အဖေ သတင်းစာပို့သည့်အလုပ် မလုပ်ရလျှင် အိမ်၏ဝင်ငွေ ဘယ်ကရပါမည်နည်း။

ညီညီ စာမကျက်နိုင်တော့ပါ။ သူ့စိတ်ထဲတွင် လွမ်းဆွဲ သည်။ အဖေ့ကို ကူညီချင်ပါသည်။ အဖေ သက်သာစေချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူတကာက သတင်းစာပို့တဲ့ကောင်လေးဟု အပြောမခံနိုင်ပါ။ အထူးသဖြင့် ကျောင်းကသူငယ်ချင်းများနှင့် ဆရာများ မသိစေချင်ပါ။ ဂုဏ်ငယ်သည်ဟု ထင်သည်။

သို့သော် အဖေသာ သည်အလုပ်ဆက်မလုပ်နိုင်လျှင် ထမင်းစားရန် ဘယ်ကပိုက်ဆံရမည်နည်း။

ညီညီ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ထို့ကြောင့် အဖေနှင့် အမေ စကားပြောနေသည့်အိမ်ရှေ့သို့ ရောက်သွားသည်။

"အဖေ. . . သား အဖေ့ကိုယ်စား မနက်ဖြန်သားသတင်းစာ လိုက်ပို့မယ်လေ။ အဖေကျန်းမာရေး ကောင်းအောင် နားပေါ့"

အဖေက ရယ်သည်။

"သတင်းစာပို့တယ်ဆိုတာ ချက်ချင်းဝင်လုပ်လို့ရတဲ့ အလုပ် မဟုတ်ဖူးသားရဲ့။ မင်းမှာက ကျောင်းတစ်ဖက်နဲ့။ အဖေ့ သတင်းစာ တွင်မက ဂျာနယ်တွေပါ ပို့ရမှာ။ မဖြစ်ပါဘူးကွာ"

"ရပါတယ် အဖေ။ အကုန်မဟုတ်တောင် တစ်ဝက်တော့ လိုက်ပို့ပါ့မယ်။ အဖေသာ သားကို ပို့ရမယ့်အိမ်တွေ ပြထား။ နောင်ဆို တစ်ဝက်စီပို့ရတော့ အဖေစောစောပြီး အိမ်စောစော ပြန်ရောက်တော့ သက်သာတာပေါ့"

"တကယ်ပြောတာလား ငါ့သား။ အဲ့သလိုဆို အဖေနည်းနည်း သက်သာတာပေါ့ကွာ။ လူငှားရင် သူများကို ပိုက်ဆံပေးရမယ့် အတူတူ အဲဒီပို့ခကို သားကိုပေးမယ်ကွာ"

ညီညီတို့ သားအဖနှစ်ယောက်တွဲပြီး ပေစ်ပတ်ခန့် အိမ်မှတ်မိအောင် သတင်းစာပို့ရသည်။ နောက်နေ့များမှာ

www.burmeseclassic.com

www.burmeseclassic.com



ညီညီတစ်ဦးတည်း စောင်ရေတစ်ဝက် လိုက်ပို့ရသည်။ ထို့အပြင် သတင်းစာသာမက စာစောင်၊ ဂျာနယ်များပါ မှာသူရှိသည့် အတိုင်း လိုက်ပို့ရသည့်အတွက် ပင်ပန်းလှသည်။

"သတင်းစာပို့တဲ့ကောင်လေး . . ."

ကျောင်းမှာ နှိမ်ပြီးခေါ်သူများ။ လမ်းထဲ၊ အရပ်ထဲမှာ ခေါ်သူများကို ညီညီသည်းခံနိုင်ပါပြီ။ တစ်ခုတော့ရှိသည်။ သူသတင်းစာ ပို့ရမည့်အကွက်ထဲတွင် ကျောင်းက အတန်းပိုင် ဆရာ ဦးမြင့်ဆွေ၏ အိမ်လည်းပါဝင်နေသည်။

"ဆရာ . . .၊ သတင်းစာ"

"ဩော် . . .၊ ညီညီပါလား။ အေး ထားခဲ့ပေ့"

သတင်းစာ ဆက်ပို့ရမည်ဖြစ်သဖြင့် ညီညီနှင့်ဆရာ ထိုမျှလောက်သာ စကားပြောဖြစ်ပါသည်။

မနက်ကိုးနာရီမှစ၍ ပို့လျှင် အိမ်ကိုဆယ့်တစ်နာရီပြန် ရောက်သည်။ ညီညီ ရောက်ပြီးခဏခ္ဓ အဖေလည်း ပြန်ရောက် လာတတ်သည်။ ယခုတော့ အဖေ ဗိုက်အောင့်ရောဂါမဖြစ်တော့ ပါ။ အနည်းငယ်လည်း ကျန်းမာလာပါပြီ။

သတင်းစာပို့ခကို အဖေကပေးသော်လည်း ညီ တစ်ယောက်တည်း မသုံးပါ။ ညီလေး၊ ညီမလေးတွေကို နေ့ မုန့်ဖိုးပေးသည်။ ထိုကြောင့် အမေ့ပိုက်ဆံ သက်သာသွားသည်။

သတင်းစာကို မြို့လယ်ကရုံးကြီးမှာ အဖေကမနက်ကတည်း က စောင့်ကာ သွားယူရသည်။ ရှစ်နာရီခွဲလောက်ဆိုလျှင် အဖေ

www.burmeseclassic.com

www.burmeseclassic.com


ပြန်ရောက်လာတတ်သည်။ အဖေရောက်ပြီး သားအဖနှစ်ယောက် သတင်းစာခွဲယူကြပြီး ကိုယ့်အပိုင်းကို ထွက်ခဲ့ကြလေ့ရှိသည်။

အိမ်မှာ သတင်းစာပို့၍ အဆင်ပြေလာသော်လည်း အတန်းထဲတွင် ညီညီ အဆင်မပြေရှာပါ။

သူငယ်ချင်း အချို့က သူ့ကိုမခေါ်တော့ပါ။

"သတင်းစာပို့တဲ့ကောင်။ အလကား၊ အောက်တန်းစား"

သူဌေးသားများဖြစ်သော လှဝင်း၊ အေးဆောင်နှင့် တင်ဦး တို့ သူ့ကို စကားမပြောတော့ပါ။

သည်နှစ် မိုးရာသီ တော်တော်ကြာပါသည်။

မိုးရွာလျှင် ထီးဆောင်း၍ ညီညီမပျက်မကွက် သတင်းစာ ဆက်ပို့ပါသည်။ မိုးထဲရေထဲမှာမပို့ရန် အဖေက ပြောသော်လည်း အဖေပင်ပန်းမည်စိုးသဖြင့် သူပဲပို့ပါသည်။

တစ်နေ့တွင်ဖြစ်သည်။

အဖေသတင်းစာရတာ နောက်ကျသဖြင့် အိမ်ကိုခုနစ်နာရီ ခွဲ ရောက်လာသည်။ ကမန်းကတန်း တစ်ဝက်စီ သားအဖ သတင်းစာခွဲယူပြီး လိုက်ပို့ကြသည်။

ညီညီ ဆရာဦးမြင့်ဆွေ၏ အိမ်ကို ရောက်သောအခါ ဆရာသည် ကျောင်းသွားရန် ခြံဝသို့ပင် ရောက်နေပါပြီ။

"ညီညီ... ဒီနေ့နောက်ကျလှပါလား"

"ဟုတ်ကဲ့ ... အဖေဒီနေ့သတင်းစာ ရတာနောက်ကျလို့ပါ ဆရာ"

www.burmeseclassic.com



ညီညီ ထိုမျှသာပြောပြီး ထွက်လာခဲ့သည်။ ထိုစဉ် မိုးဖွဲကလေးများ ကျလာသည်။ ထို့ကြောင့် သတင်းစာများ ထည့်ထားသော လွယ်အိတ်ကို စလွယ်သိုင်းပြီး ထီးဖွင့်ဆောင်းလိုက်သည်။

လမ်းမတစ်ဖက်ကို သူကူးလိုက်သောအခါ ကျောင်းသူကျောင်းသားများ ကျောင်းတက်ရန် သွားနေကြပါပြီ။ ထိုအချိန်တွင် သူ့သူငယ်ချင်း ဝင်းမြင့်သည် မိုးဖွဲဖွဲရွာသည့်ကြားမှ ထီးမပါဘဲ လျှောက်လာနေသည်။

"ဝင်းမြင့် . . . မင်းထီးမပါလာဘူးလား"

"ဟာ. . . ညီညီပါလား။ အေးကွ။ မိုးမရွာဘူးထင်လို့ မယူလာမိဘူး။ ပြန်ရအောင်ကလည်း အိမ်နဲ့တော်တော်ဝေးနေပြီ"

"ဒါဆို မင်းငါ့ထီးယူသွားလေ"

"ဟင် . . . ဒါဆိုမင်းကရော။ မင်းစိုကုန်မှာပေါ့"

"ငါက အကြောင်းမဟုတ်ပါဘူး။ သတင်းစာ ဆယ့်ငါးစောင်လောက်ပဲ ကျန်တော့တယ်။ ငါကျောင်းလာတဲ့အခါ မိုးတိတ်ရောပေါ့။ ကျောင်းရောက်မှ ထီးကို ပြန်ပေးပေါ့။ သွားသွား . . . မင်းကျောင်းနောက်ကျနေမယ်"

ညီညီက ထီးကို ဝင်းမြင့်ကိုပေးလိုက်ပြီး မိုးဖွဲကလေးများထဲတွင်ဆက်ထွက်လာခဲ့သည်။ သတင်းစာအားလုံး ပို့ပြီးသောအခါ ကျောင်းတက်ချိန်ရောက်ပါပြီ။သည်နေ့တော့ ကျောင်းနောက်ကျဖို့ သေချာပါပြီ။ အရိုက်ခံရတော့မှာဖြစ်၍ ညီညီ စိတ်ညစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးမှ ကျောင်းကို ကမန်းကတန်းသွားရသဖြင့် နာရီဝက်ခန့်နောက်ကျသွားပါသည်။ ပိုဆိုးသည်က လမ်းမှာ မိုးကရွာလိုက်သေးသည်။ စာအုပ်တွေမိုးမစိုရန်လည်း ပြေးရသေးသည်။ အတန်းရှေ့ရောက်သောအခါ အတန်းထဲတွင် ကျောင်းသားဆယ်ဦးခန့် မတ်တတ်ရပ်နေကြသည်ကိုတွေ့ရသည်။

"ဒီကွာပါပဲ။ စာမရတဲ့သူတွေလား။ ကျောင်းနောက်ကျတဲ့သူတွေလားမသိဘူး။ ဆရာရိုက်တော့မယ်နဲ့တူတယ်"

အတန်းအကွယ်မှ ညီညီရပ်ရင်း ရင်ခုန်နေပါသည်။

"အပြင်က. . . ဘယ်သူလဲ"

"ကျွန်တော်ပါဆရာ. . . ညီညီပါ. . . ဝင်ခွင့်ပြုပါဆရာ"

"ဩော်. . ညီညီလား၊ လာလေ၊ ဝင်ခဲ့၊ ဟာ. . မိုးတွေလဲစိုရွဲလို့ပါလား၊ ကဲ. . ကျောင်းသားတွေထဲက တစ်ယောက်ယောက် အကျီအပိုပါရင် ညီညီကိုငှားလိုက်ကြပါကွာ"

"ညီညီ ငါ့မှာ အကျီအပိုပါတယ်. . . မင်းဝတ်ထားလိုက်"

လှဝင်းက အကျီတစ်ထည်ပေးပါသည်။ ညီညီအံ့ဩသွားသည်။ အရင်က သူ့ကိုမခေါ်သူက လိုလိုလားလားခေါ်နေ၍ ဖြစ်ပါသည်။

"ကဲ. . . ဒီနေ့ ကျောင်းနောက်ကျသူတွေ"

ဆရာ့စကားသံကြောင့် ညီညီမျက်နှာ ဆီးရွက်လောက်ဖြစ်သွားသည်။ ဆရာအရိုက်ကြမ်းသည်ကို အားလုံးသိကြသည်။ သဘောကောင်းသည့်နေရာတွင် ကောင်းသလောက် အပြွန်အရိုက်ကြမ်းသဖြင့် ဒီနေ့တော့အရိုက်ခံရပြီဟု ညီညီတွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနောက်ကျသူ ဆယ်ဦးကို တစ်ယောက်လျှင် ငါးချက်စီရိုက်လိုက်သည်။ အားလုံးမျက်နှာလေးတွေရှုံ့ပြီး ပြန်ထိုင်ကြသည်။ ညီညီတစ်ယောက်သာ ကျန်တော့သည်။

"နောက်တစ်ယောက်က. . . ညီညီ"

ညီညီသည် လက်ပိုက်လျက် ခေါင်းကိုငုံကာတထိတ်ထိတ်ဖြင့် ရပ်နေသည်။ ဆရာသည် ညီညီအနား ရောက်လာသည်။ ဘယ်တော့ကြိမ်လုံး ကိုယ်ပေါ်ရောက်လာမည်လဲဟု ညီညီ တွေးနေသည်။ သို့သော် ကြိမ်လုံးကရောက်မလာ။

"မင်းတို့ကထင်မယ်၊ ညီညီကိုတော့ နောက်ကျပြီး ကျောင်းရောက်ရဲ့သားနဲ့ မရိုက်ဘူးလို့ အဲဒါ. . . ဆရာပြောပြမလို့ ဒီနေ့ဆရာ ကျောင်းကိုလာတော့ ဆယ့်တစ်နာရီခွဲပြီ"

ဆရာက ပြောသည်။

"အဲဒီအချိန်မှာ ညီညီဟာ သတင်းစာပို့နေရတုန်း၊ မင်းတို့လို အပူအပင်မရှိ ကျောင်းတက်နေရတာ မဟုတ်ဘူး။ မိဘကို ကူညီနေရလို့ သူ့မှာကျောင်းကို အချိန်မီမလာနိုင်ခဲ့ဘူး၊ ဒါတွင်ပဲလား ဆိုတော့. . . မဟုတ်ဘူး။ မိုးဖွဲကလေးတွေကျလာတော့ လမ်းမှာ ထီးမပါလာတဲ့ ဝင်းမြင့်ကို သူ့ထီးဆောင်းသွားဖို့ ငှားလိုက်တယ်၊ သူကတော့ မိုးရေတွေထဲမှာ သတင်းစာပို့ဖို့ ဆက်ပြီးသွားနေခဲ့တယ်၊ အခု ကျောင်းကိုရောက်တော့ မိုးတွေရွဲနေပြီ၊ ကျောင်းလဲ နောက်ကျတယ်"

"ညီညီလို မင်းတို့တစ်ယောက်မှ မလုပ်နိုင်ကြဘူး၊ ကိုယ့် မိဘကိုရော၊ ကိုယ့်သူငယ်ချင်းကိုရော အနစ်နာခံ ကူညီတတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ညီညီကို ဆရာရိုက်လို့ မဖြစ်ဘူး၊ မင်းတို့အားလုံး ညီညီကို အတုယူရမယ်၊ သူ့လိုစိတ်ထားကောင်းမွေးရမယ်၊ အဲဒီလိုပဲ စောစောကညီညီကို အကျိုးငှားတဲ့ လှဝင်းဟာလည်း သူငယ်ချင်းကောင်းပဲ"

ဆရာက အားလုံးကိုရှင်းပြပြီး ညီညီကို ပြန်ထိုင်ခိုင်းသည်။

ညီညီရင်ထဲ ဝမ်းသာကြည်နူးမှု ခံစားရသည်။

ထိုနေ့က ကျောင်းဆင်းသောအခါ ညီညီ၊ လှဝင်း၊ ဝင်းမြင့်၊ အေးဆောင်တို့ လေးဦးသား အတူတူအိမ်ပြန်ကြသည်။

သူငယ်ချင်းကောင်းဖြစ်ရန် သူတို့အားလုံး ဆုံးဖြတ်ထားကြသည်။ အထူးသဖြင့် ညီညီလို သဘောထားကြီးပြီး မိဘကို ကူညီရန် အားလုံးကဆုံးဖြတ်ကြသည်။ နောင်ကို တစ်ယောက်နှင့်တစ်ယောက် မခေါ်ဘူးဆိုတာ မဖြစ်ဖို့လည်း ဆုံးဖြတ်ထားကြသည်။

သူငယ်ချင်းလေးဦး၏ တွဲလက်များက မြဲမြဲလှပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးရူးရှင်

နုနုအသက် ဆယ့်တစ်နှစ် ရှိပြီ။

ပဉ္စမတန်းမှာ ပညာသင်ကြားနေပါသည်။

နုနုတို့မှာ မောင်နှမနှစ်ယောက်ရှိသည်။ မောင်လေး တိုးတိုးက တတိယတန်းမှာ တက်နေသည်။

နုနုတို့ မချမ်းသာပါ။ အိမ်ကြီးအိမ်ကောင်းမှာ မနေနိုင်ပါ။ အိမ်ခန်းငှားနေရသည်။ အဖေက အပြင်ပုံနှိပ်တိုက်တွင် နေ့ခင်းဘက် အလုပ်လုပ်ပြီး ညဘက်တွင် အစိုးရပုံနှိပ်တိုက်တွင် အလုပ်လုပ်ပါသည်။ နုနုတို့အမေသည် အိမ်တွင် ဈေးဆိုင်ကလေးဖွင့်ကာ ဈေးရောင်းရပါသည်။ အဖေအလုပ်နှစ်ခုလုပ်သောဝင်ငွေသည် အမေ့ဝင်ငွေနှင့် ပေါင်းသောအခါ အိမ်စရိတ်ကို ကာမိရုံမျှသာ ရှိပါသည်။

နုနု ပဉ္စမတန်းတက်သောနှစ်သည် မိသားစု စီးပွားရေး ကျပ်တည်းသောနှစ်ဖြစ်သည်။ အမေတို့ အဖေတို့ စီးပွားရှာကြသော်လည်း ပိုလျှံသည်ဟူ၍မရှိပါ။ ထို့ကြောင့် နုနုသည် ကျောင်းသို့ နို့ထုပ်များယူသွားကာ အတန်းထဲတွင်ရောင်းရပါသည်။

"နုနုရေ. . . မရမ်းသီး အချဉ်ထုပ်ပါသေးလား"

"ပါတယ် ဆွေဆွေ. . . ဘယ်နှစ်ထုပ်ယူမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"အေး . . . တစ်ထုပ်ပေးပါဟာ"

တစ်ဦးဦးက ဈေးဦးဖောက်လိုက်သဖြင့် နောက်လူများ ဆက်တိုက်လိုက်ဝယ်ကြသည်။ ကျောင်းမတက်မီသာမက ကျောင်းအချိန်ပြောင်းသည့် အချိန်ကလေးအတွင်း ထပ်ရောင်းရ တတ်သေးသည်။ ဆရာမ စာလာမသင်မီ ဆီးယိုထုပ်နှင့် အချဉ် ထုပ်များ ရောင်းရသည်။ မုန့်ငါးထုပ်ရောင်းရလျှင် နုနုအတွက် ငါးကျပ်ကျန်သည်။ ဒိုင်မှဝယ်ကတည်းက ခြောက်ထုပ်ကို နှစ်ဆယ့်ငါးကျပ်နှုန်း ယူရသည်။

နုနုကျောင်းသွားတိုင်း မုန့်များကိုအိတ်တစ်လုံးဖြင့်ရောင်းရန် သယ်သွားရသည်။

စာသင်နေစဉ်အတွင်း မုန့်စားခြင်းသည် စာသင်ခန်း၏ စည်းကမ်းကို ဖောက်ဖျက်ရာရောက်ပါသည်။ ဆရာ ဆရာမများ ကို စော်ကားရာလည်း ရောက်ပါသည်။ ထို့ကြောင့် ဆရာ စာသင်နေစဉ်အတွင်း မုန့်မစားကြပါရန် နုနုက အားလုံးကို တောင်းပန်ထားသည်။

ဆရာ ဆရာမများကလည်း စာသင်ခြင်းကို မည်သို့မျှ အနှောင့်အယှက်မပြုသဖြင့် နုနုကို ခွင့်ပြုထားခြင်းဖြစ်သည်။ နုနုက မုန့်ဝယ်စားခြင်းစားလျှင် သူ့ထံမှစားကြပါရန် သူငယ်ချင်း များကို ပြောထားသည်။ ဈေးမတင်ထားသဖြင့် သူငယ်ချင်းတွေ က ခြေညောင်းခံကာ ဆိုင်မှာသွားမဝယ်ကြတော့ဘဲ နုနုထံမှာ ဝယ်စားကြသည်။

နုနုနေ့စဉ် မုန့်ထုပ်နှစ်ဆယ်၊ သုံးဆယ်မျှရောင်းရသည်။ အခြားအတန်းများမှသူငယ်ချင်းများကလည်း လာဝယ်စားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ကျောင်းဆင်းချိန်ရောက်လျှင် အတန်းထဲက မုန့်ထုပ်သော ပလတ်စတစ်အိတ်များကို လိုက်ကောက်ရသည်။ အမေက ဆရာမ မငြိုငြင်စေရန် သန့်ရှင်းရေးပြန်လုပ်ဖို့ သင်ထားသည်။ မိမိကြောင့် အခန်းအတွင်း အမှိုက်တွေမပွစေရပါ။ ကျောင်းသားကျောင်းသူများ မိမိမုန့်ကိုဝယ်စားပြီး ချပစ်ထားခဲ့သော အမှိုက်များသည် မိမိတာဝန်သာဖြစ်သည်ဟု အမေက ပြောပါသည်။ အမှိုက်ရှင်းပြီးမှ နုနုအိမ်ပြန်ရသည်။

တစ်ခါတစ်ရံ နုနု အမှိုက်ကောက်သည့်အချိန်သည် ဆရာမနှင့် ကြုံရတတ်သည်။ ဆရာမသည် နုနု အမှိုက်ကောက်နေစဉ် အတန်းအတွက် အလုပ်များလုပ်နေတတ်သည်။ စာအုပ်တစ်အုပ်တွင်လည်း စာများရေးနေတတ်သည်။

နေ့စဉ်ပုံမှန် မုန့်ထုပ်သုံးဆယ်ခန့် ရောင်းရခြင်းကြောင့် နုနု အမြတ်ငွေ သုံးဆယ်ရသည်။ ထိုငွေကို နုနုစုထားသည်။ နုနုတို့ မချမ်းသာသော်လည်း အကြွေးမတင်အောင် မိဘများက ကြိုးစားကြပါသည်။ နုနုကလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရအောင်ရှာသည်။ ယခု ပိုက်ဆံသုံးဆယ်နေ့စဉ်ရသည်ကို နုနု စုထားပြီး မိမိလိုအပ်သော ခဲတံ၊ စာအုပ်၊ ဘောပင် စသည်တို့ကို ဝယ်ရသည်။ ထိုငွေထဲမှ နုနုသာမက မောင်လေးလိုအပ်သည့် စာအုပ်စာတမ်းများလည်း ဝယ်ပေးရသည်။ ထို့ကြောင့် အဖေတို့ အမေတို့ထံ ပိုက်ဆံမတောင်းရတော့ပါ။

အဖေနှင့်အမေ နှစ်ဦးအနက် အိမ်မှာ နုနုတို့မောင်နှမ နေ့စဉ်မြင်တွေ့နေရသည်မှာ အမေသာဖြစ်သည်။ အမေသည်

www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာ အိမ်ဆိုင်ဖွင့်ထားသဖြင့် အိမ်အလုပ်များကိုလုပ်ရှင်း ဈေးရောင်းရပါသည်။

အဖေကမူ အစိုးရအလုပ်အပြင် နောက်ထပ်အလုပ်တစ်ခုပါ လုပ်ရသဖြင့် အိမ်မှာ နုနုတို့မောင်နှမနှင့် ဆုံရသည်မရှိပါ။ အိမ်မှာ အဖေပြန်ရောက်နေသော်လည်း မုန့်ရောင်းရန် နုနု ကျောင်းသို့ အစောကြီးထွက်သွားရလေ့ရှိသဖြင့် အဖေနှင့်နုနု မဆုံတတ်ပါ။ နုနုကျောင်းက ပြန်လာလျှင် အဖေသည် ညဘက်အလုပ်ကို သွားပြီဖြစ်သဖြင့် မတွေ့တော့ချေ။ မနက်အစောကြီး အဖေ အိမ်ပြန်လာလေ့ရှိပါသည်။ သို့သော် ညဘက်က အိပ်ရေးပျက် ထားသဖြင့် အိပ်နေတတ်ပြီး နုနုမုန့်များကို ဒိုင်မှသွားယူပြီဆိုလျှင် အဖေအိပ်ယာမှနိုးလာကာ နေ့ခင်းအလုပ်သို့ ထွက်သွားတတ်ပါ သည်။ အဖေနှင့် မောင်လေးတိုးတိုးကတော့ တစ်ခါတစ်ရံ ဆုံတတ်ပါသေးသည်။

ယခုနှစ်ဆိုလျှင် ကျောင်းစတက်ကတည်းက အဖေနှင့် တစ်အိမ်တည်းနေပြီး မတွေ့ရသည်မှာ လေးငါးလပင်ရှိပါပြီ။

အမေ့ပြောစကားအရ အဖေသည် ယခုငှားနေသော အိမ်ကလေးမှ အခြားနေရာသို့ပြောင်းကာ ကိုယ်ပိုင်အိမ်ကလေး ဝယ်ပြီးနေရန် ကြိုးစားနေကြောင်းသိရသည်။ ယခုငှားနေသော အိမ်ကလေးသည် ကျဉ်းလွန်းပြီး နေ၍မကောင်းလှပါ။ နုနုတို့ မိသားစုမှာ စုစုပေါင်းမှ လေးဦးသာရှိသော်လည်း အိမ်က ကျဉ်းလွန်းပြီး အိမ်လခနှင့်စာလျှင် မတန်ပါ။ ကိုယ်ပိုင်အိမ်ဆိုလျှင် ဤသို့အိမ်လခ ပေးရတော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေတွင် ကျောင်းကပြန်ရောက်သောအခါ အလုပ်မသွားရသေးသော အဖေနှင့်နုနုတို့ ရှားရှားပါးပါးဆုံပါသည်။

"အဖေကြီး . . . သမီးကို မုန့်ဖိုးတစ်ခါမှလည်း မပေးဘူး၊ သူများအဖေတွေဆို ကျောင်းမှာတောင် မုန့်ဖိုးလာပေးကြတယ်၊ အဖေမုန့်ဖိုးမပေးလို့ သမီးကိုယ့်ဘာသာ ကျောင်းမှာမုန့်ရောင်းပြီး ကျောင်းတက်နေရတယ်"

"ဘာပြောတယ်"

အပြင်အလုပ်ကပြန်လာပြီး အနားယူနေချိန်တွင် အဖေ့အနားကပ်ကာ နုနုမုန့်ဖိုးတောင်းလိုက်သည်။

အဖေ စိတ်ဆိုးသွားလား၊ စိတ်တိုသွားလား မသိပါ။ နုနုကို အဖေ ဒေါသတကြီးရိုက်ရန် ဟန်ပြင်လိုက်ပါသည်။ ထို့နောက် စိတ်မကောင်းဖြစ်သွားကာ နုနုကို အကြာကြီးစိုက်ကြည့်နေပါသည်။ ပြီးမှ ရွယ်ထားသောလက်ကို ပြန်ချထားလိုက်ပြီး သက်ပြင်းရှည်ကြီးချလိုက်ပါသည်။

ထို့နောက် အဖေသည် အတန်ကြာသည်အထိ အိမ်အပြင်ကို ငေးကြည့်နေပါသည်။ ခေါင်းကိုလည်း ပွတ်နေပါသည်။ အဖေသည် ဘာတွေစဉ်းစားနေသည်မသိပါ။ အဖေ့မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်များ ဝိုင်းလာပါသည်။

နုနုသည် ပထမတွင် အဖေများ တကယ်ရိုက်လိုက်လေမလားဟု အလွန်ကြောက်ရွံ့သွားပါသည်။ သို့သော် အဖေကို ကြည့်ရင်း အဖေတွေဝေငေးမောနေကာ မျက်ရည်များဝိုင်းလာသည်ကို မြင်ရသောအခါ အဖေချက်ချင်းထ၍ ရိုက်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



ထက် အဖေ့ကိုကြည့်ရသည်က ပို၍ဝမ်းနည်းစရာအဖြစ် ခံစားရလေသည်။ နုနုသည် မိမိစကားမှားသွားသည်ကို အလွန်နောင်တရသွားသည်။

အဖေသည် သက်ပြင်းရှည်တစ်ချက် ထပ်ချလိုက်သည်။ နောက်မှ အမေ့ကို လှမ်းပြောလိုက်ပါသည်။

"ရှင်မရေ. . . ကိုယ်အလုပ်သွားတော့မယ်ကွာ"

"ကိုရင်. . . ဒီနေ့ ညဂျူတီက နားရက်မဟုတ်လား"

"အေး . . . နားရက်ပါပဲ၊ ဒါပေမဲ့ သွားစရာကိစ္စရှိသေးတယ်ကွာ"

နုနုသိပါသည်။ အဖေသည် သူမပြောလိုက်သည်ကို စိတ်ထိခိုက်သွားခြင်းကြောင့် အလုပ်သို့ တမင်ထွက်သွားခြင်းဖြစ်သည်ကို သဘောပေါက်ပါသည်။

ညအိပ်သောအခါ နုနုသည် အဖေ့အကြောင်း စဉ်းစားနေမိပါသည်။ အိပ်ရာထဲတွင် အမေ့ကိုမေးမိသည်။

"အမေရယ်. . . အဖေက အိမ်မှာ နေတာလဲမရှိဘူး၊ သမီးအဖေ့ကို မတွေ့ရတာ တော်တော်တောင်ကြာသွားပြီ"

"အို. . . သမီးရယ်၊ သမီးအဖေက အလုပ်နှစ်ခုလုပ်နေရတော့ အိမ်ဘယ်ကပ်နိုင်မှာလဲ၊ အပြင်အလုပ်က တစ်နေကုန်ဆိုတော့ သမီးနဲ့မဆုံဘူးပေါ့၊ သမီးအဖေက သမီးတို့ သူများတန်းတူနေနိုင်အောင် အလုပ်ကိုအရမ်းကြိုးစားပြီး လုပ်နေရတာသမီးရဲ့။ နေ့ခင်းအလုပ်က ပိုက်ဆံပိုရပေမယ့် အရမ်းပင်ပန်းတော့ ဒါ့အပြင် ညဘက်အလုပ်ပါဆိုတော့ သမီးတို့နဲ့ ဘယ်လိုမှမဆုံ

www.burmeseclassic.com

www.burmeseclassic.com



တာကို သမီးတို့က အလိုက်သိတတ်ရမယ်. . . သမီးရဲ့။ ညနေက သမီးပြောလိုက်တာ သမီးအဖေ အရမ်းစိတ်ထိခိုက်သွားတာ။ အဲဒါကြောင့် သူအလုပ်ဆင်းရမယ့်နေ့ မဟုတ်ဘဲနဲ့ အလုပ်ကို သွားတာ"

"အဖေ့လခ ဘယ်လောက်လဲဟင် အမေ"

"အလုပ်နှစ်ခုက ရတာတွေ အားလုံးပေါင်းလိုက်ရင် တစ်သောင်းကျော်ကျော်လောက်ရှိမှာပေါ့"

သည်လိုဆို နုနုမကျေနပ်ပါ။ လခတွေအများကြီးရလျက်သားနှင့် အဖေသည် မုန့်ဖိုးကလေးတောင်မပေးပါ။ သူများတကာ အဖေတွေဆိုလျှင် ကျောင်းမှာပင် လာ၍ မုန့်ဖိုးပေးကြသည်။ အိမ်မှာ ပျော်ပျော်ပါးပါးနေနိုင်ကြသည်။ အဖေသည် လခတွေအများကြီးရသော်လည်း အမေ့ကို ပိုက်ဆံတွေ ပေးသည်ကို မတွေ့ရပါ။

နုနုစိတ်ထဲတွင် မိမိကိုယ်တိုင် ပိုက်ဆံရှာနိုင်သဖြင့် ဂုဏ်ယူပါသည်။ မောင်လေးကိုလည်း မုန့်ဖိုးပေးနိုင်သည်။ သို့သော် ကိုယ်ပိုင်ငွေမို့ အရမ်းမသုံးရက်ပါ။ ပိုက်ဆံအပိုကုန်မည့် ကိစ္စများကိုလည်း မလုပ်ရဲပါ။

နုနုပဥ္စမတန်းရောက်သော်လည်း ကျူရှင်မနေရပါ။ သူများတွေကျူရှင်တက်သည်ကို အားကျပါသည်။ ကျူရှင်မနေနိုင်သဖြင့် ဆရာ ဆရာမများ သင်သည်ကိုသာ အားထားနေရပါသည်။ ကျူရှင်ဖိုးမတတ်နိုင်သဖြင့် နုနုအားငယ်ပါသည်။ နုနုထူးထူး ချွန်ချွန်အောင်ချင်သည်။ သူငယ်ချင်းများက ကျူရှင်မှ စာကြိုသင်သဖြင့် အတန်းထဲတွင် ဆရာ ဆရာမများ စာမေးပါက

www.burmeseclassic.com

www.burmeseclassic.com


ပို၍ ဖြေနိုင်ကြသည်။ နုနုမှာမူ သင်ပြီးသားများကိုသာ ကျေအောင် ကျက်နေရသည်။

သည်နှစ် စာမေးပွဲဖြေပြီး၍ ကျောင်းပိတ်လျှင် ကျူရှင်ဖိုး ရအောင် အမေ့ကိုပြောမည်။ နောက်တစ်နှစ် ကျောင်းပြန်တက်လျှင် နုနုကျူရှင် တက်ချင်သည်။

ကျူရှင်လခက များလှသည်။ အဖေ့လခထက်ဝက် စာလောက်ရှိသည်။

အဖေ့အကြောင်းတွေးမိလျှင် အဖေ့ကို နုနုမကျေနပ်ပါ။ အဖေသည် နုနုတို့ကို သူများတွေလို ချမ်းချမ်းသာသာဖြစ်အောင် မထားပါ။

"သားရေ. . .။ တိုးတိုး လာဦး။ သမီး နုနုလည်း အဖေ့ဆီလာဦး"

အဖေသည်နေ့ အလုပ်မှ အစောကြီးပြန်ရောက်လာသည်။ ညပိုင်း အလုပ်ကို မသွားသေးဘဲ နုနုတို့မောင်နှမကို ခေါ်သည်။

"ရော့ . . . ဒါက သမီးဖို့ မုန့်ဖိုး။ ဒါက. . . သားဖို့။ နောက်ဆို အဖေ သားတို့သမီးတို့အတွက် မုန့်ဖိုးကို အမေကြီးဆီမှာ ထားခဲ့မယ်"

အမေက အလုပ်သွားခါနီး အဖေစားရန် ထမင်းပြင်ပေးသောအခါ အဖေသည် ထမင်းကို အလွန်ဆာလောင်မွတ်သိပ်နေသည့် ပုံစံဖြင့် စားလေသည်။ ထို့နောက် အချိန်နီးနေပြီဖြစ်၍ ကမန်းကတန်း ညအလုပ်သို့ ထွက်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးရသောကြောင့် နုနုတို့မောင်နှမ ပျော်သွားသည်။ တစ်ယောက်ကို ငါးဆယ်ကျပ်စီ ရကြသည်။ အဖေ ကတိတည်ပါသည်။ နောက်နေ့များတွင်လည်း အဖေက မုန့်ဖိုးများကို အမေ့ကို ပေးထားခဲ့သည်။ နောက်နေ့မှစ၍ နုနုတို့ မောင်နှမ တစ်ယောက်လျှင် နှစ်ဆယ်ကျပ်စီ မုန့်ဖိုးရကြသည်။

အမှန်ကတော့ နုနုကျောင်းမှာ မုန့်ရောင်းရတာ မသက်သာလှပါ။ အမှိုက်ပြန်ကောက်ရခြင်းကြောင့် နုနုတံမြက်စည်းဝယ်လိုက်ရသည်။

ညနေ ကျောင်းဆင်းချိန်တွင် နုနု အမြဲတံမြက်စည်းလှည်းရသည်။ အမှိုက်များကို တစ်နေရာတွင် စုပုံထားခဲ့ရသည်။ ထိုသို့စုပုံထားသည်ကို ကျောင်းစောင့်ကြီးက ကျုံးကာ အမှိုက်ပုံတွင် စွန့်ပစ်သည်။ အမှိုက်ကောက်ရတာထက် တံမြက်လှည်းရတာ သက်သာသော်လည်း တစ်လလျှင် တံမြက်စည်း တစ်ချောင်းလောက် ဝယ်နေရသည်။ တစ်ခါတစ်ရံ ကိုယ့်တံမြက်စည်း ပျောက်နေတတ်သောကြောင့် အခြားအခန်းများမှာ သွားရှာရတတ်သည်။

တံမြက်စည်းဝယ်တော့လည်း နုနုမုန့်ဖိုးထဲမှ စု၍ဝယ်ရသည်။ တစ်ချောင်း ငါးဆယ်ကျပ်လောက် ပေးရသည်။ နုနုက တံမြက်စည်းဖိုးနှင့် တံမြက်လှည်းခြင်းကို နေ့စဉ်လုပ်သဖြင့် အတန်းသားတွေက အခန်းအတွင်းရှိ အခြားအလုပ်များသို့ ခိုင်းကြတော့ပါ။ သောက်ရေအိုးဖိုး၊ ရေခွက်၊ ရေစစ်၊ ဘုရားပန်းစသည့်ကုန်ကျစရာများကိုလည်း သူတို့ဘာသာစု၍ ကုန်ကျခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် ကျောင်းလွှတ်ပြီဆိုလျှင် ကျောင်းသား ကျောင်းသူအားလုံးပျော်ရွှင်စွာ ပြန်သွားကြသလို နုနုမပြန်ရသေးပါ။ သူငယ်ချင်း တစ်ယောက်ယောက်ကို စောင့်စေလျက် တံမြက်လှည်းရသေးသည်။

တစ်ခါတစ်ရံ ဆရာမက စောင့်ပေးသည်။ သို့သော် မည်သူမျှ မစောင့်လည်း ကိစ္စမရှိပါ။ အခြားအခန်းများတွင်လည်း အနည်းဆုံး ငါးယောက်လောက်က အခန်းသန့်ရှင်းရေး လုပ်နေကြသည်သာဖြစ်သည်။

ယနေ့ ကျောင်းပိတ်ရက်။

နုနု စုထားသော ပိုက်ဆံတွေရေကြည့်သည်။

အဖေပေးထားသော မုန့်ဖိုးများနှင့် မိမိစုထားသော မုန့်ဖိုးများ ပေါင်းလျှင် ငွေတစ်ထောင်ကျပ်ခန့် ရှိလေသည်။ အမှန်မှာ နှစ်ထောင်ကျပ်ခန့်ရှိရမည်။ အခြားကုန်ကျစရာများကြောင့် ဤမျှနည်းသွားရသည်။

နုနု ပိုက်ဆံတွေ ရေတွက်နေစဉ် အဖေပြန်ရောက်လာသည်။

"ဟာ. . . အဖေကြီး အလုပ်ကပြန်လာတယ်။ အစောကြီးပဲနော်"

"အေး . . . "

အဖေ စကားသိပ်မပြောပါ။ အဖေ့ကို ကြည့်ရသည်မှာ မောပန်းနွမ်းနယ်နေပုံလည်း ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ရှင်မရေ. . .။ ငါနေမကောင်းဘူးကွာ။ ဗိုက်ထဲက အောင့်တယ်"

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

"အစာအိမ်လို့ ဆရာဝန်ကပြောတာပဲကွာ"

"ဟင်. . . ဒုက္ခပါပဲ"

အဖေသည် အိပ်ခန်းထဲမှာ လှဲလျောင်းနေပါသည်။ အမေက နုနုကို နွားနို့ဝယ်ခိုင်းသည်။ နုနုသည် ပိုက်ဆံများကို သိမ်းလိုက်ပြီး လက်ဖက်ရည်ဆိုင်သို့ နွားနို့ သွားဝယ်သည်။

"ရှင်က ကျွန်မပြောထားရက်နဲ့ နားမှ မထောင်ဘဲ။ နေ့ခင်းဘက်မှာ ထမင်းမစားတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လလောက်ပဲ ရှိပါသေးတယ်။ ထမင်းမစားပေမဲ့ ပဲလှော်လေး ဘာလေးတော့ စားပါတယ်ကွာ"

"ဒါပေမဲ့ ထမင်းစားတာနဲ့တော့ ဘယ်တူမလဲ။ လေထတော့ အစာအိမ်ရောဂါ ဖြစ်မှာပေါ့"

"အေးကွာ. . .။ ငါလည်း သမီးက မုန့်ဖိုးတောင်းတာ မပေးနိုင်တော့ စိတ်မကောင်းဘူး။ ဒါကြောင့် ထမင်းဖိုးက ပိုက်ဆံကိုနုတ်ပြီးပေးခဲ့ရတာ။ တော်ကြာ သမီးစိတ်မကောင်း ဖြစ်နေပါ့မယ်ကွာ။ မင်း သမီးကို သွားမပြောနဲ့"

"ရှင် နေ့ခင်းစာ မစားလို့ မဖြစ်ဘူးနော်။ ရှင်သာ အစာအိမ်ရောဂါ တကယ်ဖြစ်ရင် ရှင့်ကိုပဲအားကိုးနေရတဲ့ တစ်အိမ်လုံး ဘယ်လိုဖြစ်သွားမလဲ။ ပြီးတော့ ရှင်စုဆောင်းနေတဲ့ ကိုယ်ပိုင်အိမ်ကလေးအတွက် ဆိုတာအလကား ဖြစ်သွားမယ်။ ပိုက်ဆံကုန် လူပန်းဖြစ်သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . .။ ဒါလည်း ဒါပေါ့။ ဒါပေမဲ့ ကလေးတွေကို ငါက ကျူရှင်လည်း ထားပေးနိုင်တာ မဟုတ်ဘူး။ ကျောင်းစရိတ်တောင် သမီးဆို သူ့ဘာသာ ရှာနေရတာ။ မုန့်ဖိုးလေးမှ မပေးနိုင်ရင် ကလေးတွေ စိတ်ထဲဘယ်လိုဖြစ်မလဲ"

နုနုအကုန်ကြားနေရပါသည်။ နွားနို့ဝယ်ပြီးအပြန်တွင် အဖေနှင့် အမေပြောနေကြသည်များကို နုနုကြားသဖြင့် အလွန်စိတ်မကောင်းဖြစ်သွားသည်။

"အမေ. . . ဒီမှာ နွားနို့"

အမေ့ကို နွားနို့ချိုင့်ပေးလိုက်ပြီး နုနု အဖေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

"အဖေ နောက်ကို သမီးမပူဆာတော့ပါဘူး။ မုန့်ဖိုးလည်း မပေးပါနဲ့တော့။ အဖေအပြင်မှာ ထမင်းစားဖို့ မရှိလို့ အခုလိုဖြစ်တာ။ သမီးမှားပါတယ် အဖေ။ နောက်ကို သမီးမုန့်ဖိုး မယူတော့ပါဘူး။ မောင်လေးကိုလည်း အရင်ကလိုပဲ သမီးပဲ မုန့်ဖိုးပေးပါတော့မယ်"

"ရပါတယ် သမီးရဲ့။ ဘာဖြစ်လို့လဲ။ အဖေပေးနိုင်ပါတယ်"

"သမီး အဖေတို့ ပြောနေကြတာ အားလုံးကြားပါတယ် အဖေ။ သမီး အရင်က အဖေ့ကို မကျေမနပ်ဖြစ်နေတာပါ။ သူများတွေ အဖေတွေလို ဖြစ်ချင်လို့ ပြောမိတာပါ။ နောက် မဖြစ်စေရပါဘူး။ နောက် မဖြစ်စေရပါဘူး။ သမီးကို ခွင့်လွှတ်ပါ အဖေကြီး"

www.burmeseclassic.com

www.burmeseclassic.com



နုနုသည် ပြောရင်းက မျက်ရည်များကျလာသဖြင့် လက်ဖြင့် သုတ်လိုက်သည်။ ပြီးတော့ နုနု အဖေ့ကို ကန်တော့လိုက်သည်။ အဖေက နုနု ခေါင်းကို လက်ဝါးတင်ထားရင်း . . .။

"အေး . . .။ သမီးကပြောတော့ အဖေကလည်း ပြောရတာပေါ့"

အဖေသည် အမေလာပေးသော နွားနို့ကို တစ်ငုံသောက်လိုက်သည်။

"အဖေ အခုလို အလုပ်နှစ်ခုလုပ်ပြီး ပိုက်ဆံရှာနေတာဟာ သမီးတို့ဖို့ပဲ သမီး။ ရှေ့နှစ်လောက်ဆိုရင် တို့ကိုယ်ပိုင်အိမ်လေး ဝယ်ဖို့ ငွေလောက်ပြီ။ ဒီအိမ်က စပေါ်ပြန်အမ်းမယ့် ပိုက်ဆံရယ်၊ အဖေစုထားတာရယ်ဆို အိမ်ကြီးအိမ်ကောင်း မဟုတ်တောင်မှ ကိုယ်ပိုင်အိမ် ခပ်သေးသေးလေးတော့ ရလောက်ပြီ။ တဖြည်းဖြည်းတော့ ပြင်ရမှာပေါ့။ ဒါတွေဟာ သားတို့သမီးတို့ နောင်ရေးအတွက်ပဲ"

"အဖေအနေနဲ့ အပြင်မှာ စီးပွားရှာနေရတော့ သားတို့ သမီးတို့ကို ပြန်ကြည့်နိုင်ဘူး။ သမီးကျောင်းမှာ မုန့်ရောင်းရတာ အဖေဘာမှ မလုပ်ပေးနိုင်ဘူး။ ဒါပေမဲ့ သမီးစဉ်းစားကြည့်စမ်းပါ။ အဖေ သမီးတို့ကို မရိုက်ဘူး။ ဆူဆူပူပူ မလုပ်ဘူး။ အဖေ အရက်မသောက်ဘူး။ ဘာမှ ငွေကုန်မဲ့ ကိစ္စတွေ မလုပ်ဘူး။ ဟိုးဘက်အိမ်က ဦးဘမောင်ကြီးကိုကြည့်စမ်း။ ညနေတိုင်း အရက်သောက်တယ်။ သားသမီးတွေ ကျောင်းမနေရဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတောင် ဈေးရောင်းပြီး ကျွေးရတယ်။ ညနေဆို သူတို့အဖေ အတွက် ဆိုင်ကနေ သောက်ဖို့ အရက်ဝယ်သွားရသေးတယ်။ ပါမလာရင် ဦးဘမောင်ကြီးက သူ့ကလေးတွေကို မဲပြီး ရိုက်သေးတယ်။ ဆဲဟယ် ဆူဟယ်လုပ်တယ်။ အဖေရော၊ အဖေတို့ ဒီမိသားစုရော ဒီလို မဟုတ်ဘူးသမီး"

"ဒီနှစ် သမီး ကျူရှင်မတက်နိုင်ဘူး၊ အဖေသိတယ်။ ဒါပေမဲ့ နောင်နှစ် အဖေထားနိုင်အောင်ကြိုးစားမယ်။ သမီးလည်း ကိုယ့်လုပ်အားနဲ့ ကျောင်းနေရတာကို ဂုဏ်ယူရမယ်။ တို့မိသားစု ဘယ်ကမှ ခိုးယူတာ၊ အချောင်ရယူတာ မရှိဘူး။ မသမာတဲ့နည်း တွေနဲ့ ကိုယ့်ဘဝကို မတည်ဆောက်ကြဘူး။ ဒီလို သန့်စင်တဲ့ နည်းတွေနဲ့ တည်ဆောက်ထားတဲ့ တို့မိသားစုလိုမျိုး ဘယ်မှာ သမီးတွေ့နိုင်မလဲ။ သိပ်ရှားတယ် သမီး"

"အေး . . . ဒါပေမဲ့ တို့မချမ်းသာဘူး။ ပိုက်ဆံပေါပေါ မသုံးနိုင်ဘူး။ ကားမစီးနိုင်ဘူး။ အိမ်ကြီးအိမ်ကောင်းနဲ့ မနေနိုင် ဘူး။ ဒါတွေတော့ တို့မှာမရှိဘူးပေါ့ သမီး။ ဒါပေမဲ့ အဲဒီလို နေရပြီး ဘဝမသန့်ရှင်းတဲ့သူတွေနဲ့ စာရင် အဖေတို့က စိတ်ချမ်း သာပါတယ်။ ကဲကဲ. . . သမီးတို့လည်း ဈေးသွားရဦးမယ် မဟုတ်လား။ သွားကြတော့"

"သမီး နားလည်ပါပြီ ဖေဖေ။ ဒို့အပြင် သမီး ကျူရှင်လည်း မတက်တော့ပါဘူး။ သမီး အတန်းထဲမှာ စာလိုက်နိုင်သားပဲ။ ကျူရှင်မတက်ဘဲ စာလိုက်နိုင်တာကမှ ပိုကောင်းတာပေါ့ ဖေကြီး"

www.burmeseclassic.com

www.burmeseclassic.com



နုနု အဖေ့အနားမှ ထွက်လာခဲ့သည်။ ထို့နောက် နုနုသည် အမေနှင့် ဈေးသို့ ကုန်ပစ္စည်းများ သွားဝယ်ရင်း အဖေ့ပြောစကားများကို ပြန်၍ စဉ်းစားနေမိပါသည်။

တစ်နေ့တွင် အတန်းပိုင်ဆရာမက အတန်းသား အားလုံးကိုပြောသည်။

"တပည့်တို့ . . . ။ တို့ကျောင်းမှာ ကျောင်းနံရံကပ်စာစောင် လုပ်ပေးမယ်လို့ ဆရာမကြီးက ပြောတယ်။ အဲဒီတော့ မင်းတို့ထဲက စာရေးတာ ဝါသနာပါတဲ့လူတွေ ကျောင်းနံရံကပ်စာစောင် ကော်မတီကို ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ဝတ္ထုတိုတွေ ရေးပြီး ပို့နိုင်တယ်။ နံရံကပ်စာစောင်မှာ ပါပြီးတဲ့နောက် အဲဒီထဲက အကောင်းဆုံးကို ဆုပေးဦးမှာ ဖြစ်တယ်။ ဆုကို ပညာရည်ချွန်ဆုပေးပွဲမှာ တစ်ခါတည်း ပေးမယ်လို့ပြောတယ်"

ကျောင်းသား ကျောင်းသူများ စာရေးကြရန် စဉ်းစားနေကြသည်။ သတ်မှန်ထားသော ရက်မတိုင်မီ နုနု စာစီစာကုံးတစ်ပုဒ် ရေး၍ နံရံကပ်စာစောင် ကော်မတီကို သွားပို့လိုက်သည်။ နုနု စာစီစာကုံးရေးသည်ကို မည်သူမျှ မသိကြ။ နုနုကလည်း မည်သူ့ကိုမျှ မပြောချေ။

မကြာမီ နံရံကပ်စာစောင် ဖွင့်ပွဲကျင်းပကြသည်။ ကျောင်းအုပ်ဆရာမကြီး ကိုယ်တိုင် ဖွင့်ပွဲတက်ရောက်ကာ ဖွင့်ပေးသည်။

ဖွင့်ပွဲအခမ်းအနားပြီးသောအခါ ကျောင်းသား ကျောင်းသူအားလုံး တိုးဝှေ့ကာ နံရံကပ်စာစောင်ကို သွားဖတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ၊ စာစီစာကုံး၊ ဆောင်းပါး၊ ဝတ္ထုတိုများ အားလုံး ကောင်းပါ၏။ ထိုအထဲတွင် ကျောင်းသား ကျောင်းသူများ အကြိုက်ဆုံးကား ဖေဖေ့ကို အချစ်ဆုံး ခေါင်းစဉ်ဖြင့် စာစီစာကုံး တစ်ပုဒ် ဖြစ်လေသည်။

ဖေဖေ့ကို အထင်လွဲမိသော သားတစ်ယောက်အကြောင်း ကို သရုပ်ပေါ်အောင်ရေးထားသဖြင့် ဖတ်မိသူများ ချီးကျူးကြ သည်။အဆုံးပိုဒ်တွင် သားဖြစ်သူက ဝန်ချကန်တော့ တောင်းပန် ထားသည်မှာ လက်ရာမြောက်လွန်းလှသဖြင့် အချို့ကျောင်းသား ကျောင်းသူများ မိမိတို့၏ ဖခင်ကို သတိရ သနားလွန်း၍ ငိုကြ သည်။

စာစီစာကုံးမှာ နုနုရေးထားခြင်းဖြစ်သည်။ သူမကိုယ်တိုင် ခံစားခဲ့ရသော အဖြစ်အပျက်မို့ အရေးအသားက အလွန်ကောင်း နေခြင်းဖြစ်သည်။ သို့သော် သူမ ရေးသည်ကို ကလောင်အမည် ကြောင့်မည်သူမျှ ဖော်မရချေ။ အားလုံးက အတန်းကြီး ကျောင်း သား ကျောင်းသူ တစ်ဦးဦး ရေးထားသည်ဟုသာထင်နေကြ သည်။ ကျောင်းသား ကျောင်းသူများမှာ ထိုနံရံကပ်စာစောင်ကို ခဏခဏ သွားဖတ်ကြသည်။ ဖတ်တိုင်းလည်း နုနု၏ စာစီစာကုံး ကို ချီးကျူးကြသည်။

အားလုံးက ဝိုင်းချီးကျူးနေကြသဖြင့် နုနုပျော်ပါသည်။ သို့သော် ပျော်သည်ထက် အဖေ့ကို ပို၍ပို၍ သနားလာကာ မိသားစုအရေး ကြီးပမ်းနေရမှုကို ကျေးဇူးတင်မိသည်။ ပို၍လည်း လေးစားလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနှစ်ပတ်လည် အစည်းအဝေးလုပ်တော့မည်။

ကျောင်းသူကျောင်းသားတိုင်း အစည်းအဝေးဖိတ်စာကို မိဘများထံ ပေးရန် ဆရာ ဆရာမများက ပေးလိုက်သည်။ ဖိတ်စာထဲတွင် ပညာရည်ချွန် ဆုရသူများစာရင်းပါသည်။ ထို့အပြင် အခြားသော ပြိုင်ပွဲအမျိုးမျိုးမှ ဆုရသူများလည်း ပါဝင်သည်။

နံရံကပ်စာစောင် စာပေပြိုင်ပွဲ အကောင်းဆုံး ရေးသားသူဆုကိုလည်းကြေညာထားသည်။

နုနုသည် နံရံကပ်စာစောင် စာပေပြိုင်ပွဲတွင် အကောင်းဆုံးဆုရသူအဖြစ် စာရင်းတွင် ဖော်ပြခြင်းခံရသည်။ အားလုံးက စိတ်ဝင်စားနေသည့် စာစီစာကုံး ရေးသားသူမှာ ပဉ္စမတန်းမှ မနုနုမှန်းသိကြသောအခါ မုန့်သည်ကလေး နုနုဘေးတွင် မုန့်စားကျောင်းဆင်းသည့်အခါ သူငယ်ချင်းများဝိုင်းနေတော့သည်။ အတန်းကြီး ကျောင်းသား ကျောင်းသူများလည်း နုနုကို မြင်ဖူးချင်၍ လာကြည့်ကြသည်။

"နုနုလေးက တော်လိုက်တာဟယ်"

သူငယ်ချင်းများကရော အတန်းကြီး အစ်ကို အစ်မများကပါ ချီးကျူးသောအသံများ မစဲတော့ပါ။

ကျောင်း၏ နှစ်ပတ်လည် အစည်းအဝေးကို အဖေရော အမေပါ နုနုနှင့်အတူ တက်ကြသည်။ မောင်လေး တိုးတိုးလည်း ပါသည်။ အဖေနှင့် အမေက နုနုအတွက် ဝတ်စုံအသစ် ချုပ်ပေးထားသည့်အတွက် အခန်းအနားတွင် နုနုသည် လှလှပပကလေး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားပြီးသောအခါ အဖေနှင့် အမေတို့ နံရံကပ်စာစောင်ကို သွားဖတ်ကြသည်။ နုနုရေးသော စာစီစာကုံးကိုလည်း ဖတ်ကြသည်။

"ဒါ့သမီး . . . တော်တယ်ကွာ။ ကြုံလိုက်ရတဲ့ အတွေ့အကြုံကို စာပေအဖြစ် ဖော်ပြနိုင်တယ်။ ဒါသမီး အဖေကို အရင်က မကျေမနပ်ဖြစ်တုန်းက အဖြစ်အပျက် မဟုတ်လား"

"ဟုတ်ပါတယ် . . . ဖေဖေ"

"အေး . . . ဒါထက် သမီးအခုရော မကျေမနပ်ဖြစ်နေသေးလား"

"မဖြစ်တော့ပါဘူး ဖေဖေ။ မဖြစ်စေချင်ဘဲ စာစီစာကုံးရေးပြီး ဖေဖေ့ကို တောင်းပန်ဝန်ချတာနဲ့တော့တာနေပါ့ ဖေဖေ"

"အေး . . . သာဓု . . . သာဓု အဖေက မေးကြည့်တာပါကွယ်။ သမီးစိတ်ကို အဖေသိပြီးသားပါ။ တွေ့လား။ အမေကြီး။ ကျုပ်သမီးက ကျုပ်ကို တကယ်ချစ်တာ"

"ဟုတ်ပါတယ်တော် . . . ကျုပ်ကိုတော့ တော့်သမီးမို့ မချစ်ပါဘူး"

အဖေနှင့်အမေက စကားနိုင်လုပြောနေကြသည်။

"အာ . . . အဲဒီလိုလည်း မဟုတ်ပါဘူး မေမေရာ၊ သမီးက နှစ်ယောက်စလုံးကို ချစ်တာပါ"

"မရဘူးကွာ၊ ကိုင်း . . . ဒါဖြင့် ရှင်းရှင်းပြော၊ သမီး အဖေနဲ့ အမေမှာ ဘယ်သူ့ကို အချစ်ဆုံးလဲ"

အဖေက မေးသောအခါ နုနု ဘယ်လို ဖြေရမည်မှန်း မသိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒါကတော့ မမေးကောင်းဘူးလေ ဖေကြီးရဲ့"

နုနု ကြံရာမရဖြစ်ကာ ကလေးငယ်ကလေးများကို လူကြီးများက ဟန့်တားသောအခါပြောလေ့ရှိသည့်ပုံစံဖြင့် ပြောလိုက်သည်။ ထိုအခါ အဖေရော အမေပါ ရယ်ကြသည်။ နုနုတို့မောင်နှမနှစ်ယောက်စလုံးလည်း ရယ်ကြသည်။

နုနုသည် သူမ၏လက်ရာ စာစီစာကုံးမိတ္တူကလေးကို သေသေချာချာသိမ်းထားသည်။ သူမရသောဆုကိုလည်း သိမ်းထားသည်။ ဆုက မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် စာအုပ်သုံးအုပ်ဖြစ်သည်။

နုနုသည် မိဘအပေါ် အထင်အမြင်လွဲမှားစိတ်များ မဖြစ်ပေါ်စေရန် စာစီစာကုံးကို ခဏခဏထုတ်၍ ဖတ်မည်ဖြစ်သည်။ သို့သော် သည်တစ်သက်လုံး သူမမိဘနှစ်ပါးအပေါ် အထင်အမြင်လွဲမှားစိတ်များ မပေါ်တော့မှာက သေချာပါသည်။

နုနု မိဘနှစ်ပါးကို အလွန်ချစ်ပါသည်။ ယခင်က ချစ်ပုံမျိုးနှင့် ယခုချစ်ပုံမျိုးမတူပါ။ ယခုမှနားလည်သော စိတ်ထားအပြင် ကျေးဇူးတင်ခြင်းဖြင့်ပါ ရင်ထဲက သေသေချာချာချစ်ခြင်းဖြစ်သည်။

ဖေဖေ့ကိုလည်းချစ်သည်။ မေမေ့ကိုလည်းချစ်သည်။ အဖေနှင့် အမေ နှစ်ဦးစလုံးသည် နုနု၏ အနန္တကျေးဇူးရှင်များဖြစ်ကြပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# လွမ်းမိပါသည်

"ကျောင်းစောင့်ကြီးသား မောင်ကုလား၊ စကားမပီ သွားမညီ"

ကျွန်တော်တို့အုပ်စုသံပြိုင်အော်မှုကြောင့် ကျောင်းခြံ စည်းရိုးကိုကိုင်ရင်း စိတ်ဆိုးကာ ကျန်ရစ်ခဲ့သော အောင်သူသည် လက်သီးထောင်ပြပါသည်။ ကျွန်တော်တို့က အဝေးမှလျှာထုတ်ပြီ လက်ခါပြ၊ ကပြကြပါသည်။ အောင်သူက မထိနိုင်မှန်းသိလျက် နှင့် မြေကြီးခဲဖြင့် လှမ်း၍ပေါက်သည်။ သူ့ကို အားရအောင် စပြီးမှ ကျွန်တော်တို့အားလုံး အိမ်ပြန်ကြပါသည်။

တကယ်တော့ မနက်အတန်းတက်စဉ်က အားလုံး ခင်ခင်မင်မင် ရှိကြပါသည်။ နေ့စဉ် ကျောင်းလွှတ်ချိန်ရောက်ပြီ ဆိုလျှင် ကျွန်တော်တို့အားလုံး အောင်သူကိုစကြ၊ နောက်ကြကာ သူစိတ်ဆိုးအောင် လုပ်ကြပါတော့သည်။ အောင်သူသည် အလွန်သဘောကောင်းပါသည်။ နောက်တစ်နေ့တွင် အမှတ် မထားပါ။ သူ့ကို ကျွန်တော်တို့ကခင်၍စမှန်းလည်း သိသည်။ ထို့ကြောင့် နောက်တစ်နေ့ ကျောင်းပြန်တက်သောအခါ နဂို အတိုင်း ခင်ခင်မင်မင်ရှိပါသည်။ သို့သော် ကျွန်တော်တို့ကမူ ကျောင်းဆင်းလျှင် သူ့ကို စမြဲစကြပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်သူသည် စကားမပီပါ။ အသားကလည်း အနည်းငယ် ညိုပါသည်။ သို့သော် ကုလားတော့မဟုတ်ပါ။ သူ့အဖေသည် ကျွန်တော်တို့ကျောင်း၏ ကျောင်းစောင့်ဖြစ်ပါသည်။ ကျောင်းစောင့်ရာထူးအတွက် သူ့အဖေသည် လခအနည်းငယ် သာရသော်လည်း ကျောင်းဝင်းအတွင်းတွင် နေစရာအိမ် ရပါသည်။

သူတို့အိမ်ဘေး ကျောင်းဝင်းအတွင်းတွင် သီးပင်စားပင်များ စိုက်ထားသည်။ ရာသီအလိုက်စိုက်သော အပင်များလည်းရှိ သည်။ သရက်ပင်၊ မရန်းပင်၊ ပိန္နဲပင်၊ အုန်းပင်စသည့် အပင်များ လည်းရှိသည်။ အောင်သူနှင့်ကျွန်တော်တို့သည် ယခုနှစ်မှစတွေ့ ကြပြီး ခင်မင်ကြသော်လည်း ငယ်ပေါင်းသူငယ်ချင်းနှင့်မခြား ရှိပါသည်။ ကျွန်တော်တို့က သည်နှစ်တွင် အမကမှ အထက ကျောင်းသို့ ပြောင်းတက်ကြရသည်။ ထို့ကြောင့် ယခုနှစ်မှ အောင်သူနှင့်တွေ့ကာ ခင်ကြသည်။ သို့သော် အောင်သူ၏ သဘောထားဖြူစင်မှု၊ အနစ်နာခံတတ်မှု၊ သည်းခံတတ်မှုများ ကြောင့် ကျွန်တော်တို့အားလုံး ညီအစ်ကိုအရင်းကဲ့သို့ ခင်ကြ သည်။

မုန့်စားဆင်းချိန် သူ့အိမ်ကို ကျွန်တော်တို့လိုက်လည်ကြ လျှင် သူတို့အိမ်မှ သရက်သီးမှည့်၊ ပိန္နဲသီးမှည့်၊ သဘော်သီး စသည့် ခြံထွက်သီးနှံတစ်ခုခုတော့ စားရစမြဲဖြစ်သည်။ ကျွန်တော် တို့ကလည်း နေ့တိုင်းလိုလိုပင် သွား၍လည်လေ့ရှိကြသည်။ တစ်ခါတစ်ရံ ကျောင်းပိတ်ရက်ပင် သူတို့အိမ်သို့ ရောက်တတ် သည်။

www.burmeseclassic.com


အောင်သူ့အဖေ ကျောင်းစောင့်ကြီး ဦးဘကျင်သည်လည်း သဘောကောင်းပါသည်။ ကျွန်တော်တို့ဆိုးသမျှ သည်းခံပါသည်။

ကျောင်းပိတ်ရက်လိုနေ့မျိုးတွင် ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် အောင်သူတို့အိမ်ကိုသွားလည်လျှင် ထမင်းကျွေးသည့်အခါပင် ကျွေးသည်။ ဦးဘကျင်သည် ကျွန်တော်တို့နှင့်သာမက တစ်ကျောင်းလုံးနှင့်လည်း ခင်ပါသည်။

ကျွန်တော်တို့အားလုံး ပဉ္စမတန်းကျောင်းသားများ ဖြစ်ကြသည်။ အောင်သူ့မှာ ညီတစ်ယောက်သာ ရှိပါသည်။ ညီက မူလတန်းမှာ တက်နေသည်။

သည်မျှခင်ကြသော်လည်း ကျောင်းဆင်းချိန်ရောက်လျှင် တစ်နည်းမဟုတ်တစ်နည်း အောင်သူအစခံရသည်။

"ဟေ့ . . . မောင်ကုလား"

"ငါကုလား မဟုတ်ဘူးကွ. . . ငါဗမာ"

"ဒါဖြင့်. . . မင်းဘာဖြစ်လို့ အသားမည်းနေသလဲ"

"ငါ့အရင်က အတားဖြူသယ်တွ. . . နေပူထဲမှာ အလုပ်လုပ်ရလို့ မည်းသာ"

"ဘာပဲပြောပြော မင်းကို မောင်ကုလားပဲခေါ်မယ်"

"မခေါ်နဲ့သွား . . . မင်းသို့ဒီအချိန်ရောက်ရင် ငါ့ကိုကုလား . . . ကုလားနဲ့ခေါ်ကြပြီ"

"ကုလားလေး . . . ဒါးသွေး . . . ပိုက်ဆံငါးပြားပေး"

မောင်မြင့်က အောင်သူ့ဆံပင်ကိုဖွရင်း လိုက်နောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါနော်. . . အဖေနဲ့ သိုင်ပြောမှာ"

"သိုင်သိုင်. . . သိုင်သလုံး ငါးမတ်၊ မောင်ကုလား ငါရိုက်"

ကျွန်တော်တို့က အောင်သူ့ကိုတစ်ချက်စီ ခေါင်းကိုပုတ်ကာ ထွက်ပြေးကြသည်။ ခပ်လှမ်းလှမ်းရောက်မှ အောင်သူ့ကို စနေကြကဗျာလေးဖြင့် အော်ကာပြေးကြသည်။

"ကျောင်းစောင့်ကြီးသား . . . မောင်ကုလား၊ စကားမပြီ သွားမည်"

အောင်သူ့သွားများ ညီပါသည်။ သို့သော် တမင်ထည့်၍ ဆိုကြခြင်းဖြစ်သည်။ အောင်သူစိတ်ဆိုးပြီး ကျန်ခဲ့သည်ကို ကြည့်ပြီးမှ ကျွန်တော်တို့ကိုယ့်အိမ်ကို တန်းတန်းမတ်မတ် ပြန်ကြသည်။

အောင်သူတို့ခြံထဲမှာ ရာသီအလိုက်သီးနှံများဖြစ်သော ပဲပုစွန်ပင်၊ ပဲတောင့်ရှည်ပင်၊ ပဲစောင်းလျားပင်၊ ဗူးပင်၊ ခရမ်းပင် စသည်ဖြင့် အစုံရှိပါသည်။ ပဲဒါးမောက်ကြီးတွေဆိုလျှင် ကျွန်တော်တို့ကလေးတွေလက်ဖြင့် တစ်တောင်လောက်ရှိပါ သည်။ သူတို့အိမ်သည် ကျွန်တော်တို့အတွက် ယာခင်းထဲ ရောက်နေသလို ခံစားရပါသည်။

အောင်သူသည် ကျောင်းမတက်မီ တစ်မနက်လုံး သီးပင် စားပင်များကို ရေလောင်း၊ ပေါင်းသင်၊ အသီးအရွက် ဆွတ်ခူး ရသောအလုပ် လုပ်ရသည်။ ထို့ကြောင့် သူ့မှာစာမကျက်နိုင်ပါ။ ညကျမှသာ ကျက်ရသည်။ သူသည် အတန်းထဲတွင် စာညံ့

www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ မကြာခဏလည်း စာမရ၍ ဒဏ်ပေးခံရသည်။ ကျောင်းစောင့်ကြီးသားဖြစ်သဖြင့် တစ်ကျောင်းလုံးက ဆရာဆရာမများနှင့် သိပါသည်။ သို့သော် မကြာခဏလည်း ဒဏ်ပေးခံရသည်။ ဆရာဆရာမများက သူ့ကို ကျောင်းစောင့်ကြီးသားဆိုပြီး မညှာကြပါ။ သို့သော် သူ့ကို ခင်ကြပါသည်။

စာမေးစရာရှိလျှင်လည်း ပထမဆုံး အမေးခံရသူမှာ အောင်သူသာဖြစ်ပါသည်။ မည်သည့်ဆရာဖြစ်စေ အောင်သူ့ကိုသာ အရင်ဆုံးမေးလေ့ရှိသည်။ အောင်သူက အနည်းငယ်ညဏ်လေးပါသည်။ တစ်ခါတစ်ရံမှသာ စာရတတ်သည်။ သူစာဖြေ၍ ရသွားပြန်လျှင်လည်း ချစ်စနိုးဖြင့် ဆရာဆရာမများက ကြိမ်လုံးဖြင့် ခပ်ဖွေးဖွေးတစ်ချက်တော့ ရိုက်တတ်ပါသေးသည်။

အောင်သူစာဖြေပြီဆိုလျှင် တစ်တန်းလုံးရယ်ကြရသည်။ အောင်သူစကားမပီပါ။ တဝမ်းပူနှင့်သကိုနေရာမှားနေပါသည်။ ထို့ကြောင့် သူစာဆိုသောအခါ ရယ်စရာဖြစ်နေတတ်သည်။ အားလုံးက ဝိုင်းရယ်လျှင် သူရှက်ပြီးပို၍မှားတော့သည်။

တစ်ခါတစ်ရံ အတန်းပိုင်ဆရာမက ကျောင်းသား ကျောင်းသူများအိပ်ငိုက်လျှင် အောင်သူကိုစာမေးခြင်းဖြင့် မျက်စိကျယ်လာကြစေရန် လုပ်တတ်သည်။

"မောင်အောင်သူ။ မနေ့ကကျက်ခိုင်းတဲ့စာ ပြန်ဆိုပြစမ်း"

အောင်သူခေါင်းကုတ်သည်။ သူ့ကိုရယ်ဖို့စောင့်နေသော ကျွန်တော်တို့အုပ်စုကို မျက်စောင်းထိုးကြည့်သည်။ ထို့နောက် လက်ပိုက်ကာစဆိုသည်။ စကားမပြီသံကိုအားလုံးရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"တူသို့သွေ ကျွန်သော့်ကို ဝိုင်းရယ်ကြသယ်ဆရာမ"

ဆရာမကို တိုင်မှ ပို၍ရယ်စရာဖြစ်တော့သည်။

"အေး အေး။ တူသို့ကိုဆရာမရိုက်မယ်။ အခုမင်းဆက်ဆို"

ဆရာမနောက်သဖြင့် အောင်သူပြုံးဖြီးဖြီးဖြစ်သွားသည်။ အားလုံးလည်း အူတက်မတက် ရယ်ကြရသည်။ သို့သော် အောင်သူ့ကိုစာမေးပြီးသောအခါ အရယ်လွန်သောကျွန်တော်တို့ကို စာဆက်မေးတတ်ပါသည်။ ထိုအခါ ကျွန်တော်တို့စာမရသည်က များပါသည်။

များသောအားဖြင့် အောင်သူသည် ကျောင်းလာတက်လျှင် ထမင်းစားမလာရပါ။ ကျောင်းတက်ပြီဆိုလျှင် သူ့လုပ်လက်စအလုပ်များကို ချထားကာ ရေမိုးချိုးပြီးကျောင်းလာရပါသည်။ နေ့ခင်း မုန့်စားဆင်းသောအခါမှ ထမင်းပြန်စားရပါသည်။ ဟင်းကလည်း များသောအားဖြင့် မကောင်းလှပါ။ ငါးပိရည်ကများပါသည်။ သူ့အိမ်မှာ သီးပင်စားပင်များရှိသော်လည်း ဟင်းချက်ရာတွင် မပါဝင်။ အားလုံးကိုသူ့အမေက ဈေးမှာရောင်းခဲ့ပြီးပြီ။ သို့သော် ကျွန်တော်တို့သူ့အိမ်ကိုလိုက်သွားလျှင်တော့ ရောင်းဖို့ထဲက စားစရာသီးနှံတစ်ခုခုတော့ ကျွေးတတ်ပါသည်။

သူတို့မိသားစုအားလုံး သဘောကောင်းကြပါသည်။ ကျောင်းစောင့်ကြီးဦးဘကျင်သည်လည်း ကျွန်တော်တို့ကို သူ့သားသူငယ်ချင်းမို့ သူ့သားကဲ့သို့ပင် ချစ်ခင်ပါသည်။ မရှိရှိတာကျွေးပါသည်။ အောင်သူ့အမေဆိုလျှင်လည်း တစ်မနက်လုံး ဈေးရောင်း၍ မောပန်းနေသည့်ကြားမှ ကျွန်တော်တို့ကို ခင်ခင်မင်မင်ဆက်ဆံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်သူတို့မိသားစု ခင်ခင်မင်မင်ချစ်စရာကောင်းသဖြင့် ကျွန်တော်တို့က စကြပြောင်ကြခြင်း ဖြစ်သည်။

"မင်းတို့ကလည်းကွယ်။ ငါ့သားလေးကိုပဲ နောက်နေကြတာပဲ"

"သူ့ကိုနောက်ရတာ ပျော်တယ်ဒေါ်ကြီးရဲ့။ သူက ဒေါ်တွေ ပွပြီး ကျန်ခဲ့ရော၊ ဟဲဟဲ နောက်နေ့ကျတော့လည်း အားလုံးပြန် ခေါ်သွားကြတာပဲ"

ဖိုးချိုက ပြန်ပြောသည်။

"မင်းသို့က ငါစကားမပြီဘူးဆိုပြီး အနိုင်ကျင့်သာပါကွာ။"

"အနိုင်မကျင့်ပါဘူးသွာ"

"ငါစကားမပီတာဘဲ မင်းသို့က ထိခိုက်ပြီး ပြောနေတာပဲ"

"မင်းက ပီအောင်ပြောပေါ့ကွ"

"ပြောတာပဲ။ တူ့ဘာသာမပြီသာပဲ"

"တူက ဘာကို မပီတာလဲ၊ ပလာယာကို မပီတာလား"

ဖိုးချိုနှင့် မောင်မြင့်က နောက်ကြပြန်သည်။

"စိတ်မဆိုးပါနဲ့ကွာ။ ငါတို့က မင်းကိုခင်လို့နောက်တာ"

"မင်းသို့ ငါ့ကို ကုလားလို့လည်း ခေါ်ကြသယ်"

"မင်းက မဟုတ်ဘူးလား"

"ငါ့အဖေလည်းကုလားမဟုတ်ဘူး။ အမေလည်းမဟုတ်ဘူး ငါလည်း မဟုတ်ဘူး"

"ဒါဖြင့် မင်းက ဘာလို့ အသားမည်းနေရတာလဲ"

"နဲနဲပဲမည်းသာပါသွာ။ ကုလားသွေလောက် မမည်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမဲ့ တို့နဲ့စာရင်တော့ မည်းတာပဲ"

"အတားမည်းသော့ ပသမြားခဲ"

"မင်းစကားပုံက အဆန်းပဲ။ အတားဆိုတာ ဘာလဲ။ ခြံစည်းရိုးကို ခေါ်တာလား"

"အတား အတား။ လူတားကိုပြောတာ"

"ဪ လူတားလား။ ရတုကော မပါဘူးလား"

ကျော်ဝင်းက အောင်သူ့ကို ထပ်စသည်။

"တော်ကြပါတော့ဟယ်။ နင်တို့က ငါ့သားလေးကို ဒါပဲ စ နေကြတယ်။ သွား သွား ကျောင်းသွားကြတော့။ အောင်သူ ထမင်းမြန်မြန်စား။ ပြီးရင်သွားတော့"

အောင်သူ့အမေ ဝင်ပြောမှ ကျွန်တော်တို့ လူးတား ပြဿနာ ပြီးသွားတော့သည်။

တစ်နေ့တွင်တော့ အောင်သူ့ကို ကျွန်တော်တို့ အမုန်းပွား စရာတစ်ခု ကြုံလာရသည်။

ထိုနေ့က နေ့ခင်းမုန့်စားဆင်းသောအခါ ဖိုးချို့နှင့်မောင်မြင့်က ရေသွားကူးရအောင်ဟု ဆိုပါသည်။ကျွန်တော်တို့လေးယောက် ဆရာတွေအလစ်မှာ ကျောင်းခြံစည်းရိုးကို အသာဖြဲ၍ ထွက်ခဲ့ ကြသည်။ ကျောင်းနှင့်တစ်ခေါ် လောက်ဝေးသော စမ်းချောင်း ကလေးကို သွားကြသည်။ ကျောင်းကထွက်လာစဉ်က မည်သူမျှ မမြင်ဟုထင်သော်လည်း ထိုအချိန်တွင် အောင်သူသည် သူ့အိမ် နောက်ဖေးတွင် ထမင်းထိုင်စားနေပါသည်။ သူက ကျွန်တော် တို့ကို တွေ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကလည်း သူ့ကိုတမင်ချန်ထားခဲ့သည်။ သူက လည်း လိုက်မည်မဟုတ်။ သူ့ကိုတိုင်ပင်လျှင် ဘကြီးဦးဘကျင် သိမည်။ ထိုအခါ ဆရာတွေသိမည်။ ဆရာတွေသိလျှင် သွားရတော့မည် မဟုတ်ချေ။

ကျွန်တော်တို့ စမ်းချောင်းမှာ စိတ်အေးလက်အေး ရေကူး ကြသည်။ တစ်ဆယ့်ငါးမိနစ်မျှ ကြာသောအခါ အမှတ်မထင် ကမ်းပေါ်သို့ကြည့်လိုက်ရာ ကျွန်တော်တို့ အဝတ်အစားများ မရှိတော့ပါ။

"ဟော့. . . ဒို့အပတ်တွေ ဘယ်မှာလဲ"

"ဟာ. . . ဟုတ်တယ်။ ပျောက်သွားပြီ။ လာကြဟေ့။ သွားရှာကြရအောင်"

ကျွန်တော်တို့လေးယောက် ကမန်းကတမ်းရေထဲမှ တက်လာကြရသည်။ သို့သော် ကမ်းပေါ်သို့ရောက်သောအခါ အဝတ်အစားများကိုမတွေ့ရဘဲ ကျွန်တော်တို့၏ အတန်းပိုင် ဆရာမနှင့် ဆရာဦးမြင့်နိုင်၊ ဆရာဦးလှဝင်း၊ ဆရာဦးတင်ဦးနှင့် ဘကြီးဦးဘကျင်ကိုသာ တွေ့ရပါသည်။ ဘကြီးဦးဘကျင်သည် မျက်နှာမကောင်းလှဘဲ ကျွန်တော်တို့အဝတ်အစားများကို ပိုက်ထားကာ လွယ်အိတ်များကို လွယ်ထားပါသည်။

ဆရာမနှင့် ဆရာများ၏ လက်ထဲတွင်မူ နှစ်ပင်လိမ်ကြိမ်လုံး များ ကိုယ်စီဖြင့်။

ကျွန်တော်တို့ ကြောက်လွန်း၍ ဘယ်သို့ပြေးရမည်ကိုပင် မစဉ်းစားနိုင်ကြတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့စမ်း။ လေးယောက်စလုံး။ နင်တို့ကို ဒီမှာမရိုက်ဘူး။ ကျောင်းရောက်မှရိုက်မယ်။ ကိုဘကျင် သူတို့ကို အဝတ်တွေ ပေးလိုက်"

ဆရာဦးမြင့်နိုင်သည် အထက်တန်းကျောင်းသားများကို သင်သောဆရာဖြစ်ပါသည်။ ဆရာက ပြောသောကြောင့် ဘကြီးဦးဘကျင်ကအဝတ်များပြန်ပေးပါသည်။ ထို့နောက်တစ်လမ်းလုံး ဆရာမ၏ အဆူအပူကိုခံရင်း ကျောင်းသို့ပြန်ခဲ့ရပါသည်။

ကျောင်းရောက်သောအခါ ပဥ္စမတန်းမှ ကျောင်းသားအားလုံးကို ကျောင်းရှေ့မြက်ခင်းတွင် စုဝေးစေပါသည်။ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသားများက အပေါ်ထပ်စာသင်ခန်းများမှ ကြည့်နေပါသည်။ ကျောင်းသားများရှေ့တွင် ကျွန်တော်တို့လေးယောက် ရပ်နေရပါသည်။

"မင်းတို့ သိပ်ရေကူးနေချင်ကြသလား"

ကျွန်တော်တို့ ပြန်မဖြေရဲပါ။ ဆရာဦးလှဝင်းက ကြိမ်ကို ဝင့်လိုက်သည်။

"ကျောင်းချိန်မှာ ကျောင်းပြေးပြီး ရေသွားကူးတဲ့အပြစ်ကို ဘယ်လိုဆုံးမသလဲဆိုတာ ကျောင်းသားတွေသိရအောင် ခေါ်ထားတာပဲ။ အဲဒီတော့ မင်းတို့လေးယောက်အရိုက်ခံမလား မြေကြီးမှာ ရေကူးမလား"

မြေကြီးမှာ ရေကူးရလျှင် မသက်သာပါ။ ဘယ်အချိန်အထိ ရပ်နိုင်းမည်မသိ။ အရိုက်ခံရတာကမှ ရိုက်ပြီးလျှင်ပြီးသွားနိုင်ပါသည်။

"အရိုက်ခံပါမယ်. . . ဆရာ"

www.burmeseclassic.com

www.burmeseclassic.com


မောင်မြင့် ပထမဆုံး အရိုက်ခံရသည်။ ဆရာဦးလှဝင်း နှစ်လုံးပူးကြိမ်လုံးဖြင့် ငါးချက်ရိုက်ပါသည်။ မောင်မြင့် ခွေကျသွားသည်။

"ရေထဲမှာ ဒုက္ခရောက်လို့သေမှာထက် ဒီကြိမ်ဒဏ်ငါးချက်က ချိုမြိန်ပါတယ်ကွာ"

ဆရာကပြောသည်။ ထို့နောက် လှမြင့်ဟူ၍ ခေါ်သံကြားရသည်။ ကျွန်တော့်တစ်ကိုယ်လုံး တုန်သွားသည်။ တစ်ချက်၊ နှစ်ချက်၊ သုံးချက်။ အလွန်နာလာသည်။ လေးချက်။ ငါးချက်။ ကျွန်တော် မထနိုင်တော့ပါ။ ရပ်ကြည့်နေသော ကျောင်းသားများ အသံမထွက်ပါ။ ကျွန်တော့်တစ်ကိုယ်လုံးမှာ မီးလောင်နေသလား အောက်မေ့ရသည်။ ဆရာသည် ရိုက်ပြီး လှည့်ထွက်သွားပါသည်။

ကျော်ဝင်းကို ဆရာဦးတင်ဦးရိုက်သည်။ ဖိုးချိုကို ဆရာဦးရွှေ ရိုက်သည်။ ပြီးမှ ဆရာလေးယောက်စလုံး အားလုံးရှေ့ ရောက်လာသည်။ ကျွန်တော်တို့မှာ နေရာမှ မထနိုင်သေးပါ။ အရိုက်ခံရသောဒဏ်ရာမှ အရှိုးများချက်ချင်းဖြစ်လာပြီး အချို့ နေရာများမှ သွေးများစို့လာသည်။ နာလွန်း၍ အံကြိတ်ပြီး တင်းထားသော်လည်း မျက်ရည်များ ကျလာပါသည်။

ဆရာလေးယောက်တို့၏ မျက်လုံးများမှာလည်း မျက်ရည်များဖြင့် စိုစွတ်နေသည်။ အားလုံးကို ဝေ့ကြည့်လိုက်ပြီးမှ ဆရာဦးမြင့်နိုင်က ပြောသည်။

"ဒီကျောင်းသားလေးယောက် ကျောင်းကနေထွက်သွားတော့ ကိုဘကျင်သား အောင်သူက ထမင်းစားရင်းတွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com


တယ်။ ဒါကြောင့်-ဆရာတို့ကိုလာအသိပေးတယ် သူတို့သွားခဲ့တဲ့ ချောင်းဟာ အရင်လက လူတစ်ယောက်ရေနစ်ပြီး သေဆုံးခဲ့ဖူးပြီ။ တစ်ကယ်လို့ ရေထဲမှာ တစ်ခုခုဖြစ်ရင် သူတို့ကို ဘယ်သူမှ ကယ်နိုင်တော့မှာမဟုတ်ဘူး။ သူတို့ချင်းရော ကယ်နိုင်မလား။ တကယ်တော့ ဒီကိစ္စဟာ သိပ်ရင်လေးစရာ ကောင်းပါတယ်"

"ဒီကျောင်းသားလေးယောက်ကို ငါးချက်စီ ဆရာကို ရိုက်ပါတယ်။ အရွယ်နဲ့စာရင် ဒဏ်ရာကများနေပါတယ်။ ဒါပေမဲ့ ဆရာပြောခဲ့သလို ဒီကြိမ်ဒဏ်ငါးချက်က ချိုမြိန်ပါတယ်။ သူတို့ကို တစ်ချက်ရိုက်ရင် ဆရာတို့ရင်ထဲမှာ သူတို့ခံစားရသလောက် နာကျင်တယ်ဆိုတာကိုတော့ တပည့်တို့ ယုံစေချင်တယ်။ ဆရာတို့ကတော့ ဒီအတိုင်း ခံစားရတယ်"

ဆရာ့အသံများ တုန်ခါလာသည်။

"ဒီတော့ အားလုံးမှတ်ထားပါ။ နောက်ကို ကျောင်းချိန်မှာ ရေခိုးကူးရင်၊ ကျောင်းပြေးရင် အခုလိုပဲခံရမယ်ဆိုတာပဲ၊ ကဲ အားလုံး ကိုယ့်အခန်း ကိုယ်ပြန်နိုင်ပါပြီ"

အားလုံးပြန်ကြသည်။ သို့သော် ကျွန်တော်တို့ နေရာမှ မထနိုင်ပါ။ ဆရာ ဦးမြင့်နိုင်က ကျွန်တော်တို့ကို ဆေးခန်းလိုက်ပို့ပါသည်။ ထို့နောက် အိမ်သို့ပြန်စေပါသည်။

သို့သော် ကျွန်တော်တို့အားလုံး၏ရင်ထဲတွင် ဆရာများကို သွားတိုင်သော အောင်သူ့ကို တူးတူးခါးခါး မုန်းသွားကြပါပြီ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက် ကျွန်တော်တို့ ကျောင်းပြန်တက်ကြသော်လည်း အောင်သူ ကျောင်းမတက်ပါ။ ကျွန်တော်တို့ကို သူ မျက်နှာချင်းဆိုင်ရမှာကို ဝန်လေးနေဟန်တူပါသည်။ ကျွန်တော်တို့ကလည်း သူ့ကိုမခေါ်ဘူးဟု ဆုံးဖြတ်ထားကြသည်။ နောက်တစ်ရက်ခြားမှ အောင်သူ ကျောင်းတက်ပါသည်။

"ဟေ့ကောင်တွေ. . . မင်းတို့ ငါ့ကို စိတ်ဆိုးနေကြတလား"

သူ မျက်နှာငယ်ကလေးဖြင့် ကျွန်တော်တို့ကို လိုက်ချော့ပါသည်။ တိုင်ပင်ထားကြသည့်အလား သူ့ကို ကျွန်တော်တို့ စကားမပြောပါ။

ကျောင်းဆင်းသောအခါ ကျွန်တော်တို့အားလုံးစု၍ တိုင်ပင်ကြသည်။

"ဟေ့ကောင်တွေ. . . အောင်သူဆိုတဲ့ကောင် တို့ကို ဒုက္ခပေးတာ သူ့ကိုလည်း ဒုက္ခပြန်ပေးကြရအောင်"

"အေး ကောင်းတယ်. . . ဒါပေမဲ့ ဘယ်လိုလုပ်မှာလဲ"

ဖိုးချိုက အကြံပေးသည်။

"တို့ ညကျရင် ကျောင်းဝင်းထဲဝင်ပြီး သူတို့ရဲ့စိုက်ခင်းတွေကို ဖျက်ကြရအောင်။ ဒါမှ သူတို့ ဒုက္ခရောက်ကြမှာ"

အားလုံး သဘောတူကြသည်။ ညရောက်သောအခါ မားအတိုက်ကိုယ်စီဖြင့် ကျွန်တော်တို့ ကျောင်းနားသို့ ရောက်လာကြပါသည်။ ကျောင်းခြံစည်းရိုးကို အသာဖြဲ၍ ဝင်ကြသည်။ အောင်သူတို့ မွေးထားသော ခွေးကြီးမှာ ကျွန်တော်တို့ကို သိနေပြီဖြစ်၍ မဟောင်ပါ။ အမြီးတစ်နှံ့နှံ့ဖြင့် ကြည့်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမဆုံး အောင်သူတို့ ဘူးစင်သို့သွားကာ ဘူးပင်များကို အရင်းမှဖြတ်လိုက်ကြသည်။ ခရမ်းပင်များကို ဆွဲနုတ်ကြသည်။ နောက် ချဉ်ပေါင်ခင်းကိုဝင်၍ အပင်များ ဆွဲနုတ်ပစ်လိုက်ကြသည်။ စိတ်ရှိလက်ရှိ ဖျက်ဆီးလိုက်ကြသည်။ ထို့နောက်မှာ အိမ်ပြန်ကြသည်။

နောက်တစ်နေ့ ကျောင်းရောက်သောအခါ အောင်သူ့ကို မသိမသာ အကဲခတ်ကြရာ ဘာမျှမထူးခြားပါ။ ထို့ကြောင့် ကျောင်းဆင်းသောအခါ သူတို့အိမ်ဘက်က မသိမသာ အကဲခတ်ရင်း သွားကြပါသည်။ ဘူးပင်ကြီးများ ညှိုးနေပါသည်။ ခရမ်းပင်ခင်း နေရာမှာဘာမျှမရှိတော့ဘဲ အသစ်စိုက်ရန်မြေပြင်ထားသည်ကို တွေ့ရသည်။ ချဉ်ပေါင်ပင်များက အပင် ကျိုးတိုးကျဲတဲ။

နောက်တစ်နေ့တွင် အောင်သူ့အမူအယာ ထူးခြားခြင်းမရှိသောကြောင့် နောက်ထပ်ဖျက်ဆီးရန် တိုင်ပင်ကြသည်။

ထိုညက ကျွန်တော်တို့အားလုံး အောင်သူတို့ခြံထဲရောက်လာသောအခါ ညရှစ်နာရီခန့် ရှိပါပြီ။ သစ်ပင်ကြီးတွေကြောင့် အရိပ်ကျ နေသဖြင့် မည်သူမျှ မမြင်နိုင်ပါ။ ထို့ကြောင့် ကျိုးတိုးကျဲတဲ ချဉ်ပေါင်ခင်းကို အပြီးရှင်းပစ်လိုက်သည်။ ကန်စွန်းခင်းကိုလည်း ဝင်၍ ဖျက်ကြသည်။ ထို့အပြင် အောင်သူ အရိပ်တကြည့်ကြည့် စိုက်ထားသော နေကြာပန်းပင်ကြီးနှစ်ပင်ကိုလည်း နုတ်ပြီး အပိုင်းပိုင်း ဖြတ်ပစ်လိုက်ကြသည်။ ထို့နောက်မှ ကျွန်တော်တို့ လေးဦးသား သူတို့ခြံထဲမှထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းခြံစည်းရိုးကို ဖြတ်၍ ထွက်စဉ် အော်သံတစ်ခုကြားလိုက်ရသည်။

"ပြန်သွားပြီ အဖေရေ"

ကျွန်တော်တို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိကြသည်။ အောင်သူသည် သူ့အဖေကို လှမ်း၍ ပြောလိုက်ခြင်းဖြစ်သည်။ သူကျွန်တော်တို့ကို ကြည့်နေလေခဲ့သလား။

လူမိမည်စိုးသောကြောင့် နောက်ညများ အောင်သူတို့ ခြံဘက်မသွားတော့ပါ။ သို့သော် အတန်းထဲတွင်မူ အောင်သူ့ပုံစံက ထူးခြားမှုမရှိ။ ကျွန်တော်တို့ကလည်း သူ့ကိုမခေါ်တော့ပါ။

အချိန်တို့ တဖြည်းဖြည်း ကုန်သွားပါပြီ။ ပဥ္စမတန်း အတန်းတင်စာမေးပွဲပင် ဖြေဆို၍ ပြီးခဲ့ပြီ။

အရင်က အလွန်ခင်မင်ခဲ့ကြသော အောင်သူနှင့် ကျွန်တော်တို့ မခေါ်ကြသေးပေ။ ကျောင်းများပိတ်သွားပြီဖြစ်၍ သူနှင့်ပို၍ဝေးသွားကြသည်။ အောင်သူနှင့် မတွေ့သော်လည်း သူ့အမေနှင့်တော့ တွေ့ပါသည်။ အောင်သူ့အမေကို ဈေးထဲမှာ တစ်ခါတစ်ရံ တွေ့ရပြီး အရပ်ထဲ ဈေးလိုက်ရောင်းလျှင်လည်း တွေ့ရပါသည်။ မိဘများနှင့် စကားပြောသော်လည်း ကျွန်တော်တို့လေးယောက်ကတော့ ရှောင်နေကြပါသည်။

သကြံန်အပြီးတွင် စာမေးပွဲအောင်စာရင်းတွေ ထွက်ပါသည်။ ကျွန်တော်တို့ လေးယောက်အောင်ပါသည်။ ထို့အတူ အောင်သူလည်း အောင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


စာမေးပွဲအောင်သဖြင့် အထက်မြန်မာပြည် ဘုရားဖူးခရီးကို လိုက်ခွင့်ရပါသည်။ ကျွန်တော်တို့ လေးယောက်စလုံး လိုက်ကြရသည်။

လမ်းခရီးတွင် မျောက်ရှုံးအောင်ဆော့လေ့ရှိသော ကျွန်တော်တို့ ငြိမ်နေပါသည်။ ခရီးသွားရသဖြင့် လမ်းတွင် အသွင်သစ် အမြင်ဆန်းများနှင့် ကြုံသော်လည်း စိတ်ကမပျော်ပါ။ စိတ်ထဲတွင် တစ်စုံတစ်ခုဖြစ်နေပါသည်။ ဘာကြောင့်မှန်းတော့မသိ။ သို့သော် တစ်ခုရှိသည်။ ကျွန်တော်တို့ အားလုံးအောင်သူ့ကို သတိရနေကြပါသည်။ အရင်လို ချစ်ချစ်ခင်ခင်ဆိုလျှင် ယခု ခရီးတွင် အောင်သူပါလာပါလိမ့်မည်။

အပြန်ခရီးတွင် ဘုရားဖူးလက်ဆောင်များ ဝယ်ကြသည်။

"အောင်သူ့ကို သတိရတယ်ကွာ"

ကျော်ဝင်းက ထုတ်ပြောလာသည်။

"အေးကွာ။ ငါလည်းသိပ်သတိရတာပဲ။ တို့တွေ အရင်လို ခင်ခင်မင်မင်နဲ့ဆို ကောင်းမှာကွာ"

ဖိုးချိုက ဝင်ပြောသည်။

"ငါတို့ပြန်ရောက်ရင် အရင်အတိုင်း ပြန်ခေါ်ကြရအောင်"

ကျွန်တော့်စကားကို အားလုံး သဘောတူကြသည်။ ကျွန်တော်တို့ပြန်ရောက်လျှင် လက်ဆောင်များနှင့် အောင်သူ့ အိမ်သို့ သွားမည်။ ထိုအခါ အောင်သူ အလွန်ဝမ်းသာသွားပေ လိမ့်မည်။ ကျွန်တော်တို့ အရင်လို သူ့အိမ်မှာ ဝင်ထွက်မည်။ ကျွန်တော်တို့ဖျက်ဆီးခဲ့သော ကိစ္စများအတွက် တောင်းပန်မည်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ အောင်သူ့အလုပ်ကို အကြွေးဆပ်သည့်အနေဖြင့် ဝိုင်းကူလုပ်ကြမည်။

စိတ်ကူးဖြင့် ကျွန်တော်တို့လေးယောက် ပျော်နေကြသည်။

ဘုရားဖူးမှ ပြန်လာသော ညနေက ကျွန်တော်တို့ အားလုံး ခရီးကပန်း၊ နွမ်းလည်းနွမ်းသဖြင့် အောင်သူ့ဆီ မသွားဖြစ်သေးပါ။ နောက်နေ့ရောက်မှ သွားမည်ဟု တိုင်ပင်ထားကြသည်။ ကိုယ့်အိမ်ကို ပြန်ရောက်သည့်အတွက် အိမ်ထမင်း အိမ်ဟင်းနှင့် ဝေးနေရာမှ အတိုးချ စားသည်။ ကျွန်တော်ကတော့ အိမ်မှာ အမေက ဘူးသီးနုနုကို ကြက်သားဖြင့် ကာလသားချက် ချက်ထားသဖြင့် အားပါးတရ စားမိသည်။

"ဟင်းက အရမ်းကောင်းတာပဲ အမေရာ။ ဘူးသီးကလေးက အရမ်းချိုတာပဲ။ ကြက်သားနဲ့ဆိုတော့ သိပ်လိုက်တာပဲ"

"အဲဒါ မင်းသူငယ်ချင်း အောင်သူ လာပေးထားတာလေ။ မနေ့က ကတည်းက ပေးထားတာ။ အခုသား ပြန်ရောက်တဲ့နေ့မှ ချက်တာ။ အရင်နေ့က ချက်ရင် ဒီထက်တောင် ကောင်းဦးမှာ။ ခများလေးသနားပါတယ်။ အိမ်ကို ဘူးသီးလာပို့တော့ သားတို့များ အိမ်မှာ ရှိမလားလို့။ ရှိရင် သူ့ကိုမခေါ်ဘဲ မောင်းထုတ်မှာလားလို့ စိုးရိမ်နေတာ။ သူ့ကို သားတို့ပြန်ခေါ်လိုက်ကြပါကွယ်"

"ဟုတ်ကဲ့။ သားတို့ သူ့ကိုပြန်ခေါ်ကြမှာပါ။ မနက်ဖြန် ကျရင် သူ့ဆီသွားကြမယ်လို့ တိုင်ပင်ထားကြပါတယ်"

"အေး။ အဓိက အပြစ်က သားတို့လုပ်တာပဲ။ တကယ်လို့ သူသာ ဆရာတွေကို သွားမပြောခဲ့ရင်၊ သားတို့သာ ရေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


တစ်ခုခု ဖြစ်ကြည့်ပါလား။ ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး။ ဒါမျိုးမှ သူငယ်ချင်းကောင်း ခေါ်တယ်ကွယ့် သားရဲ့"

"ဟုတ်ကဲ့၊ သားသဘောပေါက်ပါပြီ"

ကျွန်တော်အဖေ့ကို ပြန်ပြောလိုက်ရသည်။ ကျွန်တော်တို့ အောင်သူ့စေတနာကို သိခဲ့ပြီးပါပြီ။ စေတနာတွင်မက သူ့ သည်းခံစိတ်ကိုပါ သိခဲ့ပြီးပါပြီ။

ဘုရားဖူးလက်ဆောင်များနှင့် ကျွန်တော်တို့ အောင်သူ့အိမ် ဘက်ထွက်လာခဲ့ကြသည်။ ညစာစားခဲ့ကြစဉ်က အောင်သူ ပို့ထားသော ဘူးသီးအကြောင်းကို လမ်းမှာ ပြောလာကြသည်။

ကျောင်းမဖွင့်သေးသဖြင့် ကျောင်းတံခါးကို ဖွင့်မထားပါ။ ကျွန်တော်တို့ ဝင်နေကျ ခြံစည်းရိုးက ဖြဲ၍ ဝင်ကြသည်။ သို့သော် ခြံစည်းရိုးသည်လည်း အသစ်ပြန်ခတ်ထားသဖြင့် ဝင်၍မရပါ။ အောင်သူတို့ခြံထဲမှာတော့ ယာခင်းထဲတွင် အလုပ်လုပ်နေသော ဘကြီး ဦးဘကျင်ကို ကျောပေးလျက် တွေ့ရသည်။

"ဘကြီးရေ. . . ဘကြီး"

ကျွန်တော့်ခေါ်သံကြောင့် ဘကြီး ဦးဘကျင် အလုပ်ကို ချထားပြီး လှည့်ကြည့်သည်။ သို့သော် ဘကြီး ဦးဘကျင် မဟုတ်ပါ။

"ဟာ. . . ဘကြီးလည်း မဟုတ်ဘူး"

ထိုဘကြီးက ကျွန်တော်တို့ရှိရာ သံဆူးကြိုးနား လျှောက်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူတို့က ဘာကိစ္စလဲကွယ့်"

"ကျွန်တော်တို့က အောင်သူ့ဆီလာတာပါ။ သူမရှိဘူးလား ဟင်။ ဘကြီး ဦးဘကျင်ရော"

မောင်မြင့်က ဝင်မေးသည်။

"ဩော် တူတို့က ကိုဘကျင်သား အောင်သူ့ကို ပြောတာ လား"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ သူနဲ့ တွေ့ချင်လို့"

"သူတို့ မရှိတော့ဘူးကွယ့်။ သူတို့ ပြောင်းသွားကြပြီ။ ကိုဘကျင်လည်း အလုပ်ထွက်သွားပြီ။ ဒါကြောင့် အခု ဘကြီး သူ့နေရာဝင်လုပ်နေရတာပေါ့"

"ဗျာ"

ကျွန်တော်တို့ ဘာပြောရမှန်း မသိတော့ပါ။

"ဘယ်ကို ပြောင်းသွားတာလဲဟင် . . . ဘကြီး"

ဖိုးချိုက ကမန်းကတန်း ဝင်မေးသည်။

"ဘကြီးကိုတော့ ကိုဘကျင်က သူ့ဇာတိကို ပြန်မယ်ပြော တာပဲ။ ကောင်လေးလည်း အဲဒီမှာပဲ ကျောင်းဆက်ထားတော့ မယ်လို့ပြောတယ်။ အဲ . . . နေဦး အဘဆီမှာ အဲဒီကောင်လေး ပေးထားတဲ့ အထုပ်တစ်ထုပ်ရှိတယ်။ သားတို့ တကယ်လို့ လာခဲ့ရင် ပေးဖို့မှာထားလို့"

ဘကြီးက သူ့အိမ်ပေါ်ကို တက်သွားသည်။ ကျွန်တော်တို့ လေးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားမပြောနိုင်ကြချေ။ ခဏကြာသောအခါ ဘကြီးက စက္ကူ ဘူးကလေးတစ်ခု ကိုင်ရင်းပြန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ . . . ဒါဟိုကောင်လေး ပေးခဲ့တာ"

ကျော်ဝင်းက ဘူးကလေးကို ပတ်ထားသော စက္ကူများကို တုန်ရင်နေသော လက်များဖြင့် ဖွင့်လိုက်သည်။

ဘူးကလေးထဲတွင် နေကြာပွင့်ခြောက်အစအန ကလေးများနှင့် ခေါက်ထားသော စာတစ်စောင်ကို တွေ့ရပါသည်။ ထိုကြောင့် ကျွန်တော်က လေးယောက်စလုံးကြားအောင် ဖတ်ပြလိုက်သည်။

လှမြင့်၊ ကျော်ဝင်း၊ ဖိုးချို့နဲ့ မောင်မြင့်

ငါစေတနာနဲ့ မင်းတို့ ရေသွားကူးတာကို တိုင်မိတာ ခွင့်လွှတ်ပါကွာ။

အဲဒီနေ့က တိုင်မိလို့ မင်းတို့ တစ်ယောက်ကို ငါးချက်စီ အရိုက်ခံရသလို ငါ့ကိုလည်း အဖေက မင်းတို့အရိုက်ခံရအောင် လုပ်လို့ ဆိုပြီးရိုက်ပါတယ်။ မင်းတို့ကမှ ငါးချက်စီပဲ အရိုက်ခံရတာပါ။ အဖေ ငါ့ကိုရိုက်တာ ဘယ်နှစ်ချက်မှန်းတောင် မသိပါဘူး။ အမေဝင်ဆွဲမှ ပြီးပါတယ်။ အရိုက်ခံရတဲ့ ဒဏ်ရတွေကြောင့် နောက်တစ်နေ့ ကျောင်းတောင်မတက်နိုင်ပါဘူး။ ဒါကြောင့် ငါမင်းတို့ကို တောင်းပန်ပါရစေ။ ငါ့ကို ကျေနပ်ကြပါလို့။ အဖေရိုက်လို့ နာတဲ့ဒဏ်ကို ငါခံနိုင်ပါတယ်။ ဒါပေမဲ့ မင်းတို့ငါ့ကို အခေါ်ဘဲနေတာကိုတော့ ငါမခံနိုင်ဆုံးဘဲ။ ဒါကြောင့် မင်းတို့ စိတ်ကျေနပ်ပါတော့လို့ ငါစိုက်ထားတဲ့ အပင်အလေးတွေကို မင်းတို့ လာဖျက်ကြတုန်းက ငါကြည့်နေလိုက်ပါတယ်။ မင်းတို့လာတဲ့ နှစ်ခါစလုံး ငါမြင်ပါတယ်။ ငါစိုက်ထားတဲ့ နေကြာပင်ကလေးတွေကို မင်းတို့နုတ်ပစ်လိုက်ကြတုန်းက အမှောင်ထဲမှာ ငါငိုနေတာ မင်းတို့တွေ့ကြမှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ငါဒီမှာ ဆက်နေရင် မင်းတို့ငါ့ကို မြင်တိုင်း စိတ်ဆိုးနေကြရမှာစိုးလို့ ငါတို့တစ်အိမ်သားလုံး ဒီကနေပြောင်းဖို့ ဆုံးဖြတ်လိုက်ကြတယ်။

တို့ မပြောင်းခင် မင်းတို့ လေးယောက်အိမ်တွေကို တို့ခြံက နောက်ဆုံးထွက်တဲ့ ဘူးသီးလေးလုံးကို ပို့ထားခဲ့ပါတယ်။ အဲဒါ မင်းတို့ဖြတ်တုန်းကကျန်ခဲ့တဲ့ အပင်ကသီးတာပေါ့။ ဒီစာနဲ့အတူ ငါအနှစ်သက်ဆုံး နေကြာပင်ကလေးက ပွင့်ချပ်ကလေးတွေကိုပါ လက်ဆောင်အဖြစ် ပေးလိုက်ပါတယ်။

မင်းတို့ကို အမြဲခင်နေမယ့်
အောင်သူ(မောင်ကုလား)

စာဆုံးသောအခါ ကျွန်တော်တို့ လေးယောက်စလုံး မထိန်းချုပ်နိုင်ဘဲ ငိုမိကြပါသည်။

အိမ်သို့ပြန်လာသော လမ်းတစ်လျှောက်တွင် နောင်တများကိုယ်စီဖြင့် ကျွန်တော်တို့ ပြန်လာခဲ့ကြပါသည်။ ဘယ်တော့မှ မတွေ့နိုင်တော့ပါဘူးဆိုမှ ကျွန်တော့်မျက်လုံးထဲတွင် အောင်သူ၏ သည်းခံခွင့်လွှတ်တတ်သော မျက်နှာကလေးကို တရေးရေး မြင်ယောင်လာပါသည်။ ယခင်အခါများက အောင်သူ့ကို မောင်ကုလားဟူ၍ စခဲ့နောက်ခဲ့ကြပုံများလည်း ပြန်သတိရလာသည်။ အောင်သူ့အသံကလေးကိုလည်း ကြားယောင်လာသည်။ ယခု အောင်သူတို့ ဘယ်သို့ပြောင်းသွားမှန်းလည်း မသိ။ ထို့ကြောင့် စာထည့်ရန် လိပ်စာလည်း မရှိပါ။ တစ်ချိန်က ကျွန်တော်တို့ အလွန်ချစ်ခင်ခဲ့ရသော သူငယ်ချင်း အောင်သူနှင့် ဘယ်သောအခါမှ ပြန်ဆုံရမှာပါလိမ့်။ ။

www.burmeseclassic.com

www.burmeseclassic.com

ပ၊စ၊လ/ ၉၆၇/၂၀၀၁/ စာပေ (စာတည်း)/အုပ်ရေ၂၀၀၀+၅၀+၁၅ အုပ် စာ

www.burmeseclassic.com